# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁၀ ရက်၊ သောကြာနေ့။ Friday 8 June 2018 ၉၃၁၁


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)


စီးပွားရေးအခွင့်အလမ်း ပိုမိုခိုင်မာ

စာမျက်နှာ - ၂

အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြ

စာမျက်နှာ - ၃

ဒုဋ္ဌဝတီမြစ်ဝှမ်းတစ်လျှောက် အန္တရာယ်ဖြစ်နိုင်ဖွယ် မြစ်ရေမြင့်တက်နိုင်ခြင်းကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်အနေအထား ပြင်ဆင်

စာမျက်နှာ - ၁၆


# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အငှမပုံမှန်အစည်းအဝေး အငှမနေ့ ကျင်းပ



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

**နေပြည်တော် ဇွန် ၇**

၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ပြန်လည်ရှင်းလင်းဆွေးနွေးချက်များကို ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

**ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဆွေးနွေး**

အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

# သာကေတတံတားသစ်(ဒေါပုံတံတား)ပေါ်မှ ဇွန် ၁၀ ရက်တွင် ယာဉ်များ ယာယီဖြတ်သန်းသွားလာခွင့်ပြုမည်



ဒေါပုံတံတားသစ်တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

**ရန်ကုန် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ပုဇွန်တောင်ချောင်းကို ဖြတ်သန်းကာ တည်ဆောက်နေသော ဂျပန်နည်းပညာသုံး ဒေါပုံတံတား တည်ဆောက်နေမှုမှာ ယခုအခါ ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ဒေါပုံတံတားသစ်အပါအဝင် မီးရထားလမ်းခုံးကျော်တံတားနှင့် ကားလမ်းခုံးကျော်တံတားပေါ်၌ ဇွန် ၁၀ ရက် နံနက် ၇ နာရီတွင် ယာဉ်များကို ယာယီဖြတ်သန်းသွားလာခွင့်ပြုတော့မည်ဖြစ်သည်။

အဆိုပါ ဒေါပုံတံတားမှာ ရန်ကုန်မြို့နှင့် နောင်ဖြစ်ပေါ်လာမည့် ဆိပ်ကမ်းဒေသဖြစ်သော သီလဝါစက်မှုဇုန်နေရာတို့ကို ဆက်စပ်ပေးမည့်လမ်းမပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ဂျပန်ယန်းငွေ ၄၂၁၆ သန်း အကုန်အကျခံကာ ဂျပန်နိုင်ငံ၏ ထောက်ပံ့ငွေဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ တံတားသစ်ကြီးတည်ဆောက်ရေးလုပ်ငန်းပိုင်း၌ ဂျပန်နိုင်ငံမှ အင်ဂျင်နီယာများအပြင် မြန်မာအင်ဂျင်နီယာများ၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့မှ အင်ဂျင်နီယာများပါဝင်ပြီး လုပ်သားအင်အား အမြောက်အမြားဖြင့် နာရီပေါင်းရှစ်သိန်းကျော်ကြာ နေ့၊ ည ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တံတားကြီး၏အရှည်မှာ ပေ ၈၃၀ (၂၅၃ မီတာ)ရှိပြီး ၂၁ ဒသမ ၅ မီတာကျယ်ကာ ကြိုးတင်အားဖြည့် သံကူကွန်ကရစ်ကြိုးဆိုင်းတံတားအမျိုးအစားဖြစ်သည်။ လေးလမ်းသွားဖြစ်ပြီး

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪**




## ကြေးမုံ

# စီးပွားရေးအခွင့်အလမ်း ပိုမိုခိုင်မာ

ဒုတိယအကြိမ်မြောက် မြန်မာ-အီးယူစီးပွားရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက်က နေပြည်တော်တွင် ကျင်းပခဲ့သည်။ အခမ်းအနားသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်ပြီး မိန့်ခွန်းပြောကြားခဲ့ရာ မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးတိုးတက်မှုအခြေအနေများကို သိရှိလိုက်ရသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၆ ဒသမ ၈ ရာခိုင်နှုန်းရှိသဖြင့် တစ်ရာခိုင်နှုန်းနီးပါး တိုးတက်လာခဲ့သည်။ ယင်းသို့ တိုးတက်လာခြင်းသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေ ဆက်လက်ကောင်းမွန်လာခြင်းနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်း ပိုမိုခိုင်မာလာခြင်း၊ ပို့ကုန်တိုးတက်လာခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ စွမ်းဆောင်နိုင်မှု ပိုမိုအားကောင်းလာခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။

မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်း ဖန်တီးနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲမှုများ တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်နှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံနှင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရန်နှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများဖြစ်လာစေရန် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ် တည်ဆောက်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများစွာတို့ကို ဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

ထို့အပြင် မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ ၂၀၁၇ ခုနှစ်တွင် ၁၈ ရာခိုင်နှုန်းတိုးတက်လာခဲ့ပြီး ဧည့်သည် ၃ ဒသမ ၄ သန်း ရှိခဲ့သည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အခြေအနေကောင်းများ ရှိလာသောကြောင့် ဝယ်လိုအားမြင့်မားလာခြင်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသည်။ ထို့ကြောင့် လာမည့်နှစ်များတွင် မြန်မာနိုင်ငံ၏ GDP ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ခုနစ်ရာခိုင်နှုန်းကျော်အထိ ရှိလာမည်ဟု မျှော်မှန်းထားသည်။

မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံသူများတွင် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအချို့လည်းပါဝင်ပြီး ထိုနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းသည် ၂၀၁၈ ခုနှစ် ဧပြီလကုန်အထိ အမေရိကန်ဒေါ်လာ ၆ ဒသမ ၆ ဘီလီယံခန့်ရှိသည်။ မြန်မာနိုင်ငံရှိ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် မြန်မာနိုင်ငံ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှု စုစုပေါင်းတန်ဖိုး၏ ၈ ဒသမ ၆၈ ရာခိုင်နှုန်းခန့်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ မြန်မာနိုင်ငံတွင် ဖွဲ့စည်းထူထောင်လည်ပတ်နေသည့် ဥရောပသမဂ္ဂကုမ္ပဏီများမှာ စုစုပေါင်း ၃၀၀ ကျော်နေပြီဖြစ်သည်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်သည် လာမည့်ဩဂုတ်လ ၁ ရက်နေ့တွင် စတင်အသက်ဝင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လက်တွေ့ကျပြီး အခြေအနေဖန်တီးခွင့်ရှိသည့် လမ်းကြောင်းများကို ယခုကဲ့သို့ ခင်းကျင်းပေးထားပြီဖြစ်၍ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံကြမည့် စီးပွားရေးလုပ်ငန်းအားလုံးမှာ ပိုမိုကောင်းမွန်သည့် အခြေအနေများနှင့်အတူ ပိုမိုခိုင်မာထိရောက်လာမည်ဟု အပြည့်အဝယုံကြည်ထားပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းတွင် အသုံးပြုမည့်ပစ္စည်းများ ဝယ်ယူခြင်းစာချုပ်နှင့် အကြံပေးဝန်ဆောင်မှုစာချုပ်များ လက်မှတ်ရေးထိုး




**နေပြည်တော် ဇွန် ၇**

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းတွင် အသုံးပြုမည့် ပစ္စည်းများ ဝယ်ယူရန် တင်ဒါအောင်မြင်သော ကုမ္ပဏီများနှင့် ပစ္စည်းဝယ်ယူရေးစာချုပ်၊ အကြံပေးဝန်ဆောင်မှုစာချုပ်များ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ နေရာဒေသအားလုံး လျှပ်စစ်ဓာတ်အားရရှိရန် ရည်မှန်းချက်ဖြင့် National Electrification Plan (NEP) ကို ပြုစုရေးဆွဲ ဆောင်ရွက်လျက်ရှိရာ စီမံချက်ပါအတိုင်း လျှပ်စစ်မီးမရရှိသေးသည့် ဒေသများကို လျှပ်စစ်ဓာတ်အား ဆက်သွယ်ပေးရန် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာ၊ ထရန်စဖော်မာခွဲရုံများ တည်ဆောက်ရန် အမေရိကန် ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံခန့် လိုအပ်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ NEP ကို လက်တွေ့ အကောင်အထည်ဖော်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လိုအပ်သည့် Medium & Low Voltage လိုင်းနှင့် ထရန်စဖော်မာခွဲရုံများ တည်ဆောက်မှုအတွက် ကမ္ဘာ့ဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၁၀ နှင့် လက်ရှိဓာတ်အားစနစ် ရောက်ရှိပြီးနေရာမှ နှစ်မိုင်အတွင်း ကျေးရွာပေါင်း ၅၀၈၀ ကို ပထမအဆင့်၊ ငါးမိုင်အတွင်း ကျေးရွာပေါင်း ၇၆၃၉ ရွာကို ဒုတိယအဆင့် ဆက်သွယ်တည်ဆောက်ရန် စီစဉ်ထားရှိကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက ချေးငွေစာချုပ်လက်မှတ်ရေးထိုးခဲ့သည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ယနေ့အထိ ထရန်စဖော်မာ ၅၃၈၉ လုံးအတွက် စာချုပ်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄၄၄ သန်း၊ ကွန်ကရစ်တိုင် ၄၈၃၉၉ တိုင်အတွက် စာချုပ်တန်ဖိုး မြန်မာငွေကျပ် ၆၈၀၁ သန်း၊ စတီးတိုင် ၁၁၄၈၄ တိုင်အတွက် စာချုပ်တန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၀၄ သန်း၊ ACSR Conductors ၁၀၄၄၉ တန်အတွက် စာချုပ်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၁၇၉ သန်းကို အသီးသီး လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့တွင် Insulators and Related Fittings ၇၉၈၆၇၅ စုံအတွက် စာချုပ်တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၉၅ သန်း၊ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများအတွက် စာချုပ်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈၁၀ သန်း၊ စတီးပစ္စည်းများအတွက် စာချုပ်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၁၁၄သန်း၊ ကွန်ကရစ်တိုင် ၄၃၄၅၈ တိုင်အတွက် စာချုပ်တန်ဖိုး မြန်မာကျပ်ငွေ ၆၁၈၂ သန်း၊ အကြံပေးဝန်ဆောင်မှု ငှားရမ်းခြင်းလုပ်ငန်းအတွက် စာချုပ်တန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၅၉ သန်းနှင့် မြန်မာကျပ်ငွေ၂၀၃၅ သန်းကို စာချုပ်များအသီးသီး လက်မှတ်ရေးထိုးမည်ဖြစ်သည့်အတွက် စုစုပေါင်း စာချုပ် ၁၉ ခု တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၀၃၆ သန်းအတွက် စာချုပ်များ လက်မှတ်ရေးထိုးချုပ်ဆိုမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် အကြံပေးဝန်ဆောင်မှုစာချုပ်တစ်ခုနှင့် ပစ္စည်းဝယ်ယူရေးစာချုပ် ၁၈ ခု လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ကျင်းပရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစောဝင်းမောင်၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အထွေထွေမန်နေဂျာ ဦးမြင့်သူ၊ မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တအမှုဆောင်အရာရှိချုပ် ဦးကျော်သူနှင့် တင်ဒါအောင်မြင်သော ကုမ္ပဏီအသီးသီးမှ တာဝန်ရှိသူတို့က စာချုပ်များအား အသီးသီး လက်မှတ်ရေးထိုးကြသည်။

ယခုကဲ့သို့ လက်မှတ်ရေးထိုးဆောင်ရွက်ခြင်းအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ ကျေးရွာပေါင်း ၅၀၈၀၊ မီးသုံးစွဲသူအိမ်ထောင်စုပေါင်း ၆၂၆၇၅၈ စုတို့အား လျှပ်စစ်ဓာတ်အားရရှိရေးတိုးချဲ့ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ၌ မုဒိတာစာကြည့်တိုက်ဖွင့်

**ရမည်းသင်း ဇွန် ၇**

ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ လက်ပန်တောရပ်ကွက်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော် ဦးကုမာရ ဦးဆောင်မှုဖြင့် အလှူရှင်များ လှူဒါန်းသည့် မုဒိတာစာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၆ ရက် ညနေပိုင်းက ကျင်းပသည်။

အဆိုပါ မုဒိတာစာကြည့်တိုက်သည် အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိပြီး မြေနှင့် အဆောက်အအုံကို အလှူရှင် ဦးစိုးကြည်၊ ဇနီး ဒေါ်ငွေးငွေး မိသားစုက ငွေကျပ် သိန်း ၁၀၀ ကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၇**

ရန်ကုန်(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀ မန္တလေး(ရွှေဈေး) ၉၃၃၀၀၀ - ၉၃၃၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၄၀/၉၆၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၈၀/၁၀၀၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၃၀/၉၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၅၀/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၇၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၈၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၀၈/၈၂၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၆. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၉၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၄၅၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၇၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၂၅၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၉. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆. ၈၄ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၈. ၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၆. ၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 — ၁၉၅၇ ခုနှစ် ဒီ ၈ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၊ ဖက်စ် ၀၁-၂၀၃၃၅

# အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြ





**နေပြည်တော် ဇွန် ၇**

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်သည့် NEP (National Electrification Plan) First Phase နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ထိုသို့ ပြောကြားရာတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ ဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက် (NEP Plan) နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို လာရောက်ရှင်းလင်းတင်ပြသည့်အတွက် ဝန်ကြီးဌာန၏ ကြိုးစားလုပ်ဆောင်နေမှုများကို အသေးစိတ် သိရှိလေ့လာခွင့်ရရှိပြီး ကိုယ်စားလှယ်များအနေဖြင့်လည်း မိမိတို့နိုင်ငံအတွက် အဓိကအရေးတကြီး လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားရရှိရေးနှင့်ပတ်သက်၍ ဘယ်လိုဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည်ဆိုသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား ရရှိမှုကဏ္ဍသည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတစ်ခုအနေဖြင့်ပါဝင်ကြောင်းကို မိမိတို့ အစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ သိရှိလက်ခံထားပြီးဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် တိုင်းပြည်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံ အကြောင်းအရင်းဖြစ်သောကြောင့် လွှတ်တော်က ဝန်ကြီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာငွေကြေးရရှိရေးအတွက် ကမ္ဘာ့ဘဏ်၏ International Development Association (IDA) ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ ချေးယူခွင့်ကို ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုကို ကြည့်မည်ဆိုလျှင် အာဆီယံနိုင်ငံများတွင် ရာခိုင်နှုန်း အနည်းဆုံးအနေအထားကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍသည် မိမိတို့နိုင်ငံ၏ အရေးကြီးဆုံး အမျိုးသားရေးကိစ္စတစ်ရပ်ဟု ပြောမည်ဆိုလျှင် ပြောနိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာ၏ ချေးငွေ အကူအညီများရယူပြီး မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခြေခံလိုအပ်ချက်ဖြစ်သည့် အရည်အသွေးပြည့်မီသော လျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း သက်ဆိုင်ရာ ဒေသအသီးသီးမှာ စီမံကိန်းများ၊ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လိုအပ်သည့် နေရာများတွင် အားလုံးပူးပေါင်းကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၁၀ ဖြင့် ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံချက် (NEP Plan) နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအစီအမံများကို လည်းကောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ်က NEP နှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်နှစ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကိုမေးမြန်းရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူက ရှင်းလင်းဖြေကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**နေပြည်တော် ဇွန် ၇**

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၁၈)ကို ယနေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇/၂၀၁၈)ကို မွန်းလွဲ ၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ်(၂၀) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် အဆိုနှင့်မေးခွန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးချက်များအပေါ် ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

## သံအမတ်ကြီး ဦးမျိုးအေး ဘူလ်ဂေးရီးယားနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၈**

ဘူလ်ဂေးရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးသည် ၎င်း၏ခန့်အပ်လွှာကို မေ ၂၉ ရက်တွင် ဆိုဖီယာမြို့၌ ဘူလ်ဂေးရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရူမန် ရာဒိဗ် ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၇**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။ **ကြေးမုံ**

## ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

**၂၀၁၈ ခုနှစ်၊ ဇွန် ၇**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့တွင် လစ်လပ်မဲဆန္ဒနယ်များ၌ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် (၆၀/၂၀၁၈) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ လစ်လပ်မဲဆန္ဒနယ်များအတွက် ပြည်တွင်းရှိ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာနတည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊

(ခ) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့(၂၄-၈-၂၀၁၈) ရက် အရောက်ပေးပို့သွားရန်၊

(ဂ) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ (၃-၁၀-၂၀၁၈) ရက် အရောက်ပေးပို့ရန်၊

(ဃ) သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် (၅-၁၀-၂၀၁၈) ရက်မှ (၁၂-၁၀-၂၀၁၈) ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆောင်ရွက်ရန်၊

(င) ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ (၃-၁၁-၂၀၁၈) ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

၃။ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် အပိုဒ် ၂ (ဃ) ပါ ကြိုတင်ဆန္ဒမဲပေးမည့်ရက်ကို မိမိတို့ဌာနတည်ရှိရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ အနည်းဆုံး (၃) ရက် ကြိုတင်အကြောင်းကြား၍ ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၄။ ဆေးရုံများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကျဉ်းဦးစီးဌာနအောက်ရှိ ရဲအချုပ်စခန်း၊ အကျဉ်းစခန်းများတွင် (၂၄-၈-၂၀၁၈) ရက်နေ့ နောက်ပိုင်းတွင်မှ အကြောင်းအမျိုးမျိုးကြောင့် ဆေးရုံတက်ရောက်ကုသရသူများနှင့် အချုပ်ခံနေရသူများရှိပါက သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပတွင်ရောက်ရှိနေသော သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများရှိ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်အတွက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် သက်ဆိုင်ရာ အကြီးအမှူးများက ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း မေတ္တာရပ်ခံ အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

❖ **ရွှေဖုံးမှ**

သီလဝါစက်မှုဇုန်သို့ ဓာတ်အားရရှိရေးအတွက် သန်လျင်ပင်မဓာတ်အားခွဲရုံမှ သီလဝါခွဲရုံအထိ ၃၃ ကေဗွီဓာတ်အားဖြန့်ဖြူးခြင်းလိုင်းကို တည်ဆောက်ပြီးဖြစ်၍ ဓာတ်အားပေးနေပြီဖြစ်ပါကြောင်း၊ သီလဝါဓာတ်အားပေးစက်ရုံတွင် လောင်စာဓာတ်ငွေ့နှစ်မျိုးသုံး ၂၅ မဂ္ဂါဝပ်ဓာတ်အားပေးစက်နှစ်လုံး တပ်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ သန်လျင်ပင်မဓာတ်အားခွဲရုံမှ သီလဝါခွဲရုံအထိ ၂၃၀ ကေဗွီဓာတ်အားလိုင်း ၉ ဒသမ ၃ မိုင်ကိုလည်း တည်ဆောက်ပြီးဖြစ်၍ ဓာတ်အားစတင်ပို့လွှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

အောင်လံခွဲရုံရှိ ၆၆/၆ ဒသမ ၆ ကေဗွီ ၅ အမ်ဗွီအေထရန်စဖော်မာအား ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် အဆင့်မြှင့်တင်အင်အားတိုးချဲ့ခြင်းနှင့် ၁၁ ကေဗွီအေဓာတ်အားလိုင်း ၁၈ ဒသမ ၉ မိုင် တည်ဆောက်ခြင်းလုပ်ငန်းတို့မှာ လုပ်ငန်းပြီးစီး၍ ဓာတ်အားပို့လွှတ် သုံးစွဲနေပြီဖြစ်ပါကြောင်း၊ အောင်လံမြို့အတွင်း ကွန်ကရစ်တိုင် ၁၂၂၇ တိုင်လဲလှယ်ခြင်းလုပ်ငန်းတွင် ၉၅၉ တိုင် တိုင်ဟောင်းနုတ်ပြီး လိုင်းပြောင်းရွှေ့တပ်ဆင်ခြင်းလုပ်ငန်း အားလုံး ပြီးစီးပြီဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၁၀ ဖြင့် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအတွက် လိုအပ်သော ထရန်စဖော်မာ၊ ကွန်ကရစ်တိုင်၊ Steel Parts And Accessories များကို တင်ဒါခေါ်ယူကာ အမေရိကန်ဒေါ်လာ ၉၀ ဒသမ ၇၃၈ သန်းဖိုး ဝယ်ယူဆောင်ရွက်ပြီးဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက ဆွေးနွေး

အလားတူ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ကမ္ဘာ့ဘဏ်မှ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အလိုက် အမှန်တကယ်ချေးငွေရရှိမှုမှာ ၅၆ ဒသမ ၉၇၂ သန်း ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၉၇၂ သန်းမှာ ဘဏ္ဍာနှစ်အလိုက် လက်ခံရရှိသော Special Drawing Right ငွေလဲလှယ်နှုန်းထားအရ အမှန်တကယ်လက်ခံရရှိသည့် Currency Exchange Rate အပေါ်အခြေခံတွက်ချက် စာရင်းပြုစုထားခြင်း ဖြစ်ပါကြောင်း။

ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာသန်း ၈၀ ဖြင့် ကျောင်းထောက်ပံ့ရေးလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ အမေရိကန်ဒေါ်လာ ၅၆ ဒသမ ၉၇၂ သန်းကို အမှန်တကယ်သုံးစွဲပြီး ဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ကျောင်းဖွံ့ဖြိုးရေးစီမံချက်ကို ကမ္ဘာ့ဘဏ်မှ ချေးငွေဖြင့် ကျောင်းထောက်ပံ့ကြေးလုပ်ငန်းများ ဆောင်ရွက်ရသည့်အတွက် အကျိုးရှိပွင့်လင်းမြင်သာစွာဖြင့် အလေအလွင့်မရှိစေရန်၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းသည်။

ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

## အမျိုးသားပညာရေးဝါဒမူဝါဒကော်မရှင်၏ ခြောက်လတာကာလ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသားပညာရေးဝါဒမူဝါဒကော်မရှင်၏ ခြောက်လတာကာလ (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ) အတွင်း ဆောင်ရွက်ခဲ့မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးဝါဒမူဝါဒကော်မရှင် ဒုတိယဉက္ကဋ္ဌ ဦးညီလှငယ်က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordination Committee on Hluttaw Development- JCC) ၏ ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်းက လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်းခြင်းကို ပြည်ထောင်စုလွှတ်တော်သို့ အသိပေးတင်ပြခြင်းမရှိခဲ့ဘဲ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ကိုလည်း ရယူခဲ့ခြင်းမရှိခဲ့ပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် လွှတ်တော်များသည် အဖွဲ့အစည်းတစ်ရပ်ဖြစ်သကဲ့သို့ လွှတ်တော်များရှင်သန်ရေးမှာလည်း အရေးကြီးပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေးမှာ အရေးကြီးပါကြောင်း၊ ဥပဒေပြုသူများအနေဖြင့် မိမိတို့ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများကို တိကျစွာလိုက်နာရန်လိုပါကြောင်း၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အနေဖြင့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားရာ ယင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၇၉(စ)အတိုင်းသော်လည်းကောင်း၊ နိုင်ငံတော်၏ လျှို့ဝှက်အက်ဥပဒေနှင့်အညီသော်လည်းကောင်း တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။





ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး

အလားတူ ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင်နှင့် ရှားတော မဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆွေးနွေးကြသည်။

အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်းကို ဇွန် ၁၂ ရက်တွင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၇**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်း (၅/၂၀၁၈)အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပသည်။



အခမ်းအနားတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးငွေအောင်က ရေနံဓာတ်ငွေ့ရည်လုပ်ငန်းလိုင်စင်များ ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် ရေနံဓာတ်ငွေ့ရည် တင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို စနစ်တကျ ပိုမိုကျယ်ပြန့်စွာလုပ်ကိုင်နိုင်ရန်နှင့် ထိရောက်စွာ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်နိုင်ရန်အတွက် လိုင်စင်အမျိုးအစား ခြောက်မျိုးအထိ ခွဲခြားသတ်မှတ်၍ စိစစ်ခွင့်ပြုခဲ့ပါကြောင်း။

ထို့ပြင် ရေနံဓာတ်ငွေ့ရည်ကို စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် လူနေအဆောက်အအုံများတွင် အသုံးပြုလိုသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် စနစ်တကျသုံးစွဲနိုင်ရန် ရည်ရွယ်၍ ပိုက်လိုင်းကွန်ရက်စနစ် တပ်ဆင်အသုံးပြုခြင်းကို လိုင်စင်(ဆ)အဖြစ် သတ်မှတ်ထုတ်ပေးရန် စည်းကမ်းချက်များ သတ်မှတ်ပြီး ဖြစ်ပါကြောင်း။

ယူရီးယားဓာတ်မြေဩဇာစက်ရုံများ ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအနေဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေဩဇာစက်ရုံ ငါးရုံရှိသည့်အနက် အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံ(ကန်ကြီးထောင့်) စက်ရုံများတွင် သဘာဝဓာတ်ငွေ့ရရှိမှုအခြေအနေအရ ပျမ်းမျှတစ်နေ့လျှင် ယူရီးယားဓာတ်မြေဩဇာ ၃၀၀ မက်ထရစ်တန်ခန့် ထုတ်လုပ်လျက်ရှိရာမှ သဘာဝဓာတ်ငွေ့ တိုးမြှင့်ရရှိမှုနှင့် စက်များပြုပြင်ပြီးစီးမှု အခြေအနေအရ ယခုအချိန်တွင် တစ်ရက်ပျမ်းမျှ ၃၂၅-၄၀၀ မက်ထရစ်တန်ခန့် ထုတ်လုပ်လျက်ရှိပါကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် LNG တင်သွင်းပြီး သဘာဝဓာတ်ငွေ့ပိုမိုရရှိပါက ယူရီးယားဓာတ်မြေဩဇာ ပိုမိုထုတ်လုပ်သွားနိုင်မည်ဖြစ်ပြီး အမှတ်(၁)ဓာတ်မြေဩဇာစက်ရုံ(စလေ)၊ အမှတ်(၂)ဓာတ်မြေဩဇာစက်ရုံ (ကျွန်းချောင်း)၊ အမှတ်(၃)ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)တို့တွင်လည်း ဓာတ်မြေဩဇာနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် LOEI ခေါ်ယူသွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်း စက်သုံးဆီဈေးနှုန်းကြီးမြင့်နေခြင်းကို လျှော့ချနိုင်ရေးအတွက် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ထွက်ရှိသော ဓာတ်ဆီဂါလန် သုံးသန်းကို မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းသို့ ဓာတ်ဆီတစ်ဂါလန်လျှင် ငွေကျပ် ၃၂၀၀ နှုန်းဖြင့် ဧပြီ ၂၄ ရက်မှ စတင်၍ ဖြန့်ဖြူးရောင်းချပေးခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှိုင်သာယာ-ကျိုက်လတ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ မိုးကောင်း-ဖားကန့်ဓာတ်အားလိုင်းနှင့် ဖားကန့်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ အင်အားတိုးမြှင့်ခြင်းနှင့် ဓာတ်အားလိုင်းအသစ်များ တည်ဆောက်နေမှု၊ အလင်းရောင်စီမံချက် One Stop Service (OSS) စနစ်ဖြင့် အိမ်သုံးမီတာများကို နေ့ချင်းပြီး တပ်ဆင်ပေးနေမှု၊ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများနှင့်ပတ်သက်၍ ကြိုးပမ်းဖြေရှင်းဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ရေလှောင်ကန်များတွင် ရေသိုလှောင်ထားရှိမှု၊ စစ်တောင်းမြစ်ဖြတ် လက်မ ၂၀ ပိုက်လိုင်း HDD (Horizontal Directional Drilling) တူးဖောက်ဆက်သွယ်မှု၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးနေမှု၊ ရေနံဓာတ်ငွေ့ရည်ကို CSR လုပ်ငန်းများအတွက်ဖြန့်ဖြူးမှု၊ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များတွင် သတ်မှတ်အခြင်အတွယ် ပြည့်မီမှုမရှိဟု သံသယရှိပါက ဝယ်ယူသုံးစွဲသူ ပြည်သူလူထုအနေဖြင့် ဆိုင်ရှိစံခွက်ဖြင့် အချိန်မရွေးစစ်ဆေးနိုင်ပြီး အခြင်အတွယ်မပြည့်ဝကြောင်း တိုင်ကြားပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန် စီစဉ်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ၎င်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်တွင်းပြည်ပသတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးငွေအောင်၊ ဦးစိုးမြင့်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သတင်းစဉ်**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးတင်အောင်ဝင်းနှင့် တာဝန်ရှိသူများ ကျွန်းပင် ၁၀၀၊ ယူကလစ်ပင် ၄၀၀၊ မန်ဂျန်ရှားပင် ၂၀၀၊ မဟော်ဂနီပင် ၁၀၀ နှင့် ပျဉ်းကတိုးပင် ၁၀၀ တို့အား စိုက်ပျိုးကြစဉ်။

**သပြေထွန်း**



## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇွန် ၇**

နေပြည်တော်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် International Media Support မှ အာရှရေးရာဌာနမှူးနှင့်အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဟံသာဝတီဦးအုန်းကြိုင်၊ ဒေါက်တာမျိုးသန့်တင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျော်စွာမင်းတို့ပါဝင်သောအဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင်လည်းကောင်း၊ International Media Support မှ အာရှရေးရာဌာနမှူး Mr. Lars Bestle နှင့်အဖွဲ့အား နံနက် ၁၁ နာရီတွင်လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌများနှင့် တွဲဖက်အတွင်းရေးမှူးတို့ပါဝင်သောအဖွဲ့နှင့် တွေ့ဆုံစဉ်**(ယာပုံ)** မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးဆိုင်ရာကိစ္စရပ်များ၊ သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာ နည်းဥပဒေဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးကြသည်။

International Media Support မှ အာရှရေးရာဌာနမှူး Mr. Lars Bestle အဖွဲ့နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ သတင်းထောက်များ မီဒီယာအရည်အသွေးတိုးတက်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရုပ်မြင်သံကြားဥပဒေပြင်ဆင်နေမှု အခြေအနေ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် International Media Support တို့ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မင်းတစုကျေးရွာမှ ပျဉ်းမတောရေတံခါးအထိ ရေသွင်းရေနုတ်မြောင်းတူးဖော်မှု ဇွန်လ တတိယပတ်တွင် ပြီးစီးမည်

**နေပြည်တော် ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်နှင့် ပန်းတနော်မြို့နယ်အတွင်းရှိ ရေကြီးကွင်း၊ ရေနက်ကွင်းများမှ ကွင်းရေများကို ထုတ်နုတ်ပေးနိုင်ရေးအတွက် ၁၉၉၅ ခုနှစ်တွင် ဒေသအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သော ပျဉ်းမတောရေတံခါးကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ထပ်မံ၍ အဆင့်မြှင့်တင်ပြုပြင်ပေးခဲ့သည်။

၎င်းပျဉ်းမတော ရေတံခါးနှင့် ဆက်စပ်၍ တူးဖော်ထားသော ရေသွင်းရေနုတ်မြောင်း ဖြစ်သည့် မင်းတစု-ပျဉ်းမတော မြောင်းအလျား လေးမိုင်ခန့်မှာ သဲနုန်းများပို့ချပြီး တိမ်ကောလျက်ရှိသဖြင့် ပြန်လည်တူးဖော်ပေးရန် လိုအပ်လျက်ရှိသောကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြေတူးစက် ခုနစ်စီးနှင့် ကုန်းရေနှစ်သွယ်သွား မြေတူးစက် နှစ်စီး စုစုပေါင်း စက်ယန္တရား ကိုးစီးဖြင့် မေ ၄ ရက်တွင် စတင်တူးဖော်ဆောင်ရွက်ခဲ့သည်။



ယခုအခါ တူးဖော်ရမည့် အလျားလေးမိုင်၊ အနံ ၂ ဒသမ ၅ မိုင်ခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ပြီး လုပ်ငန်းများအားလုံး ဇွန်လတတိယပတ်ခန့်တွင် ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်သည်။ မင်းတစု-ပျဉ်းမတော ရေသွင်းရေနုတ်မြောင်းကို တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် ဓနုဖြူမြို့နယ်နှင့် ပန်းတနော်မြို့နယ်များ အတွင်းရှိ မိုးရာသီရွာသွန်းသော ကွင်းရေများကို လွယ်ကူလျင်မြန်စွာ ထုတ်နုတ်ပေးနိုင်ပြီး မိုးစပါးစိုက်ဧက ၆၀၀၀ ခန့်ကို ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေနိုင်ခြင်း၊ နွေရာသီတွင် လယ်မြေ ဧက ၄၅၀၀ ခန့်အတွက် စိုက်ပျိုးရေရရှိစေနိုင်ခြင်း၊ ကျေးလက်ကုန်ထုတ်လမ်းအဖြစ်ပါ အသုံးပြုနိုင်ခြင်းတို့ကြောင့် ဒေသတွင်း တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုစေနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

**သန်းဦး(လေးမျက်နှာ)**
**ဓာတ်ပုံ-(ဆည်မြောင်း)**

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇွန် ၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့သို့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)နှင့် (အောက်မြန်မာပြည်)တို့မှ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ၊ ရတနာပုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့်ပြည်သူများ စုစုပေါင်း ၄၈၂ ဦး လာရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၃၈၁၀၁ ဦး ရှိကြောင်း၊ လွှတ်တော်သို့လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**သနပ်ပင် ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ မိသားစုဝင်ငွေများ တိုးပွားလာစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိရာ သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြေခံဖုန်းပြင်သင်တန်း (၁/၂၀၀၈)ကို ဇွန် ၅ ရက်တွင် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

## ✪ သာကေတတံတားသစ်မှ

ကားလမ်းဘေးတွင် တစ်ဖက်လျှင် နှစ်မီတာအကျယ်အဝန်းရှိ လူသွားလမ်း ပလက်ဖောင်း အသွား၊ အပြန်ပါရှိကြောင်း တံတားကြီးကို တာဝန်ယူတည်ဆောက်နေသည့် ဂျပန်နိုင်ငံ NIPPON KOEI Engineering Consultants မှ သိရသည်။

ယခုအခါတွင် လျှပ်စစ်မီးတိုင်စိုက်ခြင်းနှင့် သွယ်တန်းခြင်းလုပ်ငန်းများ၊ လူသွားလမ်းကြောင်းအတွက် လမ်းခင်းခြင်းလုပ်ငန်းများနှင့် ချဉ်းကပ်လမ်းဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မိုးရာသီကာလတွင် တံတားမှစီးကျလာမည့် ရေများအတွက် ရေမြောင်းစနစ်လုပ်ငန်းများသာ ဆောင်ရွက်ရန် ကျန်ရှိတော့ကြောင်း သိရသည်။ ယခုနှစ် ဇူလိုင်လတွင် တံတားစီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးမည်ဖြစ်ပြီး ဩဂုတ်လဆန်းပိုင်းတွင် တံတားဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ဒေါပုံတံတားသစ်ချဉ်းကပ်လမ်းနှင့်စပ်လျဉ်း၍ မီးရထားလမ်းခုံးကျော်တံတား၊ ကားလမ်းခုံးကျော်တံတားတို့ဆောက်လုပ်ရပြီး မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်ကိုဆက်သွယ်သည့် အဓိကလမ်းသည် မင်္ဂလာတောင်ညွန့်ဘက်ခြမ်း၌ ၂၅၉ မီတာရှိကာ ဒေါပုံဘက်ခြမ်း၌ ၄၅၅ ဒသမ ၈၀ မီတာရှိသည်။ လေးလမ်းသွားဖြစ်ပြီး ယာဉ်သွားလမ်း တစ်လမ်းအကျယ်မှာ ၃ ဒသမ ၅ မီတာဖြစ်ကာ တစ်ဖက်လျှင် နှစ်မီတာအကျယ် ပလက်ဖောင်းများ အပါအဝင် လမ်းတာပေါင်အကျယ် ၂၁ ဒသမ ၃ မီတာ ဆောက်လုပ်ထားကြောင်း ချဉ်းကပ်လမ်းလုပ်ငန်းများဆောင်ရွက်နေသည့် လမ်းဦးစီးဌာန လမ်းတည်ဆောက်ရေးအဖွဲ့(၃) လမ်းအထူးအဖွဲ့(၁၄)မှသိရသည်။

ဒေါပုံတံတားချဉ်းကပ်လမ်းတည်ဆောက်ခြင်းလုပ်ငန်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ်ဘက်ခြမ်း၌ မီးရထားလမ်းခုံးကျော်တံတား၊ ကားလမ်းခုံးကျော်တံတားတို့၏ ချဉ်းကပ်လမ်းလုပ်ငန်းများ တည်ဆောက်ထားခြင်းဖြစ်ပြီး စီမံကိန်းတစ်ခုလုံးရှိ ရထားလမ်း၊ ကားလမ်းခုံးကျော်တံတား နှစ်စင်းနှင့် လမ်းလုပ်ငန်းများ ဆောင်ရွက်မှုမှာ ၈၁ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးကာ ကုန်ကျငွေ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၁၁၁၅၆ ဒသမ ၅၆၃၄ သန်း အကုန်အကျခံဆောင်ရွက်ထားကြောင်း၊ ကားလမ်းခုံးကျော်တံတားမှာ ပုဇွန်တောင်မြို့နယ်မှ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးဘက်သို့ သွားရာလမ်းတွင် ဆောက်လုပ်ထားခြင်းဖြစ်ပြီး တံတားအရှည် ပေ ၉၀၊ ယာဉ်သွားလမ်း အကျယ် ၂၃ မီတာ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင် ၂ ဒသမ ၄ မီတာစီရှိသည်။ လေးလမ်းသွားဖြစ်ပြီး သံကူကွန်ကရစ်ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်ထားကာ ခွင့်ပြုယာဉ်အလေးချိန် ၇၅ တန်ရှိသည်။ ယခုအခါရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၃) တံတားအထူးအဖွဲ့(၁၁)မှသိရသည်။

ချဉ်းကပ်လမ်းနှင့် ဆက်စပ်နေသည့်ပတ်လမ်း ငါးခုရှိသည့်အနက် လေးခုကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောက်လုပ်ပြီး တစ်ခုကို ဂျပန်နိုင်ငံမှ တာဝန်ယူဆောက်လုပ်ခြင်းဖြစ်သည်။ ပတ်လမ်းအရှည် စုစုပေါင်း ၇၂၃ ဒသမ ၅ မီတာရှိကြောင်း၊ မီးရထားခုံးကျော်တံတား၏ ချဉ်းကပ်လမ်း (မင်္ဂလာတောင်ညွန့်ဘက်ခြမ်း)အား MSE တည်ဆောက်ပြီး မင်္ဂလာတောင်ညွန့်ဘက်ခြမ်းနှင့် ဒေါပုံဘက်ခြမ်းကို ကတ္တရာကွန်ကရစ် ၆၄၅၃ တန် ခင်းကျင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဒေါပုံဘက်ခြမ်းတွင် နှစ်ပေ အကျယ်ရေမြောင်း ပေ ၉၄၀ နှင့် သုံးပေအကျယ်ရေမြောင်း ပေ ၃၂၀ ဖြင့် စုစုပေါင်း ပေ ၁၂၆၀ ထည့်သွင်းဆောက်လုပ်ထားကြောင်း၊ ချဉ်းကပ်လမ်းများအတွက် ရန်ပုံငွေရရှိမှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ယခု တံတားသစ်ဆောင်ရွက်ပြီးစီးသည့် နှစ်နှစ်တာကာလအတွင်း စုစုပေါင်းငွေကျပ် ၄၁၀၂ သန်း အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးသန်းတိုးအောင်က ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးအင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်လင်းက "တံတားဟောင်းက နှစ်လမ်းသွားဆိုတော့ မင်္ဂလာတောင်ညွန့်ဘက်ကိုသွားတဲ့ ယာဉ်တွေနဲ့ ပုဇွန်တောင်ဘက်ကိုပြန်ဆင်းတဲ့ ယာဉ်တွေ ယာဉ်ကြောပိတ်မှုတွေဖြစ်နေပါတယ်၊ အခုတံတားသစ်ကျတော့ လေးလမ်းသွားဖြစ်တဲ့ အတွက် ပုဇွန်တောင်ဘက်က ကွေ့ပတ်ဆင်းတဲ့ ယာဉ်လမ်းကြောင်းအတွက် နေရာ ပိုပေးထားပါတယ်၊ ကားလမ်းခုံးကျော်တံတားမှာဆိုလည်း အဝင်/အထွက်နေရာကို ခြောက်လမ်းသွားလောက်အထိ လုပ်ဆောင်ထားပါတယ်၊ ဒါကြောင့် ဒီတံတားသစ်ဟာ အကျယ်ပိုလာပြီး ယာဉ်တွေလည်း ချောင်ချောင်ချိချိ ဖြတ်သန်းမောင်းနှင်နိုင်ကြတော့မှာ ဖြစ်ပါတယ်၊ တံတားဟောင်းက နောက်ပိုင်းမှာ ပိတ်မှာဖြစ်ပါတယ်၊ တံတားသစ်မှာ ယာဉ်တွေကို ယာယီဖြတ်သန်းမောင်းနှင်စေတာဖြစ်ပါတယ်၊ ချဉ်းကပ်လမ်းနှစ်ခုဆက်ဖို့ ဆောင်ရွက်တဲ့အခါကျရင် တံတားဟောင်းမှာ ဒေါပုံဘက်သွားမယ့် ယာဉ်လမ်းကြောင်းတစ်လမ်းပဲ ထားရှိမှာဖြစ်ပြီး တံတားသစ်မှာကျတော့ ဒေါပုံဘက်ကိုသွားမယ့် ယာဉ်လမ်းကြောင်း တစ်လမ်းနဲ့ ဒေါပုံဘက်ကနေ မင်္ဂလာတောင်ညွန့်ဘက်ကိုသွားမယ့် ယာဉ်လမ်းကြောင်းတစ်လမ်းထားရှိမှာဖြစ်ပါတယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဘက်က ချဉ်းကပ်ခုဆက်သွယ်တဲ့လမ်းကြောင်းကတော့ ဇွန် ၂၀ ရက်နောက်ပိုင်း အကုန်ဆောင်ရွက်ပြီးစီးမှာဆိုတော့ တံတားဟောင်းကြီးကို ပိတ်လိုက်တော့မှာဖြစ်ပါတယ်၊ တံတားသစ်ကနေ ယာဉ်တွေအားလုံး လွယ်ကူစွာဖြတ်သန်းမောင်းနှင်နိုင်ကြတော့မှာ ဖြစ်ပါတယ်" ဟု စီမံကိန်းလုပ်ငန်းခွင်အကြောင်းကို ရှင်းပြသည်။

အဆိုပါ ဒေါပုံတံတားသစ်တည်ဆောက်ရေးစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဂျပန်နိုင်ငံ Nippon Koei ကုမ္ပဏီမှ Consultant အဖြစ်တာဝန်ယူပြီး The Consortium of Tokyu-Toyo-IIK (Tokyu Construction Co.,Ltd., Toyo Construction Co.,Ltd. and IHI Construction Co.,Ltd.) တို့က ၂၀၁၅ ခုနှစ် ဧပြီလပိုင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ(ပွင့်သစ္စာ)**

# နောင်တမရအောင် ကွမ်းယာကိုရှောင်

ရွှေရိုး

ကိုယ်နေထိုင်တဲ့အရပ်ဒေသမှာ ဘာဆိုင်တွေအများဆုံး ရှိနေလဲဆိုတာ ခင်ဗျားတို့ သတိထားမိကြရဲ့လား။ သတိထားကြည့်မယ်ဆိုရင် ခင်ဗျားတို့အရပ်ဒေသမှာ ဆေးလိပ်နဲ့ ကွမ်းယာဆိုင်တွေ အများဆုံးရှိနေတာ တွေ့ရမယ်။ ဘာလို့ ဆေးလိပ်၊ ကွမ်းယာဆိုင်တွေ များနေတာလဲ ဆိုတာ ဆက်တွေးရင် ရောင်းကောင်းလို့ဆိုတာ တွေ့ရမယ်။ ဘာလို့ရောင်းကောင်းတာလဲဆိုတာ ဆက်တွေးရင် သောက်တဲ့လူများလို့၊ စားတဲ့သူများလို့ဆိုတာ တွေ့ရမယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေဟာ ဆေးလိပ်သောက်သူ၊ ကွမ်းစားသူ အလွန်များပါတယ်။ မြို့ပြ၊ ကျေးလက်ဒေသမရွေး သောက်ကြ၊ စားကြတယ်။

**ကွမ်းကို အမြတ်တနိုးရှိ**

ကျောင်းနေတုန်းက သင်ခဲ့ရတဲ့ သမိုင်းမှာလည်း ကွမ်းယာအကြောင်းပါပါတယ်။ ကွမ်းဆော်မင်းဆိုတဲ့ အနော်ရထာရဲ့ခမည်းတော်ဟာ အရင်က စလေငခွေး မင်းထံမှာ ကွမ်းဆော်အဖြစ် အမှုထမ်းခဲ့သူဖြစ်ပါတယ်။ ဘုရင်က ယုံကြည်လေးစားမှသာ အနားမှာကွမ်းတော်ရေကိုင် အမှုထမ်း၊ ကွမ်းဆော်အမှုထမ်း ဖြစ်ကြရတာပါ။ အပြည်ပြည်မင်းတွေက ဆက်သတဲ့ လက်ဆောင်တွေထဲမှာလည်း ကွမ်းလောင်း၊ ကွမ်းချပ်၊ စလင်းကြာ၊ ကွမ်းအုပ်တွေပါတာမို့ ကွမ်းကို အမြတ်တနိုးရှိကြောင်း သိနိုင်ပါတယ်။

ကွမ်းအစ်၊ ကွမ်းကလပ်ကို နဂါးရုပ်၊ နရားရုပ်၊ ဟင်္သာရုပ်၊ ခြသေ့ရုပ်တွေခံပြီး နန်းတွင်းမှာ ရွှေသားအစစ်နဲ့ သုံးလေ့ရှိပါတယ်။ ဆင်းရဲသားတွေကတော့ ရိုးရိုးသစ်သားနဲ့လုပ်တဲ့ ကွမ်းအစ်ပေါ့။ ကြက်တူရွေးအာခေါင်နီ ကွမ်းကလပ်ကိုချီ ဆိုတဲ့အတိုင်း နီနီထွေးထွေးကွမ်းအစ်တွေကို ပြောတာပါ။

**မင်းခမ်းမင်းနား အဆောင်အယောင်တွေဖြစ်**

ရှေးက ရွှေ၊ ငွေ ကွမ်းအစ်တွေကို ဆုတော်လာဘ်တော်အဖြစ် ချီးမြှင့်ခံရရင် အင်မတန်ဂုဏ်တက်တယ်လို့ ယူဆခဲ့ကြပါတယ်။ ကရဝိက်ခံကွမ်းခွက်၊ ရွှေထွေးခံ၊ ငွေထွေးခံတွေဟာ မင်းခမ်းမင်းနားအဆောင်အယောင်တွေဖြစ်လို့ မြန်မာတွေ ဘယ်ခေတ်ကစပြီး ကွမ်းစားလာကြသလဲဆိုတာ ခန့်မှန်းကြည့်နိုင်ပါတယ်။

ကွမ်းယာဟာ နှုတ်ခမ်းနီရဲအောင် အလှအတွက် အမျိုးသမီးတွေ စားကြတာပဲလားလို့ ထင်စရာဖြစ်ပေမယ့် သည်ထက်ပိုလေးနက်တဲ့ အဓိပ္ပာယ်ရှိပါသေးတယ်။ လူပျို အပျိုတွေ တစ်ယောက်ကိုတစ်ယောက် မေတ္တာလက်ခံ၊ မခံ ကွမ်းယာနဲ့ အကဲခတ်ရပါတယ်။ ချစ်သူကိုယ်တိုင်က ကွမ်းယာ ယာပေးတယ်ဆိုရင် လက်ခံကြည်ဖြူတဲ့ အထိမ်းအမှတ်ပြတာပါပဲ။

အမျိုးသမီးက သူ့ချစ်သူကို ကွမ်းယာ ယာပေးရင် ဟောသည်လို ကဗျာလေးလည်း ရွတ်ဆိုလိုက်သေးတယ်။

"မယ်ကိုယ်တိုင် ယာလို့ထား၊ မောင်စားဖို့ကွမ်းနုဝါ၊ ကမ်းလိုက်ချင်ပါ၊ လက်ဆောင်က နံ့အချာ၊ ရှက်စရာ ပျိုတွေး၊ ချိုလည်း မချိုပြန်နဲ့၊ ချာတူးလံစပ် ဖန်ခါးသော်လည်း၊ စေတနာလွန် ပြတ်သားတာမို့၊ ထောက်ကူကာ ကောက်ယူဝါးလို့ငယ်၊ စားလိမ့်မယ်လေး" လို့ ဖတ်ရဖူးပါတယ်။ ဈေးကမဝယ်ဘဲ ကိုယ်တိုင်ခူး၊ ကိုယ်တိုင်ယာ ချစ်သူကို စားစေချင်တယ်ဆိုတဲ့ မေတ္တာလက်ဆောင်သဘောပဲလို့ သိနိုင်ပါတယ်။

**မေတ္တာအထိမ်းအမှတ်သင်္ကေတ**

အိန္ဒိယ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် အရှေ့တောင်အာရှသားတွေဟာ ကွမ်းကြိုက်သူတွေချည်းဖြစ်ပါတယ်။ သည်အထဲမှာ မြန်မာက ကွမ်းနဲ့ ဧည့်သည်ကို ဧည့်ခံတယ်ဆိုတာ အထူးခြားဆုံးပဲ။ ကွမ်းနဲ့ ဧည့်ခံမှ ဧည့်ဝတ်ကျေတယ်လို့ ထင်ကြတာဟာ ယဉ်ကျေးမှုတစ်မျိုးဖြစ်ပါတယ်။ ပွဲဖော်ပွဲတွေမှာလည်း ကွမ်း၊ ဆေး လက်ဖက်မပါလို့မဖြစ်ပါဘူး။ ကွမ်းအစ်တည်ရင်း စကားလက်ဆုံကျပြီး ကြည်ကြည်နူးနူး ငြိမ်းအေးတဲ့အသွင် ပေါ်လာရပါတယ်။ မေတ္တာအထိမ်းအမှတ် သင်္ကေတလည်း ဖြစ်ပါတယ်။ အပျိုအိမ်ကအပြန် ယာပေးလိုက်တဲ့ ကွမ်းယာကို တမြုံ့မြုံ့ဝါးပြီး ကျေကျေနပ်နပ်နဲ့ သီချင်းလေးကျူးပြီး ပြန်လာကြတဲ့ ကာလသားတွေက ကွမ်းယာကို တန်ဖိုးအထားဆုံး ဖြစ်ပါလိမ့်မယ်။ ကွမ်းအစ်ကြီး နီတာရဲ၊ ရမ်းဖြဲကိုတဲ့သူပျော်ဆိုတဲ့ ကဗျာလေးလည်း ရှိခဲ့ပါတယ်။ ပလောင်သူလေးတွေကတော့ ကွမ်းရွက်အစားကွမ်းထောင့် ကွေးကွေးလေးတွေကို ထုံးနဲ့စားဖို့ လက်ကိုင်ပဝါမှာချည်ပြီး ခါးမှာပတ်ထားလေ့ရှိကြပါတယ်။ ချစ်သူအတွက်ဆိုရင် ကိုယ်တိုင်အထုပ်ဖြေပြီး ကျွေးတတ်ကြပါတယ်။

ရှင်ပြုတဲ့ရှင်လောင်းတွေရဲ့ အသုံးအဆောင်ထဲမှာလည်း ကွမ်းအစ်၊ ရေတကောင်းဟာ ပါရစမြဲပါ။ ကွမ်းအစ်ကို မင်္ဂလာကိစ္စမှသာ အသုံးပြုကြတာ မဟုတ်ပါဘူး။ သုမင်္ဂလာမှာရော၊ ဒုမင်္ဂလာမှာပါ သုံးစွဲကြပါတယ်။

**ကွမ်းအစ်ကိုချရမှ ဧည့်ဝတ်ကျေ**

မြန်မာလူမျိုးတွေဟာ လာတဲ့ဧည့်သည်ရှေ့မှာ ကွမ်းအစ်ကိုချရမှ ဧည့်ဝတ်ကျေတယ်လို့လည်း ထင်ကြပါတယ်။ မြန်မာအချင်းချင်းသာ ဧည့်ခံတာမဟုတ်ပါဘူး။ ဟင်နရီဂေါက်ဂျာဆိုတဲ့ အင်္ဂလိပ်ကုန်သည်တစ်ဦးဟာ လက်ဆောင်ဘဏ္ဍာတွေနဲ့ မြန်မာမိဖုရားကြီးဆီ အခစားရောက်လာတော့ မိဖုရားကြီးက ဧည့်ဝတ်ကျေပွန်စွာ သူ့ရဲ့ကွမ်းကလပ်ပေါ်က ကွမ်းယာကို လှမ်းပေးလိုက်တဲ့အခါ အင်္ဂလိပ်ကုန်သည်ခမျာ ကျေးဇူးတင်ပါတယ်။ ကောင်းကောင်းသိမ်းထားပါ့မယ်ပြောပြီး အင်္ကျီအိတ်ထဲထည့်လိုက်လို့ ရံရွေတော်တွေ ပြုံးကြတယ်လို့လည်း ဖတ်ရဖူးပါတယ်။ ကွမ်းဝါးရင်း မင်းတုန်းမင်းကြီးက သူချစ်တဲ့ မြေးတော် ထန်းတပင်မင်းသားလေးကို ပေးတယ်ဆိုတာ အင်မတန်ချစ်ခင်တဲ့သဘောပါပဲ။

**စာတွေ၊ ကဗျာတွေလည်း ရေးခဲ့၊ စပ်ခဲ့**

ပုဂံခေတ်က ရာဇသင်္ကြန်အမတ်ကြီး နရသီဟပတေ့မင်းရှေ့ ဝင်ရောက်ခစားတဲ့အခါ ပန်းကပ်ပဲ့ကိုကိုင်ပြီး ဝင်လာတယ်။ အဲဒီပန်းကပ်ဆိုတာ ပုဂံခေတ်က ကွမ်းအစ်ကို ခေါ်တာ။ အမတ်ကြီးက ပန်းကပ်ပဲ့နဲ့ ရှေ့တော်ဝင်လာတော့ ဘုရင်က ပန်းကပ်ပဲ့ ဘာလို့ကိုင်တာလဲလို့ မေးတော်မူတယ်။ အမတ်ကြီးက ပန်းပွတ်သည်တွေ ကောင်းစားနေလို့ ပန်းပွတ်မယ့်သူမရှိတာကြောင့် ပန်းကပ်ပဲ့သုံးနေရတယ်လို့ ပြန်လျှောက်တယ်။ ဘုရင်က အမတ်ကြီးကို အမျက်ထွက်ပြီး တွံတေးကို နှင်လိုက်တယ်။ ဘာလို့လဲဆိုတော့ နရသီဟပတေ့မင်းက ပန်းပွတ်သည်သားကိုး။ နန်းတော်တိုင်တွေမှာ ထုံးမသုတ်ရလို့ အမိန့်ထုတ်ပြီး ကိုယ်တိုင်ထုံးသုတ်မိလို့ ကိုယ့်လက်ညှိုး ကိုယ်ပြန်ဖြတ်လိုက်ရတဲ့ ရခိုင်ဘုရင်မင်းထီး။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ဆိုတာတွေလည်း အထင်အရှားရှိပါတယ်။ ကိုဗျတ်ဝိနဲ့ မအိုဇာတို့နှစ်ယောက်ရဲ့ ကွမ်းတစ်ယာရေတစ်မှုတ် အချစ်ဇာတ်လမ်းကလည်း မြန်မာတွေရင်ထဲမှာ မပျောက်ကွယ်သေးပါဘူး။ ရှေးတုန်းက ကွမ်း၊ ဆေး ဆိုတာ ထီးသုံးနန်းသုံးအဖြစ် အခြေအသင်းကြီးခဲ့ပါတယ်။ စာတွေ၊ ကဗျာတွေလည်း ရေးခဲ့၊ စပ်ခဲ့ကြပါတယ်။ အဲဒီအထဲက ထင်ရှားတဲ့ ကဗျာတစ်ပုဒ်က

**တံတားဦးက ကွမ်းနုဝါ**
**မြောက ဆေး၊**
**ကွမ်းသီးတောင်ငူနဲ့**
**ကိုင်းထုံးဖြူ ပြည်ရှား**
**သာဝါးလို့ထွေး တဲ့။**

ရှေးတုန်းက ကွမ်းနဲ့ဆက်စပ်တဲ့ ပစ္စည်းအကောင်းတွေ ထွက်တဲ့ဒေသတွေကို ဖော်ပြထားတဲ့ကဗျာပါ။ အဲဒီအရပ်ဒေသတွေက ထွက်တဲ့ပစ္စည်းတွေနဲ့ယာမှ အကောင်းဆုံးကွမ်းယာဖြစ်တဲ့အကြောင်း ရေးထားတာပါ။

ဒါကြောင့် မြန်မာတွေဟာ ကွမ်း၊ ဆေးနဲ့ ခွဲခြားလို့မရပါဘူး။ ဒါက ရှေးတုန်းကပါ။ အခုကတော့ ရှေးတုန်းကလိုမဟုတ်လို့ ခွဲခြားရပါတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေးတုန်းက လူတွေက ကျန်းမာရေးအသိမကြွယ်ဝကြလို့ ကွမ်းဆေးကို အမွှမ်းတတင် စာတွေ၊ ကဗျာတွေ ရေးဖွဲ့ပြီး အိမ်ဦးခန်းတင်ထားတာပါ။ အခု ကျန်းမာရေးရှုထောင့်ကကြည့်ရင် ကွမ်းစားတာဟာ အလွန်အန္တရာယ်များတာ၊ ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေတာ သိလာရပြီဖြစ်တဲ့အတွက် ခွဲခြားရတော့မယ်လို့ ပြောတာပါ။ ကွမ်းစားတာဟာ ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေပါတယ်။

**စွဲလမ်းပြီး ဖြတ်မရအောင်ဖြစ်လာ**

ကွမ်းယာဘာကြောင့် စားကြသလဲဆိုတာကို အဖြေရှာကြည့်တဲ့အခါ ခံတွင်းချဉ်လို့၊ နံလို့ ဝါးတာ၊ ခေတ်လူငယ်တွေစမ်းသပ်လိုစိတ်၊ စူးစမ်းလိုစိတ်၊ မခံချင်စိတ်နဲ့ စားတာ၊ ရုပ်ရှင်မင်းသားအိုက်တင်ကို အားကျပြီး အတုခိုး စားတာ၊ သူငယ်ချင်းတွေဆွဲဆောင်မှုကြောင့် စားတာ၊ အလုပ်လုပ်ရင်း အိပ်ချင်ပြေ စားတာ၊ ဘိုးဘွားမိဘတွေ စားတဲ့ကွမ်းအစ်ကိုနှိုက်စားတာ၊ လူကြီးတွေ ကွမ်းယာဝယ်ခိုင်းရာက အစပြုပြီး စားတာ၊ ဆေးလိပ်ကို ကွမ်းယာနဲ့အစားထိုးဖြတ်တာဆိုတဲ့ အကြောင်းတွေကို အရင်းခံစားမိရာက စွဲလမ်းပြီး ဖြတ်မရအောင်ဖြစ်လာကြတာပါ။

ကွမ်းယာစားသုံးတဲ့အတွက် သဘာဝလှပတဲ့ ပုလဲရောင်သွားတွေ ပျက်စီးပြီးကျိုးလွယ်ပါတယ်။ လူရဲ့အလှအပနဲ့အရွယ်ကို ရင့်ရော်စေပြီး ဖရဲသီးစေ့(အမည်း)ရောင်သွားတွေ ဖြစ်စေပါတယ်။ အင်္ကျီအဝတ်အစားတွေကို စွန်းထင်းစေပါတယ်။ ခန္ဓာကိုယ်မှာ ရောဂါရစေပါတယ်။ ပိုက်ဆံကုန်ပါတယ်။ ပတ်ဝန်းကျင်အလှအပကို ညစ်ပတ်စေပါတယ်။

ကွမ်းယာမှာ ပါဝင်တဲ့ပစ္စည်းတွေနဲ့ ဆိုးကျိုးသက်ရောက်မှုတွေကတော့ ကွမ်းယာဆိုတာမှာ အချို၊ အစိမ့်၊ အခါးဆိုပြီး သုံးမျိုးရှိပါတယ်။ ကွမ်းယာအချိုမှာ ကွမ်း၊ ကွမ်းသီး၊ ထုံး၊ စမုန်စပါး၊ အာမွှေး၊ အုန်းယို၊ နွယ်ချိုနာနတ်ယို၊ ဖရုံယို၊ နှမ်းလှော်၊ ဖာလာ၊ နှင်းရည်၊ လေးညှင်းပွင့်၊ ရှားစေးတွေပါဝင်ပြီး ချိုစိမ့်အရသာရှိပါတယ်။

ကွမ်းယာအခါးမှာ ပြုပြင်စီမံထားတဲ့ ၉၉ ရာခိုင်နှုန်း၊ ၁၀၀ ရာခိုင်နှုန်း ဆေးပေါင်း(အရက်နဲ့ပေါင်း)၊ ဆေးမွှေး၊ လေးညှင်း၊ ထုံး၊ ကွမ်း၊ အာမွှေးတွေကို အနည်းအများ ထည့်တတ်ကြပါတယ်။ ဆေးရွက်ကြီးဟာ စီးကရက်၊ ဆေးလိပ်လိုပဲ ဓာတုဗေဒအမျိုးပေါင်း ၄၃၀၀ ကျော်ပါဝင်တဲ့အတွက် ဆေးလိပ်လိုပဲ လူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေပါတယ်။ ဆေးရွက်ကြီးမှာ နီကိုတင်း၊ အမိုးနီးယား၊ ဘင်ဇိုင်း၊ ဆိုင်ရာနိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကတ္တရာဓာတ်တွေဟာ လူကိုဒုက္ခအပေးဆုံး ဓာတုပစ္စည်းတွေဖြစ်ပါတယ်။

**အဆိပ်အတောက်တွေ ပျံ့နှံ့ဝင်ရောက်**

ကွမ်းဝါးတာ၊ စားတာ၊ မျိုချတာကြောင့် ဓာတ်တွေဟာ ပါးစပ်အတွင်း သွေးကြောတွေ၊ အာရုံ အရသာခံဖုတွေထဲကို စိမ့်ဝင်ပြီး ခန္ဓာကိုယ်ရဲ့အင်္ဂါအစိတ်အပိုင်း အသီးသီးကို အဆိပ်အတောက်တွေ ပျံ့နှံ့ဝင်ရောက်သွားစေပါတယ်။ အဲဒီ အဆိပ်အတောက်တွေကြောင့် သွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အင်ဖာလို့ခေါ်တဲ့ နှလုံးကြွက်သားတွေပျက်စီးတာ၊ လေသင်တုန်းခေါ် တစ်ခြမ်းသေလေဖြတ်တာ၊ ဦးနှောက်နဲ့သွေးကြောတွေ ဆေးချေးနဲ့ ပိတ်ပြီး သွေးကြောတွေအားနည်းတာ၊ မျက်စိအာရုံကြော ထိခိုက်ပျက်စီးပြီး အမြင်ဝါးတာ၊ မျက်စိမှုန်တာ၊ ပါး၊ ပါးစောင်၊ သွားဖုံး၊ လျှာ၊ လည်ချောင်း၊ အစာမျိုပြွန်၊ အစာအိမ်၊ အသည်းကင်ဆာတွေ ဖြစ်တတ်ပါတယ်။

မှိုတက်တဲ့ဆေး၊ ကွမ်းသီးတွေကြောင့် အသည်းကြွပ်၊ အသည်းရောင်အသားဝါရောဂါ၊ ရင်ဘတ်အောင့်၊ လေထိုး၊ ဆီးအိမ်ကင်ဆာနဲ့ အမျိုးသမီးတွေမှာ သားအိမ်ခေါင်းကင်ဆာဖြစ်တာ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းတွေမှာ သန္ဓေသားကို ထိခိုက်စေပါတယ်။ အသက်ရှူလမ်းကြောင်းရောဂါ၊ ရင်ကျပ်ပန်းနာ၊ အမောမခံနိုင်ဘဲ သန္ဓေသားပျက်စီးနိုင်ပါတယ်။ မွေးဖွားလာတဲ့ကလေးဟာလည်း မွေးရာပါ ရောဂါတွေဖြစ်စေပါတယ်။ ဆေးရွက်ကြီးကြောင့် ခြေချောင်း၊ လက်ချောင်းတွေ သွေးကြောပိတ်ပြီး ခြေပုပ်၊ လက်ပုပ်နာဖြစ်ပြီး ဖြတ်ပစ်ရလို့ အင်္ဂါမစုံဘဲ ဒုက္ခိတလည်းဖြစ်စေပါတယ်။

**သတိလစ်မေ့မြောတတ်**

ကွမ်းမှာပါတဲ့ ဘင်ဇိုင်းက သွေးကင်ဆာ၊ အကြောတက်၊ ညောင်းညာကိုက်ခဲတာ၊ ချွေးစေးထွက်တာ၊ ပါးစပ်၊ ဆီး၊ ချွေးတွေမှာ ဆေးနံ့နံတာ၊ နားအာရုံကြောထိခိုက်ပြီး နားလေးတာ၊ ကွမ်းသီးကြောင့် လေထိုး၊ လေအောင့်၊ ဗိုက်နာတာ၊ အစာအိမ်ရောဂါဖြစ်တာ၊ ရင်ပူတာ၊ ကွမ်းသီးလေပြွန်ထဲဝင်ပြီး အသက်ရှူလမ်းကြောင်းပိတ်ဆို့သေတတ်တာ၊ ဆေးရွက်ကြီးက မူးဝေအော့အန်ချွေးစေးတွေထွက်တာ၊ ဝမ်းသွားတာတွေဖြစ်တတ်ပါတယ်။ ကွမ်းမစားဖူးသူတွေဟာ ဆေးရွက်ကြီးအနံ့ကြောင့် နားရွက်တွေထူပူနီရဲပြီး သတိလစ်မေ့မြောတတ်ပါတယ်။

ကယ်လ်စီယမ်ကာဗွန်နိတ်လို့ ဘိုလိုခေါ်တဲ့ ထုံးဖြူဖြူကတော့ ခံတွင်းကင်ဆာ ဖြစ်စေပါတယ်။ လျှာ၊ သွား၊ ပါး၊ ပါးစောင်၊ သွားဖုံး၊ လည်ချောင်း၊ အစာအိမ်အနာတွေဖြစ်စေပါတယ်။ ထုံးကျောက်တွေ သွားနဲ့ သွားဖုံးပေါ် ဖုံးသွားတဲ့အတွက် ကြွေသွားတွေပျက်စီးပြီး အရောင်မဲ့တာ၊ သွားတွေ ပွန်းပဲ့ကျိုးလွယ်တာ၊ ရေစီးကမ်းပြိုလိုက်တာ၊ သွားကိုက်သွားနာ၊ အာရုံကြောထိ၍ သွားကျဉ်၊ အစာမစားနိုင်၊ အချဉ်မစားနိုင်တာ၊ လျှာထူပြီး တော်ရုံအငန်အရသာကို သာမန်ထက် ပိုစားမှအရသာရှိတာ၊ အငန်ပိုစားရတဲ့အတွက် သွေးတိုးရောဂါပိုဖြစ်နိုင်တာ၊ အသည်း၊ သည်းခြေ၊ ကျောက်ကပ်၊ ဆီးအိမ်နဲ့ ဆီးလမ်းကြောင်းမှာ ကျောက်တည်တာ၊ ခွဲစိတ် ကုသရပါက အသက်အန္တရာယ်ဖြစ်စေတာတွေ ဖြစ်စေပါတယ်။ ဒါကြောင့်မို့ ရောဂါမှတစ်ပါး ဘာကောင်းကျိုးမှ မပေးတဲ့ ကွမ်းယာကို အခုကစပြီး နောင်တမရအောင် ကွမ်းယာကိုရှောင်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လက်တည့်မစမ်းဖို့ စေတနာကောင်းနဲ့ ရေးသားလိုက်ရပါတယ်။ ။

> **"မြန်မာတွေဟာ ကွမ်း၊ ဆေးနဲ့ ခွဲခြားလို့မရပါဘူး။ ဒါက ရှေးတုန်းကပါ။ အခုကတော့ ရှေးတုန်းကလိုမဟုတ်လို့ ခွဲခြားရပါတော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေးတုန်းကလူတွေက ကျန်းမာရေးအသိမကြွယ်ဝကြလို့ ကွမ်းဆေးကို အမွှမ်းတတင် စာတွေ၊ ကဗျာတွေရေးဖွဲ့ပြီး အိမ်ဦးခန်းတင်ထားတာပါ။ အခု ကျန်းမာရေး ရှုထောင့်ကကြည့်ရင် ကွမ်းစားတာဟာ အလွန်အန္တရာယ်များတာ၊ ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေတာ သိလာရပြီဖြစ်တဲ့အတွက် ခွဲခြားရတော့မယ်လို့ ပြောတာပါ။ ကွမ်းစားတာဟာ ကျန်းမာရေးကိုဆိုးရွားစွာ ထိခိုက်စေပါတယ်"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့တို့မှ ကိုယ်စားလှယ်များအား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၇**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ Country Health Emergency Preparedness and International Health Regulations, Health Emergencies Program မှ ညွှန်ကြားရေးမှူး Dr. Gvenael Rodier နှင့် အဖွဲ့ဝင်များကို ယနေ့နံနက်ပိုင်းတွင်လည်းကောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (World Food Programme-WFP)မှ အာရှ-ပစိဖိတ်ဒေသ Regional Director Mr. David Kaatrud ဦးဆောင်သောအဖွဲ့**(ယာပုံ)**ကို မွန်းလွဲပိုင်းတွင် လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ် မြန်မာနိုင်ငံ၏ ကျန်းမာရေးဘေးကင်းလုံခြုံရေးဆိုင်ရာ အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး စီမံကိန်းနှင့်စပ်လျဉ်း၍ အကူအညီများပေးနိုင်ရေး၊ အသစ်ပေါ်ထွန်းလာသော ကူးစက်ရောဂါများ၊ ကပ်ရောဂါအသွင်ဖြစ်ပွားသော ကူးစက်ရောဂါများအား အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ရေး၊ ကြိုတင်ပြင်ဆင်ကာကွယ်ဆောင်ရွက်ရေးလုပ်ငန်းများ၊ ကူးစက်ရောဂါနှိမ်နင်းရေးလုပ်ငန်းများတွင် အရည်အသွေးနှင့် စွမ်းဆောင်ရည် ယခုထက်ပိုမိုမြင့်မားလာစေရေး၊ မြန်မာနိုင်ငံ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန တည်ထောင်နိုင်ရေး၊ ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များ စာအုပ်ပြုစုထုတ်ဝေအသုံးပြုနေမှုနှင့် Tablet ဖုန်းများ အသုံးပြု၍ ကျန်းမာရေးသတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့နှင့် တွေ့ဆုံစဉ် WFP ၏ မြန်မာနိုင်ငံတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်မည့် မဟာဗျူဟာအစီအစဉ်ပါ လုပ်ငန်းများ၊ လက်ရှိတွင် ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်များ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရပြည့်ဝမှု အခြေအနေလေ့လာခြင်းစစ်တမ်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်း၍ WFP အဖွဲ့က ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်း၊ မြန်မာနိုင်ငံအဏုအာဟာရနှင့် အစာစားသုံးမှုအခြေအနေလေ့လာရေးစစ်တမ်း၏ ကနဦးရလဒ်များကိုလည်း မကြာမီထုတ်ပြန်နိုင်ရေး၊ WFP က တင်ပြလာသော စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရမြှင့်တင်ရေးလုပ်ငန်းများအား ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **သတင်းစဉ်**

**❒ မြောက်ဦးမြို့မှ**

ဝင်းမှတ်တမ်း အမွေအနှစ်များသည် ကမ္ဘာလုံးဆိုင်ရာ သိသာထင်ရှားမှု၊ အတုမရှိကြောင်း ဖော်ပြမှုနှင့် လူသားတို့အတွက် အစားထိုးမရနိုင်သော အမွေအနှစ်များဖြစ်မှုတို့ ဖြစ်သည်။

မှတ်တမ်းအမွေအနှစ်ဆိုသည်မှာ စာကြည့်တိုက်၊ ပြတိုက်နှင့် မော်ကွန်းတိုက်ဆိုင်ရာ စုဆောင်းမှုများဖြစ်သော ကျောက်စာ၊ လက်ရေးစာများ၊ တန်ဖိုးမဖြတ်နိုင်သော စာအုပ်များ၊ သတင်းစာများ၊ ဓာတ်ပုံနှင့်ပန်းချီကားများ၊ မြေပုံများ၊ ဖလင်များ၊ အသံနှင့် ဗီဒီယိုအခွေများ၊ စီဒီ၊ အသံမှတ်တမ်းများ၊ ဝက်ဘ်စာမျက်နှာများ၊ သတင်းအချက်အလက် အရင်းအမြစ်များ၊ စာရွက်စာတမ်းအထောက်အထားများ စသည်တို့ဖြစ်သည်။

အထက်ပါ မှတ်တမ်းအမွေအနှစ်များသည် လူသားအားလုံးနှင့် သက်ဆိုင်သောကြောင့် ယင်းအမွေအနှစ်များကို ပြုပြင်ထိန်းသိမ်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန်၊ မှတ်တမ်းအမွေအနှစ်များအား သိမြင်အလေးထားမှုမြှင့်တင်ရန်နှင့် အပြန်အလှန် အလေးထားမှုရှိစေရန် အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ထောက်ပံ့ကူညီရေးတို့ လိုအပ်သည်။ ယင်းအချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် မှတ်တမ်းအမွေအနှစ်များအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းအဖြစ် သတ်မှတ်နိုင်ရန် ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်သည်။

ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အစီအစဉ်ကို ၁၉၉၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး နှစ်နှစ်တစ်ကြိမ် ကမ္ဘာအရပ်ရပ်မှတင်သွင်းသော မှတ်တမ်းအမွေအနှစ်များအား စိစစ်၍ ကမ္ဘာ့မှတ်တမ်း အမွေအနှစ်အဖြစ် သတ်မှတ်စာရင်းသွင်းခဲ့ရာ ယခုအချိန်အထိ ကမ္ဘာတစ်ဝန်းမှ မှတ်တမ်း အမွေအနှစ်ပေါင်း ၃၄၈ ခုကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်များဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ရာတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ကမ္ဘာ့မှတ်တမ်း အမွေအနှစ်များ ကာကွယ် ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေရန်နှင့် အသိပညာများတိုးပွားလာစေရန် ရည်ရွယ်၍ ၁၉၉၈ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီ (Memory of the World Committee for Asia and the Pacific-MOWCAP)ကို တည်ထောင်ခဲ့သည်။ ထိုကော်မတီတွင် ဒေသတွင်းနိုင်ငံပေါင်း ၄၃ နိုင်ငံပါဝင်ပြီး ယူနက်စကို၏ အာရှ-ပစိဖိတ်ဒေသတွင်းကော်မတီအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ယခုအချိန်အထိ အာရှ-ပစိဖိတ် ဒေသတွင်း နိုင်ငံပေါင်း ၁၈ နိုင်ငံတွင် အမျိုးသား ကမ္ဘာ့မှတ်တမ်း အမွေအနှစ်ကော်မတီများ ဖွင့်လှစ်ထားရှိသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာနသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ရှာဖွေဖော်ထုတ် ထိန်းသိမ်းလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များဖြစ်သော ရှေးဟောင်းမြို့တော်များအား ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းဆောင်ရွက်ခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား စာရင်းကောက်ယူခြင်းနှင့် မှတ်တမ်းအမွေအနှစ်များအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းတင်သွင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အစီအစဉ်တွင် ၂၀၁၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံမှ မှတ်တမ်းအမွေအနှစ်များအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းသတ်မှတ်နိုင်ရေး အမည်စာရင်းတင်သွင်းခဲ့ရာ ၂၀၁၃ ခုနှစ်တွင် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကျောက်စာများကို လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် မြစေတီ (ရာဇကုမာရ်)ကျောက်စာအပြင် ဂျာမနီနိုင်ငံမှ မြန်မာနိုင်ငံနှင့် ပူးတွဲတင်သွင်းသော မြန်မာဘုရင် အလောင်းဘုရားက ဗြိတိန်ဘုရင်ဂျော့-၂ ထံသို့ ပေးပို့ခဲ့သော ရွှေပြားပေါ်တွင် ရေးသားထားသည့် ရွှေပေလွှာကို လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ရွှေစည်းခုံဘုရားရှိ ဘုရင့်နောင် မင်းတရားကြီး၏ ခေါင်းလောင်းစာကို လည်းကောင်း ကမ္ဘာ့မှတ်တမ်း အမွေအနှစ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။ ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာအား ယူနက်စကို၏ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အစီအစဉ်သို့ တင်သွင်းခြင်း မပြုမီ ၂၀၁၅ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီ(MOWCAP)သို့ စာရင်းတင်သွင်းခဲ့ရာ ၂၀၁၆ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။

အာနန္ဒစန္ဒြကျောက်စာတိုင်မှာ ဝေသာလီမြို့ဟောင်းမှ ရှစ်သောင်းပုထိုးတော်ကြီးသို့ အေဒီ ၁၅၃၆ ခုနှစ်တွင် မင်းဗာကြီး (၁၅၃၁-၁၅၅၃)မှ ပြောင်းရွှေ့စိုက်ထူထားခြင်း ဖြစ်သည်။ ကျောက်စာတိုင်မှာ လေးမျက်နှာရှိပြီး အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် အိန္ဒိယမြောက်ပိုင်းသုံး ရှေးအက္ခရာများဖြင့် ကျောက်တိုင်တစ်တိုင်တည်းတွင် အေဒီ ၆၀၀ မှ အေဒီ ၁၀၀၀ အတွင်း အနှစ် ၂၀၀ မျှစီခြား၍ ပြာဟ္မီပွားအက္ခရာသုံးမျိုးဖြင့် ရေးထိုးထားသော အလွန်ရှားပါးသည့် ကျောက်စာတိုင်ဖြစ်သည်။ ရခိုင်မင်းဆက်များအကြောင်းကို ဖော်ပြထားပြီး ကျောက်စာရေးထိုးခိုင်းသူ အာနန္ဒစန္ဒြအမည်ရှိသော မင်း၏အကြောင်းကို ကြေညာသော သြဘာစာဖြစ်သည်။

အဆိုပါ အာနန္ဒစန္ဒြကျောက်စာကို ယခုနှစ်တွင် ယူနက်စကို ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ကော်မတီသို့လည်း ကမ္ဘာ့မှတ်တမ်း အမွေအနှစ်စာရင်း၌ ထည့်သွင်းသတ်မှတ်နိုင်ရေး တင်သွင်းသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကွန်ဖရင့် - ၂၀၁၈ ကျင်းပမည်

**နေပြည်တော် ဇွန် ၇**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ကွန်ဖရင့်-၂၀၁၈ (Myanmar Tourism Conference 2018)ကို ဇွန် ၁၂ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## ခွေးရူးပြန်ရောဂါဖြစ်ပွားမှုနှင့် ခွေးရူးပြန်ရောဂါကာကွယ်ဆေး၊ ပင့်ပစ္စည်း ဖြန့်ဖြူးထားရှိမှု

**နေပြည်တော် ဇွန် ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုရေးနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို နှီးနွှယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပြည်သူလူထုတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ခွေးရူးပြန်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ခွေးရူးပြန်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ၁၉၉၇ ခုနှစ်မှ စတင်၍ စောင့်ကြပ်ကြည့်ရှုရသော ရောဂါ ၁၇ မျိုးတွင် ထည့်သွင်းကာ လစဉ် ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှ ဗဟိုအထိ အဆင့်ဆင့်သတင်းပို့စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဆက်လက်ဖော်ပြပါမည်)**




**ပုံ(၁) ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခွေးကိုက်လူနာဦးရေ**




**ပုံ(၂) ၂၀၁၀ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ခွေးကိုက်ခံရသူဦးရေနှင့် ခွေးရူးပြန်ရောဂါ ဖြစ်ပွားသေဆုံးသူဦးရေ**

✪ အမျိုးသားစာပေဆုမှ

စာအုပ်စာတမ်းများထဲမှ အကောင်းဆုံးစာအုပ်ကို ရွေးချယ်ပေးတဲ့ဆုဖြစ်ပါကြောင်း၊ စာအုပ်စာတမ်း ပြည့်ပြည့်စုံစုံရရန်အတွက် အထူးတာဝန်အနေဖြင့် အတွင်းရေးမှူးအဖွဲ့ကို တာဝန်ပေးပါကြောင်း။

ဆရာကြီး ဦးသော်ကောင်း ဦးဆောင်သည့် ၂၀၁၆ ခုနှစ် ကော်မတီတွင် အဖွဲ့ဝင်(၇၇)ဦး ပါရှိခဲ့ပါကြောင်း၊ အဲဒီမှာ ဥက္ကဋ္ဌက ဆရာကြီး ဦးသော်ကောင်း ဖြစ်ပါကြောင်း၊ ဒုတိယဥက္ကဋ္ဌက ဆရာဦးခင်အေးနှင့် ဆရာမောင်ပေါ်ထွန်း တို့ဖြစ်ပါကြောင်း၊ ကျန်းမာရေးအတွက် တချို့နုတ်ထွက်ခဲ့ခြင်းကြောင့် အဖွဲ့ဝင် ၆၅ ဦး ကျန်ပါကြောင်း၊ ၆၅ ဦးဖြင့် ယမန်နှစ်က အမျိုးသားစာပေဆုစိစစ် ရွေးချယ်ရေးလုပ်ငန်းကို အကောင်းဆုံးဆောင်ရွက်နိုင်သည်ဟု မိမိထင်ပါကြောင်း၊ ဒီကော်မတီက ဆရာကြီး ဦးသော်ကောင်း ဦးဆောင်ပြီးလုပ်ပါကြောင်း၊ ဒီမိုကရေစီအစိုးရလက်ထက်မှာ နိုင်ငံရေးစိတ်တွေပြောင်းလာတာနှင့်အမျှ မိမိတို့ကော်မတီက မူဝါဒအသစ်များ ချမှတ်ဆောင်ရွက်ရပါကြောင်း။

## လွတ်လပ်သည့်ပညာရှင်အဖွဲ့အစည်း

ပထမဆုံးချမှတ်သည့်မူဝါဒမှာ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းလိုက်သည့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက စာပေဆုများရွေးချယ်ခြင်းနှင့် ပတ်သက်ပြီး စာပေမူဝါဒများချမှတ်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ စွက်ဖက်ချက်၊ ပြန်ကြားရေးဝန်ကြီး၏ ပါဝင်ပတ်သက်မှုများမရှိစေရ၊ အခြားအပြင်မှ တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့၏ ဩဇာလွှမ်းမိုးမှုလည်း မရှိစေရဘဲ လွတ်လပ်သည့် ပညာရှင်အဖွဲ့အစည်းအဖြစ်ရပ်တည်ရန် ဆရာကြီး ဦးသော်ကောင်း ဦးဆောင်၍ ကြိုးပမ်းခဲ့ပါကြောင်း။

မိမိတို့ ပထမဆုံးမူဝါဒများ ချမှတ်ရာတွင် နံပါတ်တစ်အချက်က အမျိုးသားစာပေဆုသည် ပြိုင်ပွဲမဟုတ်ပါကြောင်း၊ ထွက်သမျှစာအုပ်များ ပြည့်ပြည့်စုံစုံရရမည်၊ ဒီအထဲကမှ အကောင်းဆုံးစာအုပ်ကို ရွေးချယ်ခြင်းဖြစ်ပါကြောင်း၊ ရွေးချယ်သည့်အခါ အဂတိကင်းကင်း၊ သမာသမတ်ရှိရှိနှင့် ရသင့်ရထိုက်သောစာအုပ်များရရှိစေရန် ချမှတ်ပါကြောင်း၊ နံပါတ်နှစ်မှာ အပြောစကားပြေအရေးအသားနှင့် ရေးသားသည့် စာအုပ်များအားလုံး ၂၀၁၆ ခုနှစ် စိစစ်ရွေးချယ်ရေးပွဲတွင် ပါဝင်စဉ်းစားပေးရန် ဆုံးဖြတ်ခဲ့ပါကြောင်း၊ ယင်းကို အဖွဲ့ဝင်အားလုံးက ညီညီညွတ်ညွတ် လက်ခံပြီး ထောက်ခံခဲ့သည့်အတွက် မနှစ်က ဆုရစာအုပ်များကို ပြန်ကြည့်လျှင် ပိုပြီး ထင်ထင်ရှားရှားတွေ့နိုင်ပါကြောင်း၊ နံပါတ်သုံးပြောင်းလဲချက်က အမျိုးသားစာပေကဗျာဆုနှင့် ပတ်သက်ပြီး ခေတ်ပေါ်ကဗျာဟု ပြောကြသည့် ကဗျာအမျိုးအစားကို ထည့်သွင်းစဉ်းစားပေးရန်မူဝါဒချမှတ်ပါကြောင်း၊ အဲဒီအတွက် အမျိုးသားစာပေဆုမှာ မူလရှိရင်းစွဲ ဂန္ထဝင်ကဗျာ၊ အစဉ်အလာကဗျာဟု အချို့က ပြောကြပါကြောင်း။

## မူဝါဒအတိုင်း

အစဉ်အလာကဗျာနှင့်အတူ ခေတ်ပေါ်ကဗျာကို တန်းတူစဉ်းစားမည်။ စဉ်းစားပြီး ကဗျာဆုတစ်ဆုတည်း၏ ခေါင်းစဉ်အောက်တွင် အစဉ်အလာကဗျာရော၊ ခေတ်ပေါ်ကဗျာရော နှစ်ခုလုံးထဲမှ ကောင်းသည့်ကဗျာစာအုပ် တစ်အုပ်ကို ရွေးမည်။ ကဗျာဆုကတော့ တစ်ဆုတည်း ဖြစ်ပါကြောင်း၊ အဲဒီနှစ်က အဖွဲ့ဝင်အများစုက ကဗျာနှင့်ပတ်သက်ပြီး အလေးအနက်လေ့လာသူများပါဝင်ပါကြောင်း၊ ဒီလိုမူရွေးချယ်သည့်အခါ ကန့်ကွက်မှု၊ အမြင်မတူမှုများရှိပါကြောင်း၊ ရှိသော်လည်း နဂိုညှိနှိုင်းဆွေးနွေးသည့်အခါ မိမိတို့မူဝါဒအတိုင်း ဖြစ်ပါကြောင်း။

ဝန်ကြီးကိုယ်တိုင် တက်သည့်အစည်းအဝေးဖြစ်သော်လည်း ဝန်ကြီးကဘာမှ ဝင်ရောက်မစွက်ဖက်ပါကြောင်း၊ ကော်မတီက ဆွေးနွေးသည့်အတိုင်း အတည်ပြုပေးရန် ဖြစ်ပါကြောင်း၊ မိမိတို့ တစ်ဖက်နှင့်တစ်ဖက် ပညာရပ်ဆိုင်ရာ ကိစ္စငြင်းရခုံရပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်း၍မရသည့်အခါ အမျိုးသားစာပေဆုရွေးချယ်ရေးကလည်း စတင်နေပြီဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ လုပ်ရန်အတွက် ဒါကို ဆုံးဖြတ်မည်ဆိုလျှင် ပြောင်းလဲလာသည့် ဒီမိုကရေစီစနစ်နှင့်အညီအဖွဲ့ထဲမှာ ပြဿနာကို ညှိနှိုင်း၍မရသဖြင့် နောက်ဆုံးတွင် အဖွဲ့ဝင်အားလုံး၏ဆန္ဒကို ယူရပါကြောင်း၊ ယူသည့်အခါ မဲပေးပါကြောင်း၊ မဲပေးသည့်အခါ ၂၀၁၆ ခုနှစ်က တက်လာသူအားလုံး မဲပေးပါကြောင်း၊ မဲပေးပြီး ဆုံးဖြတ်သည့်အခါ ကဗျာဆုကို တစ်ဆုပဲ၊ သို့သော် ဒီကဗျာဆုထဲမှာ အစဉ်အလာကဗျာရော၊ ခေတ်ပေါ်ကဗျာရော နှစ်ခုစလုံးကို တန်းတူရည်တူထားဆွေးနွေးပြီး အကောင်းဆုံးစာအုပ်ကို ပေးရန်ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ်က ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၆ ခုနှစ် ကဗျာဆုရွေးချယ်ပါကြောင်း၊ ကဗျာစာအုပ်ပေါင်း ၂၅၀ လောက်ရပါကြောင်း၊ အဲဒီထဲမှာ မနှစ်က ရွေးလိုက်တာက ခေတ်ပေါ်ကဗျာဟု ပြောနိုင်သည့်စာအုပ်ဖြစ်သွားပါကြောင်း။

## သမာသမတ်ရှိမည့်

အဲဒီမှာလည်း မနှစ်က ဒီဟာကို မကျေနပ်သည့်အတွက် ကဗျာခေါင်းဆောင်တာဝန်ပေးထားသည့် ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)က ထွက်သွားပါကြောင်း၊ နောက်တစ်ခါ ကဗျာဆု နှစ်ဆုမပေးသည့်အတွက် အမျိုးသားစာပေဆုရကဗျာဆရာကြီး မြင်းမူမောင်နိုင်မိုးက ထွက်သွားပါကြောင်း၊ ထွက်သွားသည့်အတွက် မိမိတို့က ဒီကဗျာဆုကို ပြန်ပြီးအားဖြည့်ရန်၊ ခေါင်းဆောင်တင်ရန်အတွက် သမာသမတ်ရှိမည့် ခေါင်းဆောင်များ ရှာရပါကြောင်း။

ဒီနှစ် ၂၀၁၇ ခုနှစ် စုံညီအစည်းအဝေးကျင်းပပါကြောင်း၊ ကျင်းပသည့်အခါ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်တက်ပါကြောင်း၊ တက်သည့်အခါ ဒီလိုပဲ ကဗျာပြဿနာ ပြန်ပေါ်လာပါကြောင်း၊ အဲဒီနေ့က ဆရာဟိန်းလတ်ကိုယ်တိုင် တင်ပြထားပါကြောင်း၊ ဆရာပြောတာ ကောင်းပါကြောင်း၊ အမျိုးသားစာပေဆုရွေးချယ်ရေးအဖွဲ့အနေဖြင့် စာပေညီလာခံတွင် ဆုံးဖြတ်ခဲ့သည့် ကဗျာဆု နှစ်ဆုပေးရေးကို ဒီမှာဆုံးဖြတ်ပေးစေချင်ပါတယ်ဟု ပြောခဲ့ကြောင်း၊ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်လည်း ဒီကိစ္စကို ကော်မတီဝင်တွေဆွေးနွေးပါ၊ ကော်မတီဝင်တွေ ဆွေးနွေးတဲ့အတိုင်း အတည်ပြုပေးပါ့မယ်၊ နှစ်ဆုဆိုလည်း နှစ်ဆု၊ အတည်ပြုပေးပါ့မယ်ဟု ပြောပါကြောင်း။




အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၇ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးမူဝါဒ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။

အဲဒီအခါမှာ ပညာရှင်များပြန်ပြီး ဆွေးနွေးကြပါကြောင်း၊ ဆွေးနွေးသည့်အခါ နောက်ဆုံးအထိ အဖြေမရပါကြောင်း၊ အဖြေမရသည့်အခါ ကော်မတီတစ်ခု၏ လုပ်ထုံးလုပ်နည်းအရ နောက်ဆုံးတွင် မဲခွဲရပါကြောင်း၊ ခွဲသည့်အခါ အချိန်လည်း လင့်နေသည့်အတွက်၊ အဖွဲ့ဝင်အားလုံး၏ ဆန္ဒကိုလည်း လိုချင်သည့်အတွက် အဖွဲ့ဝင်အားလုံးထံ စာအိတ်နှင့် ချိပ်ပိတ်ပြီး မဲဆန္ဒယူပါမည်၊ မဲဆန္ဒယူသည့်အခါ ဆရာတို့ ချိပ်ပိတ်ပြီး ပြန်ပေးပါ၊ အတွင်းရေးမှူးအဖွဲ့တောင် ဝင်မပါဘဲ ပိုပြီး သံသယကင်းအောင် စာပေဗိမာန်အထောက်အကူပြုရေးအဖွဲ့က တာဝန်ယူပါဆိုပြီး လုပ်ပါကြောင်း၊ အဲဒီအချိန်မှာ မဲဆန္ဒပေးတာကို သဘောမတူပါဘူးဆိုပြီး ဘယ်သူမှ မကန့်ကွက်ပါကြောင်း၊ ဒီထက်ကောင်းသည့် နည်းလမ်းရှိလျှင် တင်ပြပါ၊ ကျွန်တော်တို့ ဆောင်ရွက်ပေးပါ့မယ်ဆိုတော့လည်း ဘယ်သူမှ မတင်ပြပါကြောင်း။

## တစ်ဆုတည်းပေးတာက မဲ ၄၀

နောက်ဆုံးတွင် အလုပ်ဖြစ်အောင် ဒီနည်းပဲသုံးရကြောင်း၊ သုံးသည့်အခါ လကုန်ရက်တွင် နောက်ဆုံးယူသည့်အတွက် ၃ ရက်နေ့ စုံညီအစည်းအဝေး ပြန်ကျင်းပပြီး တက်ရောက်လာသူအားလုံးရှေ့တွင် စာပေဗိမာန်အထောက်အကူပြုအဖွဲ့က ဖွင့်ဖောက်ပါကြောင်း၊ ဖွင့်ဖောက်ပြီး သဘာပတိကို တင်ပြပါကြောင်း၊ ဒီနေ့ အစည်းအဝေးမှာ ဒီလိုဖြစ်နေပါတယ်၊ ဒါကိုခွဲချင်လို့ အဖွဲ့ကနေ မဲဖွင့်ဖောက်ပါမယ်၊ အဖွဲ့ဝင်အားလုံး ဘာပြောစရာရှိသလဲ မေးပြီး မဲဖောက်ပါကြောင်း၊ ဖောက်သည့်အခါ အဖွဲ့ဝင် ၆၅ ဦးလုံး မဲပေးပါကြောင်း၊ သူတို့ မဲအိတ်များအားလုံးက အခုချိန်ထိအောင် အမျိုးသားစာပေဆုရွေးချယ်ရေး အထောက်အကူပြုအဖွဲ့တွင်ရှိနေပါကြောင်း၊ အဲဒီမှာ မဲရေတွက်သည့်အခါ ကဗျာကို မနှစ်ကလိုပဲ တစ်ဆုတည်းပေးတာက မဲ ၄၀ ရပြီး ကဗျာကို နှစ်ဆုပေးတာက ၂၃ မဲဖြစ်ပါကြောင်း၊ နှစ်မဲက ပယ်မဲဖြစ်နေပါကြောင်း။

မဲရလဒ်ကို သဘာပတိဖြစ်သည့် ဆရာကြီး ဦးခင်အေးကို တင်ပြပြီး ဆရာကြီးက အများဆန္ဒအတိုင်းဆိုလျှင် ကြေညာလိုက်ပါတော့ဟု ခွင့်ပြုသဖြင့် ကြေညာလိုက်ပါကြောင်း၊ ကြေညာပြီးသည့်အချိန်တွင် စာရေးဆရာမ မစန္ဒာက ချက်ချင်းဒီအဆိုကို ကန့်ကွက်ပါကြောင်း၊ ပထမအစည်းအဝေးမှာကတည်းက အဖွဲ့ဝင်တစ်ယောက် နှစ်ယောက်က ကဗျာဆုရွေးချယ်သည့်အခါ ဝန်ကြီးကိုယ်တိုင် ပါဝင်ဆုံးဖြတ်ပေးပါဟု အကြိမ်ကြိမ်ပြောပါကြောင်း။

မိမိတို့ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့အနေဖြင့် လွတ်လပ်သည့် ပညာရှင်အဖွဲ့အစည်းဖြစ်အောင် ကြိုးစားနေပါကြောင်း၊ မိမိတို့ ဆောင်ရွက်ချက်တိုင်းမှာလည်း ဒီဆန္ဒကိုပေါ်လွင်အောင် အမြဲတမ်း ဆောင်ရွက်ပါကြောင်း၊ နောက်ဆုံးပြောချင်တာက မဲဆန္ဒမယူခင်ကလည်း မိမိတို့မေးပါကြောင်း၊ မဲကိုလည်း အားလုံးပေးပါကြောင်း၊ မဲပေး၊ အတည်ပြုပြီးသည့်အခါကျမှ အဖွဲ့ဝင်တချို့က မကျေနပ်လို့ ထွက်ပါကြောင်း၊ မကျေနပ်လို့ဆိုတာလည်း အထူးသဖြင့် မစန္ဒာထွက်ပါကြောင်း၊ နောက်တစ်နေ့မှာ ဆရာသူရဇော်ထွက်ပါကြောင်း။

## ဖြစ်စဉ်အမှန်ကိုတင်ပြခြင်းဖြစ်

ကော်မတီတစ်ခုအတွင်း အများသဘောတူဆုံးဖြတ်တာကို လေးစားလိုက်နာပြီးဆောင်ရွက်ပေးရန် ယဉ်ကျေးမှုတစ်ခုတော့ လိုအပ်ပါကြောင်း၊ အဲဒီအတွက် မိမိတို့က ဖြစ်စဉ်အမှန်ကို တင်ပြခြင်းဖြစ်ပါကြောင်း၊ ဘာလို့ တင်ပြရသလဲဆိုလျှင် တချို့ရေးသားချက်မှာ အမျိုးသားစာပေဆုက ခေတ်ပေါ်ကဗျာကိုပဲ ပေးမယ်၊ နောက်တစ်ခါ ဂန္ထဝင်ကဗျာကို မှေးမှိန်အောင်လုပ်နေပါတယ်၊ အမျိုးသားယဉ်ကျေးမှုကို ထိပါးအောင်လုပ်နေပါတယ်ဟု အကြိမ်ကြိမ်စွပ်စွဲပါကြောင်း၊ ဒီကော်မတီအတွင်းမှာကို အကြိမ်ကြိမ်စွပ်စွဲထားတာ အများကြီး ရှိပါကြောင်း။

သို့သော် အဲဒါတွေက စာနယ်ဇင်းတွေထဲ ရောက်သွားတဲ့အခါ အခြေအနေမှန်ကို မသိကြသူ၊ စာဖတ်သူများလက်ထဲမှာ အင်မတန်ကို ထင်ယောင်ထင်မှားနှင့် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအပေါ် ထင်ယောင်ထင်မှားဖြစ်လာပါကြောင်း၊ အားလုံးကြားထဲတွင် စာပေဆရာများ၊ စာရေးဆရာများဖြစ်ပါလျက်နှင့် အမုန်းစကား၊ ဒေါသစကားတွေပြန့်ပွားလာမည်ကို စိုးရိမ်ပါကြောင်း၊ အဲဒီလိုမဖြစ်အောင် သတင်းစာရှင်းလင်းပွဲကို ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ နောက်ဆုံး မဖြစ်သာလို့သာ ခေါ်ယူကျင်းပရခြင်းဖြစ်ပါကြောင်း၊ အဲဒီလိုကျင်းပရသည့်အတွက် တကယ့်ကို ဝမ်းနည်းပါကြောင်း၊ စာရေးဆရာ၊ စာပေပညာရှင်ဖြစ်သူများ၏ အမုန်းစကားများကထပ်ပြီး စာနယ်ဇင်းများ၊ ဖေ့စ်ဘွတ်များတွင် မပါဝင်စေချင်သည့်ဆန္ဒဖြင့် တင်ပြရခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

## မျှမျှတတဆုံးဖြတ်နိုင်အောင်

ယင်းနောက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ဦးငွေးဝင်း(မောင်လင်းရိပ်)က ရှင်းလင်းပြောကြားရာတွင် ကဗျာရွေးချယ်ရေးကော်မတီဖွဲ့သည့်အခါ မိမိတို့က ကဗျာအမျိုးအစားအားလုံးကိုခြုံပြီး အကျုံးဝင်အောင်စဉ်းစားပါကြောင်း၊ အမှန်အတိုင်းဆိုလျှင် ကဗျာအမျိုးအစားက ခေတ်ပေါ်နှင့် ဂန္ထဝင်ဟန် အစဉ်အလာ ကဗျာဆိုတာထက်ကို လက်တွေ့က များပါကြောင်း၊ ဒါပေမယ့် အဓိကအားဖြင့် ဒီနှစ်ခုရှိတော့ နှစ်ခုကိုမျှမျှတတနှင့် အကုန်လုံးလည်း သေသေချာချာသိပြီး ဆုံးဖြတ်နိုင်အောင် ကဗျာဆုရွေးချယ်ရေး အဖွဲ့ဝင်များ ဖွဲ့စည်းသည့်နေရာတွင် အရေးကြီးပါကြောင်း၊ ဆရာကြီး ဦးသော်ကောင်း အတည်ပြုပြီး မိမိတို့ ဖွဲ့စည်းရွေးချယ်ထားသည့် ကဗျာအဖွဲ့ငယ်တွင် အဖွဲ့ခေါင်းဆောင်က ဆရာမောင်ဟုန်ဝမ်(ကထိက)ဖြစ်ပါကြောင်း၊ ဆရာသည် မြန်မာစာဌာနတွင် နှစ်ပေါင်းများစွာ အမှုထမ်းခဲ့သူ တစ်ဦးဖြစ်ပါကြောင်း၊ ဒုတိယခေါင်းဆောင်ကတော့ မိမိဖြစ်ပါကြောင်း၊ တတိယအဖွဲ့ဝင်မှာ ဆရာဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)ဖြစ်ပါကြောင်း၊ နောက်တစ်ယောက်က ဆရာဦးမြဝင်း(မြဝင်း-ဒဿန) ဖြစ်ပါကြောင်း၊ နောက်တစ်ဦးက ဆရာသူရဇော် ဖြစ်ပါကြောင်း၊ နောက် ဆရာမြင့်စိုးလှိုင် ဖြစ်ပါကြောင်း၊ တက္ကသိုလ်က မြန်မာစာဆရာတစ်ဦးဖြစ်ခဲ့ပြီး သူငယ်နုစဉ် ကဗျာရေးဖွဲ့စဉ်က လေးချိုးများသည် နာမည်ကြီး ထင်ရှားခဲ့ပါကြောင်း၊ နောက်တစ်ယောက်က ဆရာဒေါက်တာအောင်ကြီးဖြစ်ပြီး ဆရာသည်အသက်မွေးဝမ်းကျောင်းအရ ဆရာဝန်တစ်ဦးဖြစ်သော်လည်း အက်ဆေးနှင့် ကဗျာခံစားမှု၊ ဘာသာပြန်ကဗျာ စသဖြင့် ကဗျာနှင့်ပတ်သက်သော ဆောင်းပါးပေါင်းများစွာရေးခဲ့သည့်၊ နားလည်ကျွမ်းကျင်သည့် ဆရာတစ်ဦးဖြစ်ပါကြောင်း၊ နောက်တစ်ယောက်က ဆရာမောင်သင်းခိုင်ဖြစ်ပါကြောင်း၊ နောက်တစ်ယောက်က ဦးညီညီ(ဆရာမောင်ပြည့်မင်း)ဖြစ်ပြီး ဆရာသည်လည်း မြန်မာနိုင်ငံကဗျာဆရာသမဂ္ဂမှာ ဆောင်ရွက်ခဲ့ပါကြောင်း၊ အရင်တက္ကသိုလ်ကျောင်းသားဘဝက အစဉ်အလာကဗျာများ ရေးဖွဲ့ခဲ့ပြီး အခုနောက်ပိုင်း ခေတ်ပေါ်ကဗျာများကို တွင်တွင်ကျယ်ကျယ် ရေးသားနေသည့် ကဗျာဆရာဖြစ်ပါကြောင်း၊ နောက်တစ်ယောက်က ဆရာမင်းထက်မောင် ဖြစ်ပါကြောင်း၊ ဒီအဖွဲ့ဝင်စာရင်းကို အခု သတင်းစာရှင်းလင်းပွဲမှာပြောကြားခြင်းသည် ဘာကိုထင်ရှားစေချင်သလဲဆိုလျှင် မိမိတို့သည် ကဗျာအမျိုးအစားမရွေး အဖွဲ့၏ ဆန္ဒ၊ ဆုံးဖြတ်ချက်၊ အဖွဲ့၏ သုံးသပ်မှု၊ ပိုပြီး ပြည့်ဝကျယ်ပြန့်စုံလင်စေချင်သည့်အတွက် ဘယ်လိုပုဂ္ဂိုလ်များကို ထည့်သွင်းဖွဲ့စည်းထားသည်ကို သိစေချင်၍ တင်ပြရခြင်းဖြစ်ပါကြောင်း။

## အဓိကတင်ပြနေသည့်အချက်

ကဗျာတွေကိုဖတ်ရှုသုံးသပ်သည့်နေရာတွင် ထည့်သွင်းစဉ်းစားရမည့်မူများကို ၂၀၁၆ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီနှင့် အဖွဲ့ငယ်များ၏ အစီရင်ခံစာတွင် စာပေဆုချီးမြှင့်စဉ်က ဖြန့်ဝေပြီးသားဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်နိုင်(ထက်မြက်)က ရှင်းလင်းပြောကြားရာတွင် အဓိကပြောချင်သည်မှာ အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီမှ နုတ်ထွက်သွားသည့် ပုဂ္ဂိုလ်များ အဓိကတင်ပြနေသည့် သတင်းတွင်ဖတ်ရသည့် အချက်ကဘာလဲဆိုတော့ စာပေညီလာခံ၏ ဆုံးဖြတ်ချက်ကို ဝန်ကြီးနှင့်အတူ ဒီအမျိုးသားစာပေဆုကော်မတီက ဆန့်ကျင်တယ်ဆိုသည့် သဘောထား ဒါ(၁)အချက် မိမိပြောချင်ပါကြောင်း၊ (၂)အချက်က မိမိတို့ ကဗျာဆုပြဿနာပေါ်နေသည့်ဟာက မော်ဒန်ကဗျာမှ၊ ခေတ်ပေါ်ကဗျာမှ ဆုပေးရေးဆိုတာမဟုတ်ကြောင်း၊ အဲဒီ နှစ်ချက်နှင့် ပတ်သက်ပြီး ပြောချင်ပါကြောင်း။

**စာမျက်နှာ ၉ သို့ ✱**

✻ စာမျက်နှာ ၈ မှ

အခုပိုပြီး ကြီးကျယ်လာတာက သမိုင်းတရားခံမဖြစ်ချင်ဘူးဆိုသည့် စကားက တော်တော်လေးရင့်သီးသည်ဟု ထင်ပါကြောင်း၊ ဒါတွေဟာမပြောသင့် မပြောအပ်တာတွေ ဖြစ်ပါကြောင်း၊ ဘယ်သူသည် သမိုင်းတရားခံ အခုဖြစ်လာကြသလဲ၊ ဘယ်သူဟာ သမိုင်းမှာသူရဲကောင်းဖြစ်သလဲဆိုတာ အခု အမျိုးသား စာပေဆုကော်မတီဝင်များဖြတ်သန်းခဲ့သည့် စာရေးဆရာများထဲတွင် အများကြီး သိသာပါကြောင်း၊ အဲဒီတော့ သမိုင်းတရားခံကိစ္စကို အဲဒီလောက်ကြီးလည်း ကြီးကြီးကျယ်ကျယ်ပြောဖို့ မလိုဘူးဟု ထင်ပါကြောင်း။

**စာပေညီလာခံကိစ္စ**

အခု မိမိပြောချင်သည်မှာ စာပေညီလာခံကိစ္စဖြစ်ပါကြောင်း၊ စာပေညီလာခံကျင်းပရန်ဆိုသည့်ကိစ္စကို စတင်တာက Book Plaza က စာရေးဆရာ မြေမှုန်လွင် ဖြစ်ပါကြောင်း၊ သူကစတင်ပြီး စာပေအဖွဲ့အစည်းများကို စာပို့ရင်း စာပေညီလာခံလုပ်ကြရအောင် ဆိုသည့်အတွက် မိမိတို့တက်ကြပါကြောင်း၊ မိမိတို့စာရေးဆရာသမဂ္ဂက က သုံးဦးလွှတ်ပါကြောင်း။

စာပေညီလာခံကျင်းပရန်ကိစ္စကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာရေးဆရာအဖွဲ့အစည်း ၁၁ ဖွဲ့ကိုဖိတ်ပြီး ဒီမှာ ရှင်းလင်းပွဲလုပ်ပါကြောင်း၊ အဲဒီမှာ ဝန်ကြီးနှင့်ပတ်သက်သလား၊ မပတ်သက်ဘူးလားဆိုသည့်ကိစ္စကို မိမိပြောချင်ပါကြောင်း၊ အဲဒီတုန်းက စာရေးဆရာအဖွဲ့အစည်းတွေက ကိုယ်စားပြုပြောသည့်အခါ မိမိအလှည့်ရောက်တော့ တင်ပြခဲ့တာက အရင် ၁၉၆၂ ခုနှစ်က အဲဒီလိုစာပေညီလာခံ ကျင်းပခဲ့ဖူးကြောင်း၊ အဲဒီလိုပဲ အခုဒီမိုကရေစီခေတ်မှာ အစိုးရကဦးဆောင်ပြီး လုပ်သင့်ပါတယ်လို့ မိမိတင်ပါကြောင်း၊ တင်တော့ ဝန်ကြီး ဦးဖေမြင့်ကိုယ်တိုင်က "ဒီထဲမှာ ကျွန်တော်က အစိုးရအနေနဲ့ရော ကျွန်တော့်အနေနဲ့ပါ လုံးဝမပတ်သက်ပါဘူး"၊ မပတ်သက်ဖို့ မြေမှုန်လွင်တို့ လာဆွေးနွေးချိန်မှာလည်း သူကငြင်းခဲ့ပါတယ်တဲ့။ ကျွန်တော်မပတ်သက်ဘဲနဲ့ စာရေးဆရာတွေ အဖွဲ့အစည်း၊ လွတ်လပ်တဲ့ စာပေအဖွဲ့အစည်းတွေအားလုံး ပါဝင်ပတ်သက်ပြီးတော့ ကျင်းပပါဆိုပြီး သူခါးခါးသီးသီးပဲ ငြင်းပယ်ခဲ့ကြောင်း၊ အဲဒီတော့ ဒီကိစ္စဟာ ဆရာဦးဖေမြင့် မပါတာ သေချာပါကြောင်း။

နောက်တစ်ချက်က စာပေအဖွဲ့အစည်း ၁၁ ဖွဲ့တိုင်းက နိုင်ငံတစ်နံတစ်လျားက စာရေးဆရာအားလုံးကို ကိုယ်စားပြုတဲ့ အဖွဲ့အစည်းတစ်ဖွဲ့ မဟုတ်ပါကြောင်း၊ စာပေညီလာခံကို "လွတ်လပ်တဲ့စာပေ လွတ်လပ်တဲ့အသံ" ဆိုတဲ့ ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ပါကြောင်း၊ အဲဒီမှာတုန်းကတော့ ဆရာဦးဖေမြင့်က လိုအပ်တာကို မိမိတို့ပြန်ကြားရေးဝန်ကြီးဌာနက ကူညီပါမည်ဟု ပြောခဲ့ပါကြောင်း၊ မိမိတို့အလှူခံသည့်အခါ သိန်းပေါင်း ၂၄၀၀ ထိ ရပါကြောင်း၊ အဲဒါကလည်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အလှူခံပေးသည့်အတွက် ဖြစ်ပါကြောင်း၊ သို့သော် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်ပြားသားမှ ပါဝင်ပတ်သက်တာမဟုတ်သလို ပြန်ကြားရေးဝန်ကြီးဌာနကလည်း တစ်ပြားသားမှ ပါဝင်ပတ်သက်ခြင်း မရှိပါကြောင်း။

ညီလာခံမှာ ဆုံးဖြတ်ချက် ၆၀ မှာ ၄၀ ကို ညီလာခံတက်လာသည့် ကိုယ်စားလှယ်အားလုံးက သဘောတူ၊ မတူ မဲ အနည်းအများ ခွဲကြပါကြောင်း၊ မဲအနည်းအများခွဲပြီးတဲ့ဟာကို ဒီဝန်ကြီးဌာနနှင့်ရော ကျန်တဲ့လူတွေရော ပေးပို့ခွင့်ရှိတယ်ဆိုတဲ့ သဘောထားရှိပါကြောင်း၊ ပြန်ကြားရေးနှင့်ဆိုင်တာ ပြန်ကြားရေး၊ ပြည်ထဲရေးနဲ့ဆိုင်ရင် ပြည်ထဲရေးပို့မယ်၊ ဘဏ္ဍာရေးနဲ့ဆိုင်ရင် ဘဏ္ဍာရေးဌာန၊ စီးပွားရေးဌာနကို ပို့မယ်၊ ပို့ပြီးတော့ အဲဒီကနေ လက်ခံရင် ခံမယ်၊ လက်မခံရင်မခံဘူး။ သူတို့ ဆောင်ရွက်ပေးနိုင်ရင် ပေးမယ်၊ အထက်ကို တင်ရင်လည်းတင်မှာ ဖြစ်ပါကြောင်း။

**အတည်ဆုံးဖြတ်ချက်မဟုတ်**

အဲဒီညီလာခံဆုံးဖြတ်တယ်ဆိုတာ အတည်ဆုံးဖြတ်ချက် မဟုတ်ပါကြောင်း၊ အဲဒီထဲမှာ ဘာပါလာသလဲဆိုတော့ ကဗျာဆုတစ်ဆု ပေးရေး၊ နှစ်ဆု ပေးရေးကို ညီလာခံမှာ တင်လိုက်သည့်အခါ အများစုက ကဗျာဆု နှစ်ဆုပေးရေးကို ဆုံးဖြတ်ပါကြောင်း၊ ကဗျာဆု နှစ်ဆုပေးရေးသည် အမျိုးသားစာပေဆုကော်မတီက ကဗျာဆုနှစ်ဆုပေးရမယ်လို့ ဆုံးဖြတ်တာမဟုတ်သလို ပြန်ကြားရေးဝန်ကြီးဌာနကလည်း ဒီအတိုင်းပေးဖို့ ညီလာခံဆုံးဖြတ်တာကို ဆောင်ရွက်ပေးပါလို့ မဆုံးဖြတ်ပါကြောင်း။



စာရေးဆရာ ဟိန်းလတ်



ညိုသစ်ငယ် (ပေါ်ပြူလာဂျာနယ်)



ဦးသိန်းအေး(မြန်မာတိုင်းမ်နေ့စဉ်)



ဦးခင်မောင်ထွေး(မြန်မာ့သတင်းစဉ်)

အဲဒီအထဲမှာ ပြောကြသည်က ဝန်ကြီးက အဲဒီတုန်းကဘယ်လိုသဘောတူတယ်၊ မတူဘူးဆိုပြီးဖြစ်ပါကြောင်း၊ ဒါကတော့ တကယ့်အမှန်တရားမဟုတ်ပါကြောင်း၊ ဘာကြောင့်လဲဆိုတော့ ကဗျာဆု နှစ်ဆုပေးရေးကို အများစုက ထောက်ခံတာ မှန်ပါကြောင်း၊ မိမိတို့ရဲဘော်မိတ်ဆွေတွေဖြစ်တဲ့ အုပ်စုလေး၊ ငါး၊ ဆယ်ယောက်မှာတောင် မိမိတစ်ယောက်ပဲ တစ်ဆုပေးရေး ထောက်ခံကြောင်း၊ အဲဒီတော့ အဲဒီမှာ ကဗျာဆုနှစ်ဆုပေးရေး တင်လိုက်ပါကြောင်း၊ တင်လိုက်တဲ့ဟာက ဝန်ကြီးဌာနကို ရောက်တယ်၊ မရောက်ဘူး မိမိမသိပါကြောင်း။

ကဗျာဆုနဲ့ မပတ်သက်တဲ့ ပြဿနာတွေလည်း အချက် ၄၀ တက်လာပါကြောင်း၊ ဒီအချက် ၄၀ တက်လာတဲ့ဟာက အစိုးရက လိုက်နာကျင့်သုံးဖို့၊ ဆောင်ရွက်ဖို့ဆိုတာ လုံးဝမပါပါကြောင်း၊ မိမိတို့ လွတ်လပ်တဲ့ အသံ၊ လွတ်လပ်တဲ့ စာရေးဆရာများအားလုံးကတင်လိုက်သည့် ဆုံးဖြတ်ချက်များဖြစ်ပါကြောင်း၊ ဒီကိစ္စက တကယ်ဆုံးဖြတ်ပြီးဆုပေးရတာက အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ပေးရတာဖြစ်သည့်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက တရားမျှမျှတတကြည့်ပြီး တစ်ဆုပေးရေးဆိုတာကို အတည်ပြုလိုက်ခြင်းဖြစ်ပါကြောင်း။

**သဘာဝမကျ**

အတည်ပြုလိုက်တာမှာ တစ်ခုတော့ ရှိပါကြောင်း၊ အဲဒီတုန်းက သဘောတူညီချက်နှင့် တစ်ဆုပေးမလား၊ နှစ်ဆုပေးမလားဆိုတာမှာ နှစ်ဆုပေးရေးသမားတွေက ၂၃ ဦးရှိပါကြောင်း၊ အဲဒီ ၂၃ ဦးစလုံးက တစ်ဆုပေးရေး သဘောတူလို့ ၂၃ ဦးစလုံးက ထွက်မသွားပါကြောင်း၊ ဒီလိုထွက်တယ်ဆိုတာကလည်း သိပ်သဘာဝတော့ မကျလှပါဘူးဟု မိမိထင်ပါကြောင်း၊ ဒီထဲမှာ ငါတို့များ နိုင်မလားဆိုပြီး voting လုပ်ပြီးတော့ ကိုယ်ရှုံးတာနဲ့ ထွက်တယ်ဆိုတာ သိပ်သဘာဝမကျပါကြောင်း၊ အဲဒီကိစ္စမျိုးကလည်း စာရေးဆရာများ၊ ပညာရှင်များ၊ ပြည်သူကနေ ကြည့်နေရသည့်စာရေးဆရာများအနေဖြင့် ကိုယ့်သိက္ခာကိုယ် ယုံယုံကြည်ကြည်နှင့် စဉ်းစားတတ်ဖို့ ကောင်းပါကြောင်း။

ဒုတိယက ကဗျာဆုကိစ္စဖြစ်ပါကြောင်း၊ ကဗျာရဲ့ ခေတ်ပေါ် တိုးတက်မှုက မိမိတို့ နိုင်ငံတင်မဟုတ်ဘဲ ကမ္ဘာကြီးမှာလည်း အကုန်လုံးပြောင်းလဲလာပြီဖြစ်ပါကြောင်း၊ အဲဒီအပြောင်းအလဲကြီးတစ်ခုက သမိုင်းရေစီးကြောင်းကြီးတစ်ခုဖြစ်လာပြီ ဖြစ်ပါကြောင်း၊ ဒါကို မိမိတို့ငြင်းပယ်လို့ မရပါကြောင်း၊ သမိုင်းရေစီးကြောင်းကြီးကို မတားကြပါနဲ့၊ တားလို့မရပါကြောင်း ပြောကြားသည်။

**အထင်အမြင်လွဲအောင်ပြောနေ**

ထို့နောက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ဦးခင်မောင်စိုး(မောင်သာမည)ကရှင်းလင်းပြောကြားရာတွင် အထင်အမြင်လွဲတာတွေ၊ အချက်အလက်လွဲတာတွေ ရှိပါကြောင်း၊ အချက်အလက်လွဲတာဆိုလျှင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဲဒီလိုကတိပေးတယ်ဆိုသည်မှာ ဒါအချက်အလက်အလွဲကြီး ဖြစ်ပါကြောင်း၊ ညီလာခံကြီးကနေပြီး ဒီဟာလေးတွေတော့ဖြင့် စဉ်းစားစေချင်ပါတယ်၊ ကဗျာက နှစ်ဆု၊ သုံးဆု၊ လေးဆု၊ ငါးဆု စသဖြင့် ပေးချင်တယ်ဆိုရင် သူကနေပြီး ဒီအဖွဲ့ကို ညီလာခံကဖြင့် ကျွန်တော့်ကို ပြောလိုက်တယ်၊ အဲဒီတော့ ဒီမှာခင်ဗျား တို့ကနေပြီး ဘယ်လိုဖြစ်သင့်တယ်ဆိုပြီး ခင်ဗျားတို့ဘာသာဆွေးနွေး၊ အဲဒါကိုလည်း ပြီးခဲ့တဲ့အစည်းအဝေးမှာ သူအဲဒီအတိုင်းပဲ ပြောပါကြောင်း၊ အဲဒါကလည်း အချက်အလက်လွဲအောင်၊ အထင်အမြင် လွဲအောင်ပြောနေတာ ဖြစ်ပါကြောင်း။

**ခေတ်ကိုမျက်ခြည်ပြတ်**

နောက် ဆရာဖေမြင့်က ပေးထားတဲ့ကတိကို အကောင်အထည်မဖော်ဘူးဆိုပြီး ပြောတာကတော့ သူတို့က ခေတ်ကို မျက်ခြည်ပြတ်သွားသည်ဟု ထင်ပါကြောင်း၊ ခေတ်ကို မျက်ခြည်ပြတ်သွားသည်ဆိုသည်မှာ အရင်ခေတ်တွေဆိုရင်တော့ ရကောင်းရနိုင်ပါကြောင်း၊ အဲဒီအနေအထားမျိုးမှာ ထိပ်ဆုံးကဝန်ကြီးက ပြောလိုက်ရင် ပြီးရောဆိုတဲ့ဟာမျိုးက သူတို့ကိုယ်တိုင်က လွဲနေတာဖြစ်ပါကြောင်း၊ နောက်တစ်ခုက ဒီအဖွဲ့အစည်းက အမိန့်နာခံတတ်တဲ့အဖွဲ့အစည်းလို့ ထင်နေခြင်းဖြစ်ပါကြောင်း၊ အရင်တုန်းကအတိုင်း အထက်ကနေ ဝန်ကြီးတစ်ယောက် ပြောလိုက်မယ်၊ ခေါင်းဆောင်တစ်ယောက်က ပြောလိုက်မယ်၊ အဲဒီအတိုင်း မိမိတို့က လိုက်လုပ်ရပါကြောင်း၊ အဲဒါတွေက စာပေသမိုင်းမှာ ပြန်ပြီးကြည့်လျှင် သိနိုင်ပါကြောင်း။

နောက်တစ်ခု အထင်အမြင်လွဲတာက နှစ်ဆုမပေးချင်တာ ဘာထိခိုက်မှာမို့လို့လဲ၊ ပိုက်ဆံမရှိရင် ပိုက်ဆံရှာမယ်ဆိုတာမျိုး၊ မိမိတို့က တခြားသူကို ပိုက်ဆံမရစေချင်လို့ တစ်ဆုပဲပေးတယ်ဆိုတဲ့ပုံစံမျိုး ဖြစ်ပါကြောင်း၊ စာပေဆုဆိုတာ ငွေရေးကြေးရေးကို အဓိကထားတာ မဟုတ်ပါကြောင်း၊ စာပေဂုဏ်သိက္ခာကို ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ အဲဒါကိုလည်း အခုတက်ရောက်လာသည့် သတင်းထောက်များက အများပြည်သူသိအောင် မေးခွန်းတွေထုတ်ပါ၊ ပြန်ပြီးတော့လည်း တင်ပြကြပါလို့ ပြောလိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဖြေကြား**

ယင်းနောက် တက်ရောက်လာကြသည့် စာပေပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

၂၀၁၇ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီကို ဥက္ကဋ္ဌ စည်သူဒေါက်တာဦးသော်ကောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဒေါက်တာခင်အေး (မောင်ခင်မင်- ဓနုဖြူ)နှင့် ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)၊ အတွင်းရေးမှူး ဦးသန်းအုန်း(မောင်ဇေယျာ)၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် ဦးကြည်ဝင်း (လောကအမွန်)နှင့် ဦးငွေးဝင်း (မောင်လင်းရိပ်) တို့အပါအဝင် စာပေပညာရှင် ၆၅ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။

၂၀၁၇ ခုနှစ် အမျိုးသားစာပေဆုရွေးချယ်နိုင်ရေးအတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာ၊ စာပဒေသာ၊ ပြဇာတ်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ၊ ကလေးစာပေ၊ လူငယ်စာပေ၊ ဘာသာပြန်(သုတ/ရသ)၊ သုတပဒေသာ(ဝိဇ္ဇာ)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ/အသုံးချသိပ္ပံ)၊ နိုင်ငံရေးစာပေ၊ အင်္ဂလိပ်ဘာသာ(သုတ/ရသ)၊ အက်ဆေးစာပေနှင့် ရည်ညွှန်းစာပေဟူ၍ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးမြို့ရှိ နှစ်ပေါင်း ၁၈၀ သက်တမ်းရှိ ရှေးဟောင်းကျွန်းခုတင်ကြီး ရေရှည်တည်တံ့စေရန် ထိန်းသိမ်းနည်းပညာစာအုပ် ပေးအပ်

**မန္တလေး ဇွန် ၇**

ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့က မန္တလေးမြို့တွင် နှစ်ပေါင်း ၁၈၀ သက်တမ်းရှိ ရှေးဟောင်းသစ်သား ကျွန်းခုတင်ကြီးအား ရေရှည်တည်တံ့စေရန်အတွက် ပြုစုထားသည့် ထိန်းသိမ်းစောင့်ရှောက်နည်း စာအုပ်ကို အဆိုပါ ရှေးဟောင်းခုတင်ကြီး ထိန်းသိမ်းစောင့်ရှောက်ထားသူ ဦးစိုးဝင်းမြင့်ထံ ဇွန် ၆ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းနည်းစာအုပ်ပြုစုရန်အတွက် ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့မှ မြန်မာနိုင်ငံ ပရောဂျက်မန်နေဂျာ မစ္စတာဂျက်(ဖ်)အယ်လန်နှင့် အီတလီနိုင်ငံသူ သစ်သားပညာရှင် မစ္စစ်အူစလာတို့က ဖေဖော်ဝါရီလအတွင်းက အဆိုပါခုတင်ကြီးကို လာရောက်လေ့လာ ကြည့်ရှုခဲ့ကြပြီး ယင်းထိန်းသိမ်းနည်းစာအုပ်ကို ရေးသားပြုစုပေးခြင်းဖြစ်ကြောင်း မစ္စတာဂျက်(ဖ်)အယ်လန်က ပြောသည်။

"ဒီခုတင်နဲ့သေတ္တာက ဦးစိုးဝင်းမြင့်တို့ရဲ့ ဘိုးဘွားအမွေအဖြစ် အစဉ်အဆက်ပိုင်ဆိုင်လာခဲ့တာပါ၊ တန်ဖိုးသိပ်ရှိပါတယ်၊ ဦးစိုးဝင်းမြင့်က ဒီပစ္စည်းတွေကို ဘယ်လိုစနစ်တကျထိန်းသိမ်းရမလဲဆိုတာ သိချင်တာ၊ ဒါကြောင့် ဦးစိုးဝင်းမြင့်ကို ရှေးဟောင်းပစ္စည်းတွေနဲ့ပတ်သက်ပြီး ထိန်းသိမ်းနည်းစာအုပ်ကို ပေးတာပါ၊ အမေရိကန်နိုင်ငံ၊ အီတလီနိုင်ငံ၊ မြန်မာနိုင်ငံ သုံးနိုင်ငံရဲ့ပါဝင်မှုနဲ့ ထိန်းသိမ်းမှာဖြစ်တယ်၊ အခု အီတလီနိုင်ငံသူ သစ်သားပညာရှင် မစ္စစ်အူစလာက မန္တလေးတက္ကသိုလ်နဲ့ နည်းပညာတက္ကသိုလ်က ကျောင်းသူ ခြောက်ဦးနဲ့အတူ နည်းပညာ၊ ဆေးဝါးတွေနဲ့ လက်တွေ့ပြုပြင် ထိန်းသိမ်းပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါခုတင်ကြီးမှာ မူလက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခန်းကြီးဒေသ ချစ်သူရွာတွင် မင်းတုန်းမင်းကြီးက သူ၏ငယ်ဆရာဖြစ်သူ ပခန်းမင်းကြီး ဦးရန်ဝေးအတွက် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ဘိုးဘွားပိုင်အဖြစ် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြောင်း လက်ရှိခုတင်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ထားသည့် ဦးစိုးဝင်းမြင့်က ပြောသည်။

"ဒီစာအုပ်ကို ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ထားတဲ့သူတွေအတွက် မြန်မာလိုပြန်ဆိုပြီး မျှဝေပေးသွားမှာပါ၊ မြန်မာ့ရှေးဟောင်းပစ္စည်းတွေကို ပြုပြင်ထိန်းသိမ်းဖို့ အမေရိကန်အခြေစိုက် ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေအဖွဲ့က အလေးအနက်ထားပေးတဲ့အတွက် မြန်မာပြည်သူတွေနဲ့ အမေရိကန်ပြည်သူတွေရဲ့ ချစ်ကြည်ရင်းနှီးမှုဟာ ဒီရှေးဟောင်းပစ္စည်းတွေကို အကြောင်းပြုပြီး ပိုမိုရင်းနှီးချစ်ကြည်လာစေမယ်လို့ ကျွန်တော်ကတော့ ခံယူပါတယ်"ဟု ၎င်းကဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် သစ်သားဖြင့် ပြုလုပ်ထားသည့် ရှေးဟောင်းအမွေအနှစ်များစွာရှိပြီး ယခုတွေ့ရှိရသည့် ခုတင်ကြီးမှာလည်း ပျက်စီးမှုနည်းပါးစွာ တွေ့မြင်ရခြင်းအတွက် ဝမ်းသာဂုဏ်ယူမိကြောင်းနှင့် ရှေးဟောင်းပစ္စည်းများ ပြုပြင်ထိန်းသိမ်းနည်းစနစ်ကို မန္တလေးနည်းပညာတက္ကသိုလ်ကျောင်းသူများအား အဆိုပါခုတင်ကြီးဖြင့် အီတလီသစ်သားပညာရှင် မစ္စစ်အူစလာက လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# သွင်းကုန်ခွန်ကောက်ယူရေးအစီအမံ ဖျက်သိမ်းပေးလျှင် အမေရိကန်ကုန်ပစ္စည်း တရုတ်ဝယ်ယူမည်ဟုဆို

**ဝါရှင်တန် ဇွန် ၇**

တရုတ်နိုင်ငံ ထုတ်ကုန်ပစ္စည်းများအပေါ် အမေရိကန်က ကြီးလေးသောသွင်းကုန်ခွန်များ ကောက်ယူရေးအစီအမံကို ပြန်လည်ဖျက်သိမ်းပေးမည်ဆိုပါက အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံက အမေရိကန်ထံမှ ဒေါ်လာ ၇၀ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများကို ဝယ်ယူတင်သွင်းမည်ဟု တရုတ်အစိုးရ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားလိုက်ကြောင်း ဇွန် ၇ ရက် အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။

တရုတ်သမ္မတ၏စီးပွားရေးဆိုင်ရာအတိုင်ပင်ခံပုဂ္ဂိုလ် လျူဟဲဦးဆောင်သော တာဝန်ရှိသူများသည် အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလီယံရို့စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံ မြို့တော်ပေကျင်း၌ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် အထက်ပါအတိုင်း ကမ်းလှမ်းခဲ့သည်ဟု အမေရိကန် ဝေါလ်စထရိဂျာနယ်အမည်ရှိ သတင်းစာ၏ ဇွန် ၅ ရက် ရေးသားဖော်ပြချက်ကို အတည်ပြုလျက် တရုတ်အစိုးရ တာဝန်ရှိသူတစ်ဦးက ပြောကြားခြင်းဖြစ်သည်။

တရုတ်နိုင်ငံက အမေရိကန်ထံမှ ဝယ်ယူမည့် ကုန်ပစ္စည်းများစာရင်းတွင် ပဲပိစပ်၊ သဘာဝ ဓာတ်ငွေ့၊ ရေနံစိမ်းနှင့် ကျောက်မီးသွေးတို့ ပါဝင်သည်ဆို၏။

တရုတ်နိုင်ငံက အမေရိကန်ထံမှ ကုန်ပစ္စည်းဝယ်ယူမည့်အစီအစဉ်နှင့်ပတ်သက်၍ တိကျသော သဘောတူညီမှု မရရှိခဲ့ကြောင်း၊ ဤကိစ္စနှင့်ပတ်သက်၍လည်း နောက်ထပ်သတင်းအချက်အလက်များ မသိရကြောင်း၊ အမေရိကန် ကူးသန်းရောင်းဝယ်ရေးဌာနက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။ အမေရိကန်သည် တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် လွန်ခဲ့သည့်နှစ်က ဒေါ်လာ ၃၇၅ ဘီလီယံအထိ စံချိန်တင်ကုန်သွယ်ရေးလိုငွေပြမှု ဖြစ်ပေါ်ခဲ့ကြောင်း အမေရိကန် ကူးသန်းရောင်းဝယ်ရေးဌာနက ပြောကြားသည်။

**အေအက်ဖ်ပီ**



# အမေရိကန်-ဂျပန်နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေး ကျင်းပ

**ဝါရှင်တန် ဇွန် ၇**




အမေရိကန်နှင့်ဂျပန်နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကို ဇွန် ၇ ရက်တွင် ဝါရှင်တန်မြို့၌ ကျင်းပခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးကို လာမည့်ရက်သတ္တပတ်တွင် စင်ကာပူနိုင်ငံ၌ မကျင်းပမီ ရက်အနည်းငယ်အလိုတွင် ယခုအစည်းအဝေးကို ကျင်းပခဲ့ခြင်းဖြစ်သည်။

အမေရိကန်-ဂျပန် ခုနစ်ကြိမ်မြောက် အစည်းအဝေးတွင် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့အနေဖြင့် နှစ်နိုင်ငံမူဝါဒချမှတ်မှုများကို ပေါင်းစပ်ညှိနှိုင်းနိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတထရန့်နှင့် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးတို့သည် မြောက်ကိုရီးယား နျူကလီးယားလက်နက်ကင်းစင်ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် နှစ်နိုင်ငံ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံကတိပြုပြောကြားခဲ့ကြသည်။ သမ္မတထရန့်နှင့် ခေါင်းဆောင်ကင်ဂျုံအန်တို့၏ တွေ့ဆုံဆွေးနွေးပွဲတွင် မြောက်ကိုရီးယားနိုင်ငံက ဖမ်းဆီးခေါ်ဆောင်သွားသော ဂျပန်နိုင်ငံသားများကို ပြန်လည်လွှတ်ပေးရေးနှင့်ပတ်သက်ပြီး တောင်းဆိုပေးရန် သမ္မတထရန့်အား ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောကြားခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဇွန် ၆ ရက်တွင် ဝါရှင်တန်မြို့သို့ ရောက်ရှိခဲ့သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုနှင့် ဇွန် ၆ ရက်တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။ ဝန်ကြီးမိုက်ပွန်ပီယိုသည် အမေရိကန်-မြောက်ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကျင်းပရန် ကြိုတင်ပြင်ဆင်မှုများအတွက် အဓိကတာဝန်ယူထားသူဖြစ်သည်။

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့သည် ဆက်ဆံရေးကောင်းမွန်သော နိုင်ငံများဖြစ်သည်။ သို့သော် မြောက်ကိုရီးယား နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးနှင့် ၎င်းအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများ ဖယ်ရှားရေးအတွက် အမေရိကန်နှင့်ဂျပန်နှစ်နိုင်ငံအနေဖြင့် အချိန်မည်မျှယူကာ သဘောတူညီမှုများ လုပ်ဆောင်နိုင်မလဲဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်ကောင်းမွန်လာစေရန် လမ်းကြောင်းပေးသည့်အနေဖြင့် သမ္မတထရန့်က ပြုံယမ်းအပေါ် အကြီးစား စီးပွားရေးပိတ်ဆို့မှုများကို အမေရိကန်အနေဖြင့် ချမှတ်ရန် ဆန္ဒမရှိပါကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အီရန်နျူကလီးယားအစီအစဉ် ထိန်းချုပ်ရေးသဘောတူညီချက် ဆက်လက်အသက်ဝင်ရေး တရုတ်နှင့် ရုရှားဆွေးနွေးမည်

**ပေကျင်း ဇွန် ၇**

တရုတ်နှင့် ရုရှားနိုင်ငံတို့မှ ခေါင်းဆောင်များသည် ယခုရက်သတ္တပတ်ကုန်တွင် တရုတ်နိုင်ငံ အရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသရှိ ချင်းတောင်မြို့၌ ထိပ်သီးဆွေးနွေးပွဲကျင်းပသည့်အခါ အီရန်နျူကလီးယား အစီအစဉ်အား ထိန်းချုပ်ကန့်သတ်ရေးဆိုင်ရာ သဘောတူညီချက် ဆက်လက်အသက်ဝင်နိုင်ရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးကြမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၇ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့ ဦးဆောင်သည့် ဒေသဆိုင်ရာ လုံခြုံရေးအုပ်စုဖြစ်သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အက်စ်စီအို)၏ နှစ်ပတ်လည်ထိပ်သီးညီလာခံကို ဇွန် ၉ ရက်မှ ၁၀ ရက်အထိ ရှန်တုန်ပြည်နယ် ချင်းတောင်မြို့၌ ပြုလုပ်မည်ဖြစ်သည်။

အီရန်သမ္မတ ဟာဆန်ရူဟာနီသည် ယခုနှစ်တွင် ကျင်းပမည့် အက်စ်စီအို ထိပ်သီးညီလာခံသို့ တက်ရောက်ရန် စီစဉ်ထားသည်။ အီရန်ခေါင်းဆောင်တစ်ဦးအနေဖြင့် အက်စ်စီအိုထိပ်သီးညီလာခံသို့ တက်ရောက်ခြင်းမှာ ဒုတိယအကြိမ်မြောက်ဖြစ်လိမ့်မည်ဟု ဆိုသည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်ကန့်သတ်နိုင်ရေးအတွက် ရည်ရွယ်သည့် ၂၀၁၅ ခုနှစ် နိုင်ငံတကာ သဘောတူညီချက်တစ်ရပ်မှ အမေရိကန်နုတ်ထွက်မည်ဟု သမ္မတဒေါ်နယ်ထရန့်က ပြောဆိုခဲ့ပြီးနောက် ယင်းသဘောတူညီချက် အာဏာသက်ဝင်ခြင်းမှ ပျက်ပြားသွားရခြင်းမရှိစေရန် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

တရုတ်နိုင်ငံသည် အီရန်နိုင်ငံ၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယင်းနိုင်ငံမှ တင်ပို့သော ရေနံစိမ်းကို အများဆုံးဝယ်ယူလျက်ရှိသော နိုင်ငံလည်း ဖြစ်သည်။ သို့ရာတွင် အီရန်၏နျူကလီးယားအစီအစဉ်ကို ထိန်းချုပ်ကန့်သတ်ရေး နိုင်ငံတကာ သဘောတူညီချက်မှ အမေရိကန် နုတ်ထွက်ခြင်းကို ဆန့်ကျင်သည့် နိုင်ငံများအနေဖြင့် အမေရိကန်၏ စီးပွားရေးအရ ပိတ်ဆို့ရေးအစီအမံအရ ထိခိုက်မှုများ ရှိလာနိုင်မည်ဖြစ်သည်။

အဆိုပါနိုင်ငံတကာ သဘောတူညီချက်မှ အမေရိကန်နုတ်ထွက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုများသည် အီရန်၏မိတ်ဖက်နိုင်ငံများအပေါ် မည်သို့ကျရောက်လာနိုင်သည်ကို အကဲဖြတ်သုံးသပ်နိုင်ရန် အီရန်သမ္မတ ရူဟာနီက အက်စ်စီအို ထိပ်သီးညီလာခံသို့ တက်ရောက်မည်ဟု ဆိုသည်။

**အေအက်ဖ်ပီ**

# အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် မြောက်ကိုရီးယားကို ကုလလူ့အခွင့်အရေး ကျွမ်းကျင်သူ တိုက်တွန်း

**ကုလသမဂ္ဂ ဇွန် ၇**

လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည့် အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ အဏုမြူလက်နက်အရေးဆိုင်ရာ သမိုင်းဝင်ဆွေးနွေးပွဲ အကြိုကာလတွင် မြောက်ကိုရီးယားနိုင်ငံက အကျဉ်းသားများကို အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းကျွမ်းကျင်သူတစ်ဦးက ဇွန် ၇ ရက်တွင် တိုက်တွန်းလိုက်ကြောင်း အေအက်ဖ်ပီ သတင်းတွင် ဖော်ပြသည်။




ကုလသမဂ္ဂ၏ မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ သောမတ်အိုဟေး ကွင်တားနားက အထက်ပါအတိုင်း တိုက်တွန်းခြင်းဖြစ်သည်။ မြောက်ကိုရီးယားအစိုးရသည် ရာပေါင်းများစွာသော အကျဉ်းသားများကို လွှတ်ပေးနိုင်ရေးအတွက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ထုတ်ပြန်သင့်ကြောင်း ၎င်းက တိုက်တွန်းသည်။

မြောက်ကိုရီးယားနိုင်ငံက အမေရိကန်နိုင်ငံ အကျဉ်းသားသုံးဦးကို မကြာသေးမီက ပြန်လွှတ်ပေးခဲ့ခြင်းအတွက် ကွင်တားနားက ကြိုဆိုဂုဏ်ပြုခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံမှ အကျဉ်းသားများသည် အခြေခံအားဖြင့် အာဏာပိုင်များ၏ ကျိုးကြောင်းဆင်ခြင်မှု ကင်းစွာ ထိန်းသိမ်းခံထားရသူများ ဖြစ်ပြီး လွတ်ငြိမ်းချမ်းသာခွင့် အမိန့်နှင့်အကျုံးဝင်သူ အကျဉ်းသားဦးရေကို တိုးမြှင့်ပေးရန် ၎င်းကတိုက်တွန်းကြောင်း ဂျီနီဗာမြို့တွင် သတင်းထောက်များအား ပြောကြားသည်။

**အေအက်ဖ်ပီ**

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံစာ

**(ယမန်နေ့မှအဆက်)**

- ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် အထူးကုဆရာဝန်ကြီးများ အပါအဝင် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၇၈ ဦးကို ထပ်မံဖြည့်တင်း ခန့်ထားပေးခဲ့ပါသည်။
- ရခိုင်ပြည်နယ်အတွင်း ကျောက်တော်၊ အမ်း၊ မြေပုံမြို့နယ်များတွင်



၂၀၁၈ခုနှစ် ပထမ(၄)လအတွင်း ရခိုင်ပြည်နယ်တွင် ထပ်မံခန့်ထားပေးခဲ့သော ဆရာဝန်နှင့်ကျန်းမာရေးဝန်ထမ်း အရေအတွက်

အရန်သားဖွားသစ်လွင် သင်တန်းတစ်ကြိမ်ဖြင့် အရန်သားဖွား (သစ်လွင်) ၃၂ ဦး၊ အရန်သားဖွား မွမ်းမံသင်တန်း နှစ်ကြိမ်ဖြင့် အရန်သားဖွား ဆရာမ ၄၉ ဦး စုစုပေါင်း သင်တန်းသူ ၈၁ ဦး တို့ကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။
- ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်းပြီးဆုံးသွားပြီဖြစ်သော ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂) သင်တန်းဆင်း ၁၀၁ ဦးမှာ ယခုအခါ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တွင် လူထုကျန်းမာရေး လုပ်သား သစ်လွင်သင်တန်း ခုနစ်ကြိမ်ဖြင့် လူထုကျန်းမာရေးလုပ်သား (သစ်လွင်) ၁၉၆ ဦး၊ လူထုကျန်းမာရေးလုပ်သား မွမ်းမံသင်တန်း တစ်ကြိမ်ဖြင့် လူထုကျန်းမာရေးလုပ်သား ဦးရေ ၂၀ အား သင်တန်းပေးနိုင်ခဲ့ပါသည်။

ဘူးသီးတောင်မြို့နယ်ဆေးရုံတွင် သွေးလျူဘဏ်ငယ်အသစ် တည်ထောင်ရေးအတွက် JICA အဖွဲ့၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်မီးလိုအပ်ချက်အတွက် ဆိုလာစနစ် တပ်ဆင်ထားပြီးဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍတွင် အကျင့်ပျက်မှု၊ တရားမဝင်အခကြေးငွေပေးရမှု၊ မတရားအမြတ်ထုတ်မှုများ၊ ခွဲခြားနှိမ့်ချဆက်ဆံမှုများရှိပါက အရေးယူဆောင်ရွက်နိုင်ရန် ဆေးရုံများနှင့် ကျန်းမာရေးဌာနများအားလုံးတွင် အကြံပြုစာသေတ္တာ (Suggestion Box)များ ထားရှိပါသည်။

စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီး အဆင့်မြှင့်တင်ရေးအတွက် Master Plan ရေးဆွဲလျက်ရှိပြီး နော်ဝေနိုင်ငံ၊ ဥရောပသမဂ္ဂနှင့် 3MDG အဖွဲ့တို့မှ သက်ဆိုင်ရာပညာရှင်များနှင့် ငါးကြိမ် တွေ့ဆုံဆွေးနွေးကာ Master Plan နှင့်ပတ်သက်၍ ပညာရှင်များ၏ အကြံဉာဏ်ရယူခြင်း၊ Working Group Committee ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီး ပြန်လည်ပြင်ဆင်ရေး လုပ်ငန်းများအနက် လုပ်ငန်း ရှစ်ခုမှာ ရာနှုန်းပြည့်ပြီးစီးနေပြီး တိုးချဲ့တည်ဆောက်ရေးလုပ်ငန်း သုံးခုအား ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်အတွင်း အာဟာရစားသုံးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေအား ဆန်းစစ်နိုင်ရန် မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံ အဏုအာဟာရနှင့် အစာစားသုံးမှုစစ်တမ်း (Myanmar Micronutrient Food Consumption Survey) စာရင်းကောက်ယူမှုမှာ ရခိုင်ပြည်နယ်အတွင်း စစ်တမ်းကောက်ကွက် ၃၀ (တိုင်းရင်းသားသီးသန့် ၂၃ ကွက်၊ မွတ်စလင်လူမျိုးသီးသန့် လေးကွက်၊ တိုင်းရင်းသား-မွတ်စလင် အရောသုံးကွက်) ကောက်ယူခဲ့ပြီး ရလဒ်များအား ဆန်းစစ်နေပြီဖြစ်ပါသည်။ ယင်းသို့လေ့လာဆန်းစစ်မှုများ ပြုလုပ်နေသည့်အပြင် ရခိုင်ပြည်နယ်တွင် အာဟာရချို့တဲ့မှုနှုန်း လျော့နည်းစေရန်အတွက် ပုံမှန်ဆောင်ရွက်နေသည့် အာဟာရစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ဗီတာမင်အေတိုက်ကျွေးခြင်းနှင့် သန်ချဆေးတိုက်ကျွေးခြင်း စသည်တို့ကို သတ်မှတ်ကာလအလိုက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အာဟာရချို့တဲ့မှုအန္တရာယ်မှ ကာကွယ်နိုင်ရန် အာဟာရချို့တဲ့မှုဆိုင်ရာ ကုသစောင့်ရှောက်ခြင်းသင်တန်း လေးကြိမ်ကို စစ်တွေ၊ မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် ဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်း ၂၀၄ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းများ ပုံမှန်ဖြန့်ဖြူးခဲ့ပြီး အာဟာရချို့တဲ့မှုဘက်စုံကုသစောင့်ရှောက်ရေးဆိုင်ရာ သင်ကြားရေးအထောက်အကူပြုပစ္စည်းအစုံ ၁၀၀၊ အမေနှင့် ကလေး အာဟာရဖွံ့ဖြိုးမှုတိုင်း အီလက်ထရွန်နစ်စက်ပစ္စည်း ခြောက်ခု၊ ကလေးအရပ်တိုင်းကိရိယာ ခြောက်ခု၊ ကလေး လက်မောင်းပတ်တိုင်း ကိရိယာ အခု ၂၀၀၊ အထူးနို့မှုန့်အမျိုးမျိုး ခြောက်သေတ္တာတို့ကို ထောက်ပံ့ခဲ့ပါသည်။



၂၀၁၈ခုနှစ် ပထမ (၄)လအတွင်း ရခိုင်ပြည်နယ်တွင် ဖမ်းဆီးအရေးယူခဲ့သော မူးယစ်တရားခံ အရေအတွက်

**မူးယစ်ဆေးဝါးများ**

ပညာရေး၊ ကျန်းမာရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်မှုနှင့်အတူ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလည်း ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်သူ့ကျန်းမာရေး၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးတို့အပေါ် အခြေခံသည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်ကို ၂၀-၂-၂၀၁၈ ရက်နေ့တွင် ထုတ်ပြန်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အရေးယူမှုများအနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၃၀ ရက်အထိ ရခိုင်ပြည်နယ်၌ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုပေါင်း ၆၆ မှု၊ တရားခံ(ကျား) ၈၀၊ မ ရှစ်ဦး စုစုပေါင်းတရားခံ ၈၈ ဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမှု တန်ဖိုးစုစုပေါင်းမှာ (အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၀၄ သန်းနှင့် ညီမျှသော) ငွေကျပ်သန်းပေါင်း ၂၅၃၂၄ ဒသမ ၉၃ သန်း ဖြစ်ပါသည်။



၂၀၁၈ခုနှစ် ပထမ (၄)လအတွင်း ရခိုင်ပြည်နယ်တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးတန်ဖိုး

**နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု**

ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးစုငယ်များ၊ လူ့အဖွဲ့အစည်းများနှင့် အမျိုးသမီးများ၏ နိုင်ငံရေးကဏ္ဍနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများတွင် ကိုယ်စားလှယ်များထားရှိနိုင်မှုနှင့် ကိုယ်တိုင်ပါဝင်နိုင်မှုများ မြင့်တက်လာစေရန်အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်သူများ တန်းတူညီမျှရေး၊ ၂၀၂၀ ရွေးကောက်ပွဲတွင် လူငယ်များ ပိုမို ပါဝင်မဲပေးနိုင်ရေး၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ ရွေးကောက်ပွဲ စက်ဝန်းတွင် ပိုမိုပါဝင်လာနိုင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ လိုအပ်ချက်များ ဆွေးနွေးညှိနှိုင်းဖော်ထုတ်နိုင်ရန် ရခိုင်ပြည်နယ်အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ခုံရုံးဝန်ထမ်းများ၊ ကော်မရှင်အဖွဲ့ခွဲအဆင်ဆင့်မှ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ လေးကြိမ်၊ ဆက်စပ်အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ် ကျင်းပ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အမျိုးသမီးပါဝင်မှုကို လေ့လာပါက ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် တာဝန်ထမ်းဆောင်နေသည့် အမျိုးသမီးပါဝင်မှုမှာ ပြည်နယ်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ၁၆ ဒသမ ၆၇ ရာခိုင်နှုန်း၊ ခရိုင်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ၂၄ ဒသမ ၁၄ ရာခိုင်နှုန်းနှင့် မြို့နယ်အဆင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ၁၇ ဒသမ ၈၉ ရာခိုင်နှုန်း အသီးသီးရှိပါသည်။



ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်တွင် အမျိုးသမီးပါဝင်မှု

ရခိုင်ပြည်နယ် လူ့အဖွဲ့အစည်းအတွင်း လူမျိုးစုနှင့် ဘာသာရေးအဖွဲ့အားလုံးမှ လူမှုရေးဆောင်ရွက်ချက်များကို အားပေးမြှင့်တင်မှုတစ်ရပ်အနေဖြင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအစီရင်ခံသည့်ကာလအတွင်း ပြည်နယ်အသင်းအဖွဲ့ မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်ထုတ်ပေးသောအဖွဲ့ သုံးဖွဲ့၊ ယာယီအဖွဲ့ ခုနစ်ဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့၊ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့မှ မှတ်ပုံတင်ထုတ်ပေးသောအဖွဲ့ ၁၁ ဖွဲ့ စုစုပေါင်းအဖွဲ့ ၂၁ ဖွဲ့အတွက် မှတ်ပုံတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး**

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရမည့်လုပ်ငန်းမှာ လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေးပင် ဖြစ်ပါသည်။ ထိုသို့ပေါင်းစည်းမှုကို စတင်အကောင်အထည်ဖော်သည့်အနေဖြင့် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ၂၉-၄-၂၀၁၈ ရက်က နေပြည်တော်တွင် ကျင်းပခဲ့ပြီး ယင်းတွေ့ဆုံပွဲမှ အချက်များကို သုံးသပ်အကောင်အထည်ဖော်ခြင်းဖြင့် လူမှုပေါင်းစည်းမှုကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ဘာသာရေး၊ လူမျိုးရေးအရ မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းများကို ကာကွယ်တားဆီးနိုင်ရန်၊ မတူကွဲပြားသည့် ဘာသာဝင်များနှင့် လူမျိုးများအကြား အပြန်အလှန် လေးစားစွာဆက်ဆံပြီး ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အမုန်းစကားများ ကာကွယ်တားဆီးရေးဥပဒေ (မူကြမ်း)ကို ရေးဆွဲလျက်ရှိပါသည်။

**လုံခြုံရေးကဏ္ဍ**

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန်နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် လေ့ကျင့်သင်တန်းပေးမှုများ ဆောင်ရွက်လျက်ရှိရာ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲ ခုနစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး ရဲတပ်ဖွဲ့ဝင် အရာထမ်း၊ အမှုထမ်း ၂၄၅ ဦးကို လေ့ကျင့်ပေးနိုင်ခဲ့ပါသည်။



၂၀၁၈ ခုနှစ်၊ပထမ(၄)လ အတွင်းပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်အတွက်လေ့ကျင့်ပေးခဲ့သော ရဲတပ်ဖွဲ့ဝင်အရေအတွက်

လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ရဲတပ်ဖွဲ့ဝင်များအားလုံးသည် အမည်ရင်ထိုးများထင်ရှားမြင်သာစွာ တပ်ဆင်အသုံးပြုလျက်ရှိပါသည်။

ထို့အပြင် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရခိုင်ပြည်နယ်အတွင်းရှိ စစ်ဆေးရေးစခန်း ၂၆ ခုတွင် CCTV ကင်မရာ ၂၆ လုံး တပ်ဆင်ရန်အတွက် ကုန်ကျမည့်ငွေကျပ် ၂၀ ဒသမ ၅၃ သန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေမှ ခွင့်ပြုပေးနိုင်ရေး တောင်းခံထားရှိပါသည်။

ရခိုင်ပြည်နယ်ရှိ ရဲတပ်ဖွဲ့ဝင်များအားလုံးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၏ ကွပ်ကဲမှုအောက်တွင်ရှိသော တပ်ဖွဲ့များဖြစ်ပါသည်။ ဥပဒေချိုးဖောက်သူများအား ဖမ်းဆီးခြင်း၊ အကျဉ်းချထားခြင်းအပါအဝင် ရဲတပ်ဖွဲ့ဝင်များသည် သတ်မှတ်ထားသော ဥပဒေဘောင်အတွင်းမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း ချိုးဖောက်မှုနှင့်ပတ်သက်သည့် တိုင်တန်းမှုများကို ဌာနအတွင်း စုံစမ်းစစ်ဆေး၍ မှန်ကန်ပါက အရေးယူဆောင်ရွက်လျက်ရှိပါသည်။

ယင်းအပြင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ကလည်း ယင်းတို့ လက်ခံရရှိသည့် တိုင်ကြားချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးကာ မှန်ကန်ပါက ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိပါသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လူထုအကြား လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်ပြီး မလိုလားအပ်သော အထင်အမြင်လွဲမှားမှုများ လျှော့ချနိုင်ရန် အစ္စလာမ်ဘာသာဝင်အများစု နေထိုင်သောဒေသတွင် ဘာသာစကားကျွမ်းကျင်သော ဒိုင်းနက်၊ ရခိုင်တိုင်းရင်းသားများမှတစ်ဆင့် ဘာသာပြန်ပေးခြင်း(သို့) ဘာသာစကား ကျွမ်းကျင်သော ရဲတပ်ဖွဲ့ဝင်များအား ဘာသာပြန်အဖြစ် အသုံးပြုဆောင်ရွက်ခြင်း၊ အစ္စလာမ်ဘာသာဝင်များထဲမှ မြန်မာစကားနားလည်သူများအား ဘာသာပြန်အဖြစ် ဆောင်ရွက်စေခြင်း စသည့် နည်းလမ်းတို့ဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၀၅၉ စီး၊ သွင်းကုန် ၉၄၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၄၈ စီး၊ သွင်းကုန် ၁၄၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၀၄၄ သန်းခန့်) သိမ်းဆည်းရမိခဲ့ပြီး ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇွန် ၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေဖြူရော်ဘာခြံ ရှောင်ကွင်းလမ်းနှင့် ခရီးသည်တင်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Refined Sugar (1×50 Kg) (183 Bags) (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၈၅၆ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပခုက္ကူ၌ ရွှေချောင်း ချောင်းရေကြီး၍ နေအိမ် ခုနစ်လုံးနှင့် ကားတစ်စီးမျောပါ

**ပခုက္ကူ ဇွန် ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် ယနေ့နံနက်ပိုင်းက ရွှေချောင်း ချောင်းရေကြီး၍ အမှတ်(၃)ရပ်ကွက် ရွှေကန် သာရပ်မှ နေအိမ် ခုနစ်လုံးနှင့် ကားတစ်စီး မျောပါခဲ့ကြောင်း သိရသည်။

"ရွှေချောင်း ချောင်းရေကြီးခြင်း မဖြစ်ပေါ်တာ နှစ်နှစ်ခန့်ကြာပါပြီ။ ယနေ့နံနက် ၅ နာရီခန့်မှ စတင်ကာ မိုးရေကြီးခြင်း ဖြစ်ပေါ်ခဲ့ပြီး နံနက် ၉ နာရီက ပခုက္ကူမြို့ အမှတ် (၃)ရပ်ကွက် ရွှေကန်သာရပ်မှာရှိတဲ့ ရွှေချောင်း သဲသောင်မှာ ကျူးကျော်နေထိုင်တဲ့ နေအိမ် ခုနစ်လုံး မျောပါပျက်စီးပြီး အဲဒီ သဲသောင်မှာ ဖွင့်လှစ်ထားရှိတဲ့ ကားဝပ်ရှော့က အင်ဂျင်ဖြုတ်ထားတဲ့ ကားတစ်စီး မျောပါသွားခဲ့ပါတယ်" ဟု ပခုက္ကူမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်နီနီဝင်းက ပြောသည်။



"လတ်တလောအနေနဲ့ ဘုန်းတော်ကြီးစာသင်ကျောင်းကို ချောင်းရေဦးတိုက်နေတဲ့အတွက် အဓိကထားပြီး ရေဦးတိုက်မှ လွတ်မြောက်အောင် ပြည်သူတွေနဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေ ပူးပေါင်းကာ ရွှေ့ပြောင်းလုပ်ဆောင်ပြီးစီးခဲ့ပါပြီ။ ဌာနဆိုင်ရာတွေနဲ့ ပြည်သူတွေပေါင်းပြီး ကယ်ဆယ်ရေး လုပ်ငန်းတွေ လုပ်ဆောင်နေပေမယ့် ဒီချောင်းရဲ့ အထက်ဘက်မှာ မိုးထပ်ရွာနေဦးမယ်ဆိုရင်တော့ အရမ်းကို စိုးရိမ်ရမယ့် အနေအထား ဖြစ်နေပါတယ်" ဟု ၎င်းက ပြောသည်။

**ဇော်ဇော်(မြို့သစ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၈-၆-၂၀၁၈ (သောကြာနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | MRTV Travelogue |
| ၈း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၉း၁၅ | "ယ ယမင်းခင် ကကြိုးဆင်" |
| ၉း၄၀ | "လေ့လာစရာရေထွက်ကြီး ကျေးရွာ(မိုးကုတ်)" |
| ၁၀း၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၁း၂၀ | "ကယားရိုးရာအစားအစာ (ကယားပဲကြားဟင်းချက်)" |
| ၁၁း၃၀ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ ကြမ္မာနွံ (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း) (မင်းဦး၊ဖိုးသောကြာ၊ဆုလှိုင်နှင်း၊ စိုးနန္ဒာကျော်၊ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ) |
| ၁၃း၁၅ | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-II)(ပွဲစဉ်-၄) နေပြည်တော်(တတိယပိုင်း) |
| ၁၄း၀၀ | မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၄) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အကယ်ဒမီ စိုးသူ) |
| ၁၄း၄၅ | "ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ(ရန်ကုန်)" |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၃၇) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | Weekly MNL Review (Week-14) |
| ၁၇း၀၅ | ကျန်းမာရေးမဂ္ဂဇင်း "လေးဘက်နာနှင့်ကိုယ်ဝန်ဆောင်မိခင်အကြောင်း သိကောင်းစရာ" |
| ၁၇း၃၅ | Weekly Sport Info |
| ၁၈း၂၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "လက်စားချေနတ်သမီး" (ဖြိုးငွေစိုး၊ ဩဘာ၊ သက်မွန်မြင့်၊ နန်းဆုဦး) (ဒါရိုက်တာ-ညီမင်းလွင်) |
| ၁၈း၄၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "သားပိုက်ကောင်" (ထွန်းထွန်း၊ စိုးမြတ်သူဇာ၊ ရွှေသမီး) (ဒါရိုက်တာ-စတီးလ် (ဒွေးမေတ္တာ)) |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ယက်" |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "ထင်ရှားထူးခြား မြန်မာ့ပုံရိပ်များ" (ပျော်ရွှင်စွာဆင်ကာန္တဲ့ ဝေရောစနကျောက်စိမ်း စေတီတော်ဘုရားပွဲ) -America's Got Talent -ဟာသရုပ်စုံစင်တော်ကြီး "သိကြားမင်းထံပေးစာ" (သရုပ်ဆောင်-ဆန်စီ၊ဆုဝေလွင်၊ ဇောက်ထိုး၊ လန်းဆန်း၊ နန်းမွန်မွန်အောင်၊ ဖြိုးဝေရှိန်၊ ကျော်စွာဟိန်း) -အစီအစဉ်ပြီး၏။ |



# ဒေါပုံမြို့နယ်တွင် သက်တမ်းရင့်စိန်ပန်းပင် လမ်းမပေါ်သို့လဲကျ

**ဒေါပုံ ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် ယနေ့နံနက် ၅ နာရီခွဲက လမုတန်းရပ်ကွက် ဝက်ပြင်လမ်း နတ်စင်ကုန်းဘုန်းကြီးကျောင်းဝင်းအတွင်းရှိ လုံးပတ်ငါးပေ၊ အမြင့် ၃၅ ပေခန့်ရှိ သက်တမ်းရင့်စိန်ပန်းပင် လမ်းမပေါ်သို့ လဲကျခဲ့ရာ လမ်းပေါ်တွင်ရပ်ထားသော ကားတစ်စီးမှာ နောက်မှန်များ ကွဲသွားကြောင်း သိရသည်။

လဲကျသည့် သက်တမ်းရင့်စိန်ပန်းပင်ကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (ပန်းဥယျာဉ်ဌာန)မှ ဝန်ထမ်းများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ ဝိုင်းဝန်းရှင်းလင်းကြရာ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ပြီးစီးခဲ့သည်။ အဆိုပါ သစ်ပင်လဲကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ မရှိကြောင်း သိရသည်။

**ဒေါပုံ (မြန်/ဆက်)**

# လွိုင်လင်မြို့၌ မိုးသည်းထန်စွာရွာသွန်း၍ အနိမ့်ပိုင်းရပ်ကွက်များ ရေမြုပ်

**လွိုင်လင် ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ ယနေ့ မွန်းလွဲပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်ဖြစ်သည့် အမှတ်(၄)ရပ်ကွက် အတွင်းရှိ နေအိမ်နှင့် ကားလမ်းများတွင် ရေလွှမ်းမိုးမှု ဖြစ်ပေါ်ခဲ့သည်။

အဆိုပါရေလွှမ်းမိုးသည့် ရပ်ကွက်များအတွင်းသို့ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်သောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ ရေလွှမ်းမိုးမှုကြောင့် လူနှင့် အခြားထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့ ယာယီဓာတ်အားပြတ်တောက်မည်

**ရန်ကုန် ဇွန် ၇**

230 kV လှိုင်သာယာ-ကျိုက်လတ် ဓာတ်အားလိုင်းအား ဓာတ်အားပို့လွှတ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ 230 kV လှိုင်သာယာပင်မဓာတ်အားခွဲရုံတွင် ကျိုက်လတ် Switch Bay တိုးချဲ့ခြင်းလုပ်ငန်းမှာ ၈၀ ရာခိုင်နှုန်း ပြီးစီး၍ Bus D/S တပ်ဆင်ပေးရန် ကျန်ရှိနေသည်။

အဆိုပါ 230 kV Bus D/S တပ်ဆင်ခြင်းနှင့် Dropper ချခြင်း လုပ်ငန်းများနှင့် မြောင်းတကာခွဲရုံ(မှော်ဘီ)ရှိ 230/ 33/11 kV (100)MVA Transformer (230 kV Main)Bus Disconnecting Switch ၏ Y Phase & B Phase ထိပ်များတွင် Conductor (ACSR 795 MCM) ကြိုးလွန်းပြတ်နေ၍ အစားထိုးလဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဇွန် ၉ ရက် ည ၁၂ နာရီမှ ဇွန် ၁၀ ရက် နံနက် ၆ နာရီအထိ 230 kV လှိုင်သာယာပင်မဓာတ်အားခွဲရုံ၏ 230 kV Bus နှင့် မြောင်းတကာခွဲရုံ (မှော်ဘီ)ရှိ (230/33/11)kV (100)MVA Transformer (230 kV Main Bus) တို့အား ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်သည်။

လုပ်ငန်းဆောင်ရွက်မည့်နေ့အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာ၊ ထန်းတပင်၊ တွံတေး၊ ဒလ၊ ကွမ်းခြံကုန်း၊ ကော့မှူး၊ လက်ခုပ်ကုန်း၊ ဆိပ်ကြီးခနောင်တို၊ ရွှေလင်ပန်း၊ မြောင်းတကာ၊ မှော်ဘီ၊ ရွှေပြည်သာ၊ လှည်းကူး၊ ဥက္ကံ၊ တိုက်ကြီး စသည့် မြို့နယ်များတွင် အချိန်ပိုင်း ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်သည်။ လှိုင်၊ ကမာရွတ်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်မြို့နယ်များရှိ ရပ်ကွက်အချို့တို့တွင်လည်း နံနက် ၅ နာရီမှ ၆ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်နိုင်ကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အသိပေးပန်ကြားထားသည်။

**ကြေးမုံ**

# ပင်လောင်းမြို့နယ်နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၇**

ပင်လောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက် နံနက် ၈ နာရီခွဲက ပင်လောင်းမြို့နယ် ထောင်ထီဗွာကျေးရွာအုပ်စု နန်းပန်ကျေးရွာအနီး ပင်လောင်း-နေပြည်တော်သွားကားလမ်း၌ ဝင်းနိုင်ဦး(ခ) အနိုင် မောင်းနှင်ပြီး ခွန်သက်ဦး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှင့် ငွေးလွင် မောင်းနှင်ပြီး ဇော်မင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဝင်းနိုင်ဦး(ခ)အနိုင်၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပင်လောင်းမြို့နယ် လုံးပျဉ်ကျေးရွာအုပ်စု ဘန်းမောက်ကျေးရွာနေ မျိုးဝေအား နေအိမ်၌ လည်းကောင်း၊ ပင်လောင်းမြို့နယ် သပြေကုန်းကျေးရွာအုပ်စု တောင်ကျကျေးရွာနေ ဇော်ဝင်း(ခ)ဇော်ကြီးအား နေအိမ်၌ လည်းကောင်း၊ အလားတူ ဇွန် ၆ ရက်တွင် တပ်မတော်မှ ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-မိုင်းခတ်သွားကားလမ်း ၄၁ မိုင် တောင်သုံးလုံးကျေးရွာအနီး၌ မော်တော်ဆိုင်ကယ်နှင့် လူတစ်ဦးကို စစ်ဆေးရန် သွားရောက်စဉ် ဆိုင်ကယ်ကိုလှဲချကာ တောင်ကုန်းပေါ်သို့ ပြေးတက်သွား၍ ဆိုင်ကယ်ခွကြား၌ အိုက်စ် ၁၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

■



ဇော်ဝင်း(ခ)ဇော်ကြီး၊ မျိုးဝေ၊ ခွန်သက်ဦး၊ ဇော်မင်း၊ ငွေးလွင်နှင့် ဝင်းနိုင်ဦး(ခ) အနိုင်တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရော်ဘာမှိုင်းခံရုံ မီးလောင်မှုဖြစ်ပွား

**ရေး ဇွန် ၇**

မွန်ပြည်နယ် ရေးမြို့နယ် ကျုံလောင်းရွာသစ် တနင်္သာရီကားလမ်းမဘေးရှိ ဦးတင်လှဝင်းပိုင် ရော်ဘာမှိုင်းခံရုံမှာ ယနေ့နံနက်ပိုင်းက အပူရှိန်လွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ သန္တေတပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၅ ဦးက မီးသတ်ယာဉ် ၁၀ စီးနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် လုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ပေ ၃၀×၁၅ ပေ သွပ်မိုးအုတ်ညှပ်တိုက် ရော်ဘာမှိုင်းခံ ရုံအဆောက်အအုံတစ်လုံး၊ ရော်ဘာပြား ပေါင် ၁၂၀၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# ရုရှားကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အကောင်းဆုံးကစားသမားဆုအတွက် ဘယ်သူတွေ ပြိုင်ဘက်ဖြစ်လာမလဲ



ငွေကြယ်-ရေးသားသည်

ဘရာဇီးနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် တိုက်စစ်မှူး လီယွန်နယ်မက်ဆီ ရွှေဘောလုံးဆု (အကောင်းဆုံးကစားသမားဆု)ရရှိစဉ်။

ဖီဖာရွှေဘောလုံးဆုဆိုတာကတော့ ပြိုင်ပွဲတစ်ခုလုံးရဲ့ အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ဆုဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာတော့ လီယွန်နယ်မက်ဆီက ဆွတ်ခူးရရှိခဲ့တာပါ။ ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာ ဂျာမနီအသင်းနဲ့ အာဂျင်တီးနားအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး အာဂျင်တီးနားအသင်းက ရှုံးနိမ့်ခဲ့ပေမယ့် အကောင်းဆုံး ဆုကိုတော့ မက်ဆီကို ပေးခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဂျာမနီက ဂေါ့ဇီရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ရွှေဘောလုံးဆုဆိုတာကတော့ ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲမှာ အကောင်းဆုံးကစားသမားကို ပေးအပ်တာဖြစ်ပြီး အဲဒီဆုကိုတော့ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က နည်းစနစ်ကော်မတီနှင့် မီဒီယာကိုယ်စားလှယ်တွေက အဆိုပြုရွေးချယ်ခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒါကို ရွှေဖိနပ်ဆုနဲ့ မကွဲပြားဖြစ်နေတတ်ပြီး ရွှေဖိနပ်ဆုဆိုတာကတော့ ပြိုင်ပွဲအတွင်း ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ ကစားသမားကို ပေးအပ်ချီးမြှင့်တာ ဖြစ်ပါတယ်။ အဲဒီဆုကိုတော့ ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ကိုလံဘီယာတိုက်စစ်မှူး ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ရရှိခဲ့တာဖြစ်ပါတယ်။

အခုရွှေဘောလုံးဆုကိုတော့ အက်ဒီးဒက်စ်က စပွန်ဆာပေးပြီး ၁၉၈၂ ခုနှစ်က စတင်ပေးအပ်ချီးမြှင့်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီနှစ်မှာတော့ ရွှေဘောလုံးဆု (အကောင်းဆုံးကစားသမားဆု)ကို အီတလီလက်ရွေးစင်ကစားသမား ပါအိုလိုရော့စီက ရရှိခဲ့တာ ဖြစ်ပါတယ်။

ရွှေဘောလုံးဆု (အကောင်းဆုံးကစားသမားဆု)အပြင် ဒုတိယနဲ့ တတိယ အကောင်းဆုံးဆု ရရှိသူတွေကိုလည်း ငွေဘောလုံးဆုနဲ့ ကြေးဘောလုံးဆုဆိုပြီး ချီးမြှင့်ခဲ့ပါတယ်။

တိုက်စစ်မှူး မက်ဆီကတော့ လက်ရှိရွှေဘောလုံးဆုရှင်ဖြစ်ပြီး ကမ္ဘာ့ဖလားချန်ပီယံအဖြစ်နဲ့တော့ အောင်ပွဲခံခဲ့ဖူးခြင်းမရှိပါဘူး။ ဒါပေမယ့် တစ်ဦးချင်းစွမ်းဆောင်ရည်ကတော့ ထက်မြက်တဲ့ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလားမှာဆိုရင် ခုနစ်ပွဲကစားခဲ့ရာမှာ လေးဂိုးသွင်းယူနိုင်ပြီး တစ်ဂိုး ဖန်တီးပေးထားနိုင်ခဲ့ပါတယ်။

သောမက်မူလာကတော့ ဂျာမနီအသင်း ကမ္ဘာ့ဖလားချန်ပီယံဖြစ်ခဲ့ပေမယ့် ငွေဘောလုံးဆုရရှိခဲ့တာဖြစ်ပြီး အာဂျန်ရော်ဘင်ကတော့ ဘရာဇီးကမ္ဘာ့ဖလားမှာ နယ်သာလန်အသင်း တတိယနေရာ ရပ်တည်နိုင်ခဲ့တာကြောင့် ကြေးဘောလုံးဆုကို ရရှိခဲ့တာဖြစ်ပါတယ်။

အရင်က ရွှေဘောလုံးဆုကိုရရှိခဲ့ဖူးတဲ့ ကစားသမားတွေကို ပြန်ကြည့်ရင် ဒီယေဂိုဖော်လန် (၂၀၁၀)၊ ဇီဒန်း (၂၀၀၆)၊ အိုလီဗာခန်း (၂၀၀၂)၊ ရိုနယ်လ်ဒို (၁၉၉၈)၊ ရိုမာရီယို (၁၉၉၄)၊ ချီလ်လာစီ (၁၉၉၀)၊ ဒီယေဂိုမာရာဒိုနာ (၁၉၈၆)နှင့် ပါအိုလို (၁၉၈၂)တို့ပဲ ဖြစ်ပါတယ်။

အခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲရဲ့ အကောင်းဆုံးပြိုင်ဘက် ကစားသမားတစ်ဦး ဖြစ်လာဖို့ရှိနေတာကတော့ အီဂျစ်လက်ရွေးစင် ကစားသမား မိုဟာမက်ဆာလာပဲ ဖြစ်ပါတယ်။

မိုဟာမက်ဆာလာဟာ ပရီမီယာလိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ်နဲ့ ပရီမီယာလိဂ်ရွှေဖိနပ်ဆုကိုသာမက ကစားသမားတွေက ပေးတဲ့ တစ်နှစ်တာအကောင်းဆုံးဆုနဲ့ ဘောလုံးကလောင်ရှင်တွေကပေးတဲ့ အကောင်းဆုံးဆုတွေကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။

ကမ္ဘာ့ဖလားဝင်ခွင့်ယှဉ်ပြိုင်စဉ်ကလည်း အီဂျစ်အသင်းနဲ့ ကွန်ဂိုအသင်းတို့ပွဲစဉ်မှာ မိုဟာမက်ဆာလာရဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိပြီး အီဂျစ်အသင်းဟာ ဆယ်စုနှစ်သုံးခုအကြာမှာ ကမ္ဘာ့ဖလားဝင်ခွင့် ပထမဆုံး ပြန်လည်ရရှိလာခဲ့တာလည်း ဖြစ်ပါတယ်။

မိုဟာမက်ဆာလာနဲ့အပြိုင် ရွှေဘောလုံးဆုအတွက် အဓိကပြိုင်ဘက်ဖြစ်လာနိုင်တာကတော့ ကီဗင်ဒီဘရိုင်းဖြစ်ပြီး ဒီဘရိုင်းဟာ ဘယ်လ်ဂျီယံအသင်းနဲ့အတူ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ပါဝင်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံအသင်းကလည်း တောင့်တင်းတဲ့ အသင်းတစ်သင်းဖြစ်တာကြောင့် ချန်ပီယံဖြစ်ဖို့တောင် ရေပန်းစားနေတဲ့ အသင်းတစ်သင်းပါ။ ဒီဘရိုင်းဟာ မန်စီးတီးအသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့ရာမှာ အဓိက ကွင်းလယ်မောင်းနှင်အားတစ်ခုဖြစ်ခဲ့ပြီး ကမ္ဘာမှာလည်း အကောင်းဆုံးကစားသမားတွေထဲက တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူတစ်ဦး လည်းဖြစ်ပါတယ်။

မက်ဆီအနေနဲ့ ရွှေဘောလုံးဆုကို နောက်တစ်ကြိမ် ရယူနိုင်ဖို့အတွက်ဆိုရင်တော့ အာဂျင်တီးနားအသင်းကို ရုရှားမြေမှာ ဗိုလ်လုပွဲအထိ ခေါ်ဆောင်သွားနိုင်မှသာ ဖြစ်နိုင်မှာပါ။ အဲဒါဟာလည်း မက်ဆီအတွက်တော့ ကမ္ဘာ့ဖလားရယူပေးနိုင်မယ့် နောက်ဆုံးအခွင့်အရေးလည်း ဖြစ်ပါတယ်။

မက်ဆီရဲ့ပြိုင်ဘက် စီရိုနယ်လ်ဒိုကလည်း ရွှေဘောလုံးဆုအတွက် ရေပန်းစားနေတဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ပြင်သစ်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၁၆ ပြိုင်ပွဲမှာတုန်းက ပေါ်တူဂီအသင်းကို ချန်ပီယံဖြစ်စေခဲ့တာပါ။ ဒါကြောင့် ရုရှားနိုင်ငံမှာ ဇွန် ၁၄ ရက်ကနေ ဇူလိုင် ၁၅ ရက်အထိ ကျင်းပမယ့် ၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ချန်ပီယံဖြစ်မယ့်အသင်း ဘယ်အသင်းဖြစ်လာမလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းနေသလို ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးခြေစွမ်းတွေနဲ့အတူ ရွှေဘောလုံးဆုကို ဘယ်ကစားသမား ရယူဆွတ်ခူးသွားမလဲဆိုတာကလည်း စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

## အိုဇေးလ် ဒူးဒဏ်ရာရှိနေ

ဂျာမနီကွင်းလယ်လူ မီဆပ်အိုဇေးလ်မှာ ဒူးဒဏ်ရာပြဿနာကြောင့် ဂျာမနီအသင်းနဲ့ လေးရက်တာ လေ့ကျင့်ရေးဆင်းနိုင်ခြင်းမရှိခဲ့ကြောင်း ဂျာမနီမှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။ ဂျာမနီက ဩစတြီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲမှာ အိုဇေးလ်သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့သေးသော်လည်း ဝက်ဖို့ဒ်နောက်ခံလူ ဆီဘာစတိန်းပရိုနှင့် တိုက်မိပြီးနောက် ၇၆ မိနစ်တွင် လူစားလဲခဲ့ရခြင်းဖြစ်သည်။

အိုဇေးလ်မှာ ဂျာမနီအသင်းနှင့် လေ့ကျင့်ရေးမဆင်းနိုင်သော်လည်း ကြံ့ခိုင်မှုပြည့်ဝရန် လေ့ကျင့်မှုများကို တစ်ဦးတည်းပြုလုပ်နေပြီး ကမ္ဘာ့ဖလားပြိုင်ပွဲမစတင်မီ ကြံ့ခိုင်မှုမပြည့်ဝပါက ကစားသမားတစ်ဦးကို အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျာမနီမှာ လက်ရှိ ကမ္ဘာ့ချန်ပီယံဖြစ်သလို ယခုနှစ်တွင် ဗိုလ်စွဲရန် ရေပန်းအစားဆုံးနေရာတွင် ဘရာဇီးနောက် ဒုတိယနေရာတွင် ရပ်တည်နေသည့် အသင်းဖြစ်သည်။





## ၂၀၁၈ ကမ္ဘာ့ဖလားတွင် မန်စီးတီးကစားသမား အများဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရ

၂၀၁၈ ကမ္ဘာ့ဖလားကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရတဲ့ ကစားသမားအရေအတွက်မှာ မန်စီးတီးအသင်းက ရီးယဲလ်မက်ဒရစ်၊ ဘာစီလိုနာတို့လို အသင်းကြီးတွေကို ကျော်ဖြတ်ပြီး ၁၆ ဦးနဲ့ အများဆုံးဖြစ်နေတာကို ကိန်းဂဏန်းအချက်အလက်တွေအရ သိရပါတယ်။ ၂၀၁၈ ကမ္ဘာ့ဖလားကျင်းပဖို့ ရက်သတ္တပတ်သာ လိုတော့တဲ့အချိန်မှာ မန်စီးတီးတောင်ပံတိုက်စစ်မှူး ဆာနေး နောက်ဆုံးအပြီးသတ်လူစာရင်းကနေ ချန်လှပ်ခံခဲ့ရပေမယ့် ရုရှားမြေမှာကျင်းပမယ့် ကမ္ဘာ့ဖလားမှာ မန်စီးတီးကစားသမားတွေ အများဆုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့တာပါ။

မန်စီးတီးအသင်းက ဝေါ်လ်ကာ၊ အဂွဲရိုး၊ ဂျေဆူး၊ အော်တာမန်ဒီ၊ စတာလင်၊ ဒီဘရိုင်း၊ ဂွန်စတုန်း၊ ကွန်ပနီ၊ အီဒါဆင်၊ ဒန်နီလို၊ ဖာနန်ဒင်ဟို၊ ဖေဘီယန်ဒဲလ်ဖ်၊ မန်ဒီ၊ ဂန်ဒိုဂန်၊ ဘာနာဒိုဆေးလ်ဗားနဲ့ ဒေးဗစ်ဆေးလ်ဗားတို့ဟာ သက်ဆိုင်ရာ နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ကမ္ဘာ့ဖလားဝင်ရောက်ဆင်နွှဲဖို့ ရွေးချယ်ခံထားရတာ ဖြစ်ပါတယ်။

ချန်ပီယံလိဂ် သုံးနှစ်ဆက်တိုက် ချန်ပီယံ ရီးယဲလ်က ၁၅ ဦးနဲ့ ဒုတိယနေရာမှာရှိနေပြီး ဘာစီလိုနာက ၁၄ ဦး၊ ပီအက်စ်ဂျီ၊ ချယ်လ်ဆီးနဲ့ စပါးတို့မှ ကစားသမား ၁၂ ဦးစီ ပါဝင်နေတာ ဖြစ်ပါတယ်။ မန်ယူ၊ ဂျူဗင်တပ်၊ ဘိုင်ယန်အသင်းတွေက ကစားသမား ၁၁ ဦးကတော့ ရုရှားမြေကို လိုက်ပါခွင့်ရမှာဖြစ်ပေမယ့် လီဗာပူးနဲ့ အာဆင်နယ်အသင်းတွေကတော့ ထိပ်တန်း ၁၀ သင်းစာရင်းမှာ ပါဝင်ခဲ့ခြင်းမရှိခဲ့တာကို တွေ့ရပါတယ်။

## ၁၉၉၆ ယူရိုဖလားအပြီး အာဆင်နယ်ကစားသမားများ မပါဝင်ခဲ့တဲ့ ကမ္ဘာ့ဖလားပြင်သစ်အသင်းလူစာရင်း

နည်းပြ ဒက်စ်ချမ့်စ် ထုတ်ပြန်ခဲ့တဲ့ ပြင်သစ်အသင်းရဲ့ ၂၃ ဦး အပြီးသတ်ကစားသမားစာရင်းမှာ အာဆင်နယ်ကစားသမားတစ်ဦးမှ ပါဝင်ခဲ့ခြင်းမရှိရာဒါက ၁၉၉၆ ယူရိုဖလားနောက်ပိုင်း ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ အပြီးသတ် ၂၃ ဦးစာရင်းကို ပြီးခဲ့တဲ့ကြာသပတေးနေ့က ထုတ်ပြန်ခဲ့ပြီး လက်ရှိ ကမ္ဘာ့အဆင့် ၇ နေရာမှာ ရှိနေတဲ့ ပြင်သစ်အသင်းရဲ့ အပြီးသတ်လူစာရင်းမှာ အာဆင်နယ်ကစားသမားတစ်ဦးမှ ပါဝင်ခြင်းမရှိတာက ၂၂ နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး ဒါက အာဆင်နယ်ကို ၁၉၉၈ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ ကိုင်တွယ်ခဲ့တဲ့ ပြင်သစ်လူမျိုး နည်းပြကြီး ဝင်းဂါးရဲ့ အာဆင်နယ်အသင်းက ထွက်ခွာခြင်းနဲ့ ဆက်စပ်နေတယ်ဆိုတဲ့ သုံးသပ်မှုတွေ ရှိနေပါတယ်။

ယူရို-၂၀၀၀ ပြင်သစ်အသင်း ချန်ပီယံဖြစ်ခဲ့စဉ်က ပြင်သစ်အသင်းလူစာရင်းမှာ အာဆင်နယ်ကစားသမားခြောက်ဦးအထိ ပါဝင်ခဲ့ပြီး ဇန်နဝါရီဈေးကွက်အတွင်း ဂျရူးက အာဆင်နယ်ကနေ ချယ်လ်ဆီးကို ပြောင်းရွှေ့သွားခြင်းကြောင့်လည်း ပြင်သစ်အသင်းလူစာရင်းမှာ အာဆင်နယ်ကစားသမားတစ်ဦးမှ ပါဝင်ခဲ့ခြင်းမရှိတာ ဖြစ်ပါတယ်။



မေလှဲ့သင်း-ရေးသားသည်

# ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၁၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

'၁၉။ (က) ပြည်ပမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပြည်တွင်းမှပုဂ္ဂလိကနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းသည် ရပ်ရွာအခြေပြုလုပ်ငန်းသို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုပါကခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီလျှောက်ထားရမည်။

(ဂ) ပြည်တွင်းမှပုဂ္ဂလိကနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းသည် စီးပွားရေးအကျိုးအမြတ်အလို့ငှာ မဟုတ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို တည်ထောင်ဖွင့်လှစ်လိုပါက ခွင့်ပြုချက်ရရှိရန် သက်ဆိုင်ရာမြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။'

၁၄။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

'၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ ဆက် လက်တင်ပြရမည်။

(ခ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကိုစိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုချက်ထုတ်ပေးရမည်။'

၁၅။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၂၁ တွင်-

(က) ပုဒ်မခွဲ (က) တွင်ပါရှိသော 'ပုဒ်မ ၂၀' ဆိုသည့်စကားရပ်ကို 'ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က)' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) တွင်ပါရှိသော 'ပြည်တွင်းမှ ပုဂ္ဂလိက' ဆိုသည့်စကားရပ်၏ရှေ့တွင် 'စီးပွားရေးအကျိုးအမြတ်အလို့ငှာ တည်ထောင်ဖွင့်လှစ်လိုသည့်'ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၆။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

'(က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ ပြည်ပမှ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းက တင်ပြသောလျှောက်ထားချက်ကိုစိစစ်ပြီး ခွင့်ပြုချက်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

၁၇။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၃ ကို ပယ်ဖျက်ရမည်။

၁၈။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၄ ကိုအောက်ပါအတိုင်း အစားထိုးရမည်-

'၂၄။ (က) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(က) တို့အရ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းသည် ခွင့်ပြုချက်သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ရရှိထားသည့် ပြည်တွင်းမှ ပုဂ္ဂလိကနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းသည် ခွင့်ပြုချက်သက်တမ်းတိုးမြှင့်လိုပါက ယင်းသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သက်ဆိုင်ရာမြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန သို့မဟုတ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။'

၁၉။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၅ ကိုအောက်ပါအတိုင်း အစားထိုးရမည် -

'၂၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဝန်ထမ်းရုံးသည် -

(က) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဒ်မ ၂၄၊ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုချက်ကို သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။'

၂၀။ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၂၆ ၏ခြေဆင်းတွင်ပါရှိသော 'ပုဒ်မ ၂၅ အရ ခွင့်ပြုချက်ရရှိထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းရုံး၏ လျှောက်ထားချက်ကို' ဆိုသည့် စကားရပ်ကို 'ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ တင်ပြချက်ကို' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

'(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရန်လိုအပ်သော နေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြိုကျောင်းကို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ ဖွင့်လှစ်ခြင်း၊'

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော 'တည်ထောင်ခွင့်ပြုမိန့်' ဆိုသည့် စကားရပ်၏ရှေ့တွင် 'ပုဒ်မ၁၀၊ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့်' ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၂၂။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၃ ၏နောက်တွင် ပုဒ်မ ၃၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

'၃၃။ (က) မည်သူမဆို အောက်ပါ ပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်-

(က) ပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) အရ တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားရန် လိုအပ်သောနေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြို ကျောင်းကို တည်ထောင်ခွင့်ပြုမိန့်မရှိဘဲ ဖွင့်လှစ်ခြင်း၊

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသည့် တည်ထောင်ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့် ကာလအတွင်းတွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင် သော်လည်းကောင်းနေ့ကလေးထိန်းဌာန သို့မဟုတ် မူလတန်းကြို ကျောင်းကို ဖွင့်လှစ်ခြင်း။'

၂၃။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တွင်-

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

'(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ)တို့အရ ခွင့်ပြုချက် လျှောက်ထားရန်လိုအပ်သောရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်း၊'

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော 'ခွင့်ပြုချက်' ဆိုသည့် စကားရပ်၏ရှေ့တွင် 'ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ပုဒ်မခွဲငယ် (၂) နှင့် ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က) တို့အရ ထုတ်ပေးထားသည့်' ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၂၄။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၄ ၏နောက်တွင် ပုဒ်မ ၃၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

'၃၄။ (က) မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်-

(က) ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) အရ ခွင့်ပြုချက် လျှောက်ထားရန် လိုအပ်သော ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ခွင့်ပြုချက်မရရှိဘဲ ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးထားသည့် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းထားသည့် ကာလအတွင်းတွင် သော်လည်းကောင်း၊ ပယ်ဖျက်ပြီးနောက်တွင် သော်လည်းကောင်း ရပ်ရွာအခြေပြုလုပ်ငန်း သို့မဟုတ် အိမ်အခြေပြုလုပ်ငန်းကို ဆောင်ရွက်ခြင်း။'

၂၅။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ ပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ)တွင်ပါရှိသော 'ယင်းရန်ပုံငွေများကို' ဆိုသည့် စကားရပ်ကို 'ပုဒ်မခွဲ (က) အရ ထူထောင်ထားသော ရန်ပုံငွေများကို' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ပဲခူးတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ အစည်းအဝေးကျင်းပ

**ပဲခူး ဇွန် ၇**

ပဲခူးမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအစည်းအဝေးကို ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးအောင်သန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ဦးက လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီများ ပြင်ဆင်ဖွဲ့စည်းမှုကော်မတီတာဝန်များနှင့် ကလေးသူငယ်အခွင့်အရေးဆောင်ရွက်နေမှုကို လူမှုဝန်ထမ်းရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးလွင်ကလည်းကောင်း၊ ကလေးသူငယ်အခွင့်အရေးများ ဆောင်ရွက်မှုအခြေအနေနှင့် ဝန်ဆောင်မှုပေးမည့်ဌာန အဖွဲ့အစည်းများနှင့်မိတ်ဆက်ခြင်းကို ပဲခူးမြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဒေါ်ဝင်းဝင်းမြင့်ကလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်နေသောအဖွဲ့မှ ညွှန်းပို့ခြင်းဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးကို ကလေးငယ်များနှင့် အခွင့်အရေးရပိုင်ခွင့်များ၊ လိုက်နာရမည့်အချက်များကို ကလေးသူငယ်ဥပဒေတွင်ထည့်သွင်းပြဋ္ဌာန်းထားပြီးဖြစ်၍ ရပိုင်ခွင့်နှင့်တာဝန်ကိုသိရှိအောင် အသိပညာပေးရန် ရည်ရွယ်ကျင်းပကြောင်း သိရသည်။

**မျိုးငြိမ်း(ပြန်/ဆက်)**

## လေးမျက်နှာ ဝေန်ရေကာတာ၌ ရေဘေးကာကွယ်ရေး လက်တွေ့သရုပ်ပြ

**ဟင်္သာတ ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ တာတမံပျက်စီးနိုင်သောအချက်များနှင့် ကာကွယ်စောင့်ရှောက်ရန် နည်းလမ်းများကို ဒေသခံပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်ကျင်းပသည့် ရေဘေးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက ဝေန်ရေကာတာ တာမိုင် ၂၆/၁ သခွတ်ချောင်း ရေကင်းစခန်းအနီးတွင် ပြုလုပ်ခဲ့သည်။



ဟင်္သာတခရိုင် ဒုတိယအုပ်ချုပ်ရေးမှူးဦးအောင်လွင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးခိုင်တို့က အမှာစကားပြောကြားပြီး ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးသာယာက ရေဘေးကာကွယ်ရေးလုပ်ငန်းများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးအရာရှိဦးဖုန်းခိုင်ဇော်က တာထိပ်ပေါ် ရေကျော်ခြင်း၊ ရေပေါက်(ထူးပေါက်) ပေါက်ခြင်း၊ တာအိ၊ သဲပွက်ထ၊ တာကျုံခြင်းစသည့် တာတမံပျက်စီးနိုင်သည့် အချက်များနှင့် မြေကတုတ် (ရေခွေ)၊ သဲအိတ်မျှောကတုတ်တန်း၊ ရေခွေ၊ ကန်သင်းငယ်တို့ဖြင့် ကာကွယ်စောင့်ရှောက်နိုင်သည့်နည်းလမ်းများကို တက်ရောက်လာသော ဒေသခံပြည်သူများသိရှိနားလည်စေရန် လက်တွေ့သရုပ်ပြ ရှင်းလင်းခဲ့သည်။

အဆိုပါ ရေဘေးအန္တရာယ်ကာကွယ်ရေးသရုပ်ပြပွဲသို့ လေးမျက်နှာမြို့နယ်နှင့်ဟင်္သာတမြို့နယ်တို့မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့၊ ဟင်္သာတခရိုင်ပရဟိတအဖွဲ့များ၊ ကွန်ရက်အဖွဲ့များနှင့် ဒေသခံပြည်သူ ၉၀ ကျော် တက်ရောက်ခဲ့သည်။

**ကျော်ကျော်(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိခွဲစိတ်ကုသခံလူနာများအား သွားရောက်ကြည့်ရှုအားပေး



**မြစ်ကြီးနား ဇွန် ၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သီတဂူစက္ခုဒါနဆေးရုံ၌ ၁၀ ကြိမ်မြောက် စက္ခုဒါနလုပ်ငန်းဖြစ်သည့် ပြည်နယ်အတွင်းရှိ မျက်စိရောဂါဝေဒနာရှင်များအား ခွဲစိတ်ကုသပေးခြင်းနှင့် စမ်းသပ်ပေးခြင်းလုပ်ငန်းများကို ဇွန် ၃ ရက်မှစတင်ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၆ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါဆေးရုံ၌ စက္ခုဒါနလုပ်ငန်းများကို သီတဂူဆရာတော်ကြီး၏ လမ်းညွှန်မှုဖြင့် တောင်ကိုရီးယားနိုင်ငံ Seoul Namsan Lions Club အဖွဲ့မှ အဖွဲ့ခေါင်းဆောင် မစ္စတာဂင်(မ်) မြောင်ရှင်းဦးဆောင်သော ခွဲစိတ်ဆရာဝန်ကြီး ခြောက်ဦးတို့နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ကူညီမှုဖြင့် မျက်စိရောဂါဝေဒနာရှင်လူနာများအား မျက်စိစမ်းသပ်ပေးခြင်း၊ ခွဲစိတ်ကုသမှု ဆောင်ရွက်နေမှုနှင့် ဆေးရုံဝင်းအတွင်း ရပ်ဝေးမှ လာရောက်ခွဲစိတ်ကုသခံလူနာများအား ကြည့်ရှုအားပေးကြပြီး နေကာမျက်မှန်များ တပ်ဆင်ပေးခဲ့ကြကာ စက္ခုဒါနဆေးရုံအတွက် ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

မျက်စိဝေဒနာရှင်လူနာ ၃၈၆ ဦးတို့အား စမ်းသပ်ပေးနိုင်ခဲ့ကာ ၈၃ ဦးတို့အား ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိုင်းယုမြို့နယ် ဆမ်မိန်းကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေး

**မိုင်းယု ဇွန် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့ စကားဝိုင်း (Public Talk)ဆွေးနွေးပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက ဝမ်တာကြန့်ကျေးရွာအုပ်စု ဆမ်မိန်းကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျင်းပသည်။

မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဒေါ်အေးအေးစိုးက အစိုးရနှင့်ပြည်သူအကြား၊ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ပြည်သူအကြား ပွင့်ပွင့်လင်းလင်း ဆွေးနွေးတိုင်ပင်ခွင့်ရရန်၊ ရပ်ရေးရွာရေးကိစ္စများကို ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများကို ဆွေးနွေးတိုင်ပင်နိုင်ရန်၊ ကျေးရွာနေပြည်သူများအနေဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် ပါဝင်မေးမြန်း ဆွေးနွေးနိုင်ရန်စသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကို မိုင်းယုမြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာ၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းတင့်ဆန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုက်နယ် ဆရာဝန်ဒေါက်တာ အောင်အောင်ဝင်းထွဋ်၊ မိုင်းယုနယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ်ဟိန်းဝဏ္ဏမောင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဦးစိုးမင်းဦးကျော်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့ဦးစီးမှူး ဦးမြင့်စိုးတို့က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ၊ လမ်းတံတားများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ လျှပ်စစ်မီး လုံလောက်စွာရရှိရေး၊ နယ်မြေလုံခြုံရေး၊ လူကုန်ကူးခြင်း၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အခြေအနေများကို ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသည့် ဆမ်မိန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအီဆဲနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မိုင်းယုမြို့ အုပ်ချုပ်ရေးမှူး၊ အထက(မိုင်းယု)ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တိုက်နယ်ဆရာဝန်၊ မိုင်းယုနယ်မြေရဲစခန်းမှ စခန်းမှူး၊ စိုက်ပျိုးရေး ဦးစီးဌာနမှ မြို့ဦးစီးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့ဦးစီးမှူး၊ ဆမ်မိန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများ စုစုပေါင်း ၁၄၀ ခန့် တက်ရောက်ခဲ့သည်။

**ကိုကိုနိုင်(ပြန်/ဆက်)**

# ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် စီမံကိန်းလုပ်ငန်းများ ရှင်းလင်း

**တပ်ကုန်း ဇွန် ၇**

နေပြည်တော် တပ်ကုန်းမြို့နယ် ခရမ်းစပ်ကုန်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း) ထောက်ပံ့ငွေနှင့် ပြည်သူထည့်ဝင်ငွေဖြင့် ဆောက်လုပ်သည့် ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် စီမံကိန်းလုပ်ငန်းများ ရှင်းလင်းခြင်း အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းအဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဌွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းက ကျေးရွာအတွင်း ပထမနှစ်စက်ဝန်းမှ စတုတ္ထနှစ်စက်ဝန်းထိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းခွဲများတွင် ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်ရေး၊ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ပိုင်ရှင်ကဲ့သို့ ဆောင်ရွက်ရေးနှင့် စီမံကိန်းလုပ်ငန်းခွဲတွင်လည်း ကျား၊ မ တန်းတူ အခွင့်အရေးရရှိအောင် ဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် လူထုဗဟိုပြုစီမံကိန်းမှ ဝယ်ယူရေးအရာရှိ ဦးမောင်မြင့်က မြို့နယ်အတွင်းရှိ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းခွဲ အခြေအနေများ ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၆၀၊ အနံ ပေ ၃၀ ဖြစ်ပြီး သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ် အဆောက်အအုံ ဖြစ်သည်။ လူထုဗဟိုပြုစီမံကိန်း ကမ္ဘာ့ဘဏ်ထောက်ပံ့ငွေကျပ် သိန်း ၁၆၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ကျပ် ၂၉ သိန်း စုစုပေါင်းကုန်ကျငွေ ကျပ် ၁၈၉ သိန်း ဖြစ်သည်။

**တင်စိုးလွင်**

# စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ရှင်းလင်းဆွေးနွေး

**တာချီလိတ် ဇွန် ၇**

တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတွင်စိုက်ပျိုးမည့် တောင်သူများအား ဇွန် ၆ ရက် နံနက် ၉ နာရီက ဖန်မင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌တွေ့ဆုံကာ အဆင့်မြင့်စိုက်ပျိုးရေးနည်းပညာများနှင့် စိုက်ပျိုးရမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်မျိုးစေ့တာဝန်ခံ ဦးအေးကိုက မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ မြို့နယ် ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က အထွက်နှုန်းတိုးတက် ရရှိစေရေး၊ လက်ထောက်ဦးစီးမှူး ဒေါ်အိအိသက်က မျိုးသန့်များ အသုံးပြုခြင်းဖြင့် အထွက်နှုန်းပိုမိုရရှိနိုင်ရေး၊ လက်ထောက်ဦးစီးမှူး ဒေါ်အေးသန္တာဦးက ဓာတုပိုးသတ်ဆေးများကို ကိုင်တွယ်သုံးစွဲနည်း စနစ်များကိုလည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဦးအောင်တင်ဝင်းက EM ဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲပုံအဆင့်ဆင့်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ဒုဌဝတီမြစ်ဝှမ်းတစ်လျှောက် အန္တရာယ်ဖြစ်နိုင်ဖွယ် မြစ်ရေမြင့်တက်နိုင်ခြင်းကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်အနေအထား ပြင်ဆင်



**မန္တလေး ဇွန် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေကြီးမှုများ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါ ရေကြီးမှုကြောင့် ဒုဌဝတီမြစ်ဝှမ်းတစ်လျှောက် အန္တရာယ်ဖြစ်နိုင်ဖွယ် မြစ်ရေမြင့်တက်နိုင်သဖြင့် အထူးသတိပြုနိုင်ရန် သတိပေးချက်ထုတ်ပြန်ပြီး မီးသတ်တပ်ဖွဲ့ဝင်များ အသင့်အနေအထား ပြင်ဆင်ထားကြောင်း သိရသည်။

“ရှာဖွေတပ်ဖွဲ့ဝင်တွေကို ကယ်ဆယ်ရေးပစ္စည်းတွေပါတဲ့ တစ်ကိုယ်ရေ ကျောပိုးအိတ်တွေနဲ့ အသင့်အနေအထား ပြင်ဆင်ထားပါတယ်၊ မြို့နယ်၊ ရပ်ကွက်စခန်းတိုင်းကို အင်တာနက်တွေ၊ တယ်လီဖုန်းတွေ၊ စက်တွေ ချိတ်ဆက်ထားပါတယ်၊ အချိန်နဲ့တစ်ပြေးညီ ထွက်နိုင်အောင် စခန်းတိုင်း အသင့်အနေအထားရှိပါတယ်၊ မီးသတ်တပ်ဖွဲ့က ကယ်ဆယ်ရေးလှေတွေ၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တွေလည်း အသင့်ပြင်ဆင်ထားပါတယ်”ဟု မန္တလေးခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်က ပြောသည်။

ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ရေကြီးခဲ့ပါက တောင်ကျရေအဖြစ် ဒုဌဝတီမြစ်သို့ စီးဆင်းလာမည်ဖြစ်ကြောင်း၊ ဒုဌဝတီမြစ်တွင် ဆည်နှစ်ခု ခံထားသော်လည်း မထိန်းနိုင်ပါက လွှတ်လိုက်လျှင် ရုတ်တရက် စိုးရိမ်နိုင်ဖွယ် ရေကြီးခြင်း ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ယခုကဲ့သို့ အထူးသတိပေးချက် ထုတ်ပြန်ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

“ဒုဌဝတီမြစ်ဝှမ်းတစ်လျှောက်က ပြင်ဦးလွင်ခရိုင် ကျောက်ဆည်ခရိုင်စတဲ့ ခရိုင်အလိုက် ခရိုင်မီးသတ်ဦးစီးမှူးတွေကလည်း အချင်းချင်း ချိတ်ဆက် လုပ်ဆောင်နေပါတယ်၊ မြစ်ချောင်းဘေးက ရွာတွေကို အထူးသတိပေးချက်လိုက်လံနှိုးဆော်ပေးနေပါတယ်၊ ပြည်သူတွေအနေနဲ့ သတင်းစာ၊ တီဗွီ၊ ရေဒီယိုတွေက သတင်းထုတ်ပြန်ချက်တွေကို နားစွင့်ပြီး သတိပြုနေထိုင်စေချင်ပါတယ်” ဟု မန္တလေးခရိုင် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်အောင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးကြောင့် ဘေးအန္တရာယ်များဖြစ်ပေါ်ပြီး ထူးခြားမှုရှိပါက ဗဟိုမီးသတ်စခန်း ဖုန်း ၁၉၁၊ ၀၂-၄၀၆ ၀၇၃၉၊ ၀၂-၄၉၆ ၀၇၃၈၊ ၀၂-၄၀၆၀၇၄၀၊ ဗဟိုအော်ပရေတာ ဖုန်း ၀၉-၃၃၃၆၆၇၀၁ သို့ ၂၄ နာရီ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ဘားအံမြို့၌ လူကူးကြိုးတံတား (အိမ်မက်တံတား) တည်ဆောက်

**ဘားအံ ဇွန် ၇**

ကရင်ပြည်နယ် ဘားအံမြို့ သံလွင်မြစ်အနောက်ဘက်ကမ်းရှိ မုက္ကဒိကျေးရွာနှင့် သံလွင်မြစ်ရေလယ်ဖားနွဲ့ကျွန်းပေါ်ရှိ ဖားနွဲ့ကျွန်းကျေးရွာတို့ကို ဆက်သွယ်သော မုက္ကဒိ-ဖားနွဲ့ကျွန်း လူကူးကြိုးတံတား (အိမ်မက်တံတား) အား ၂၀၁၇-၂၀၁၈ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် Asia Capital Alliance Co,Ltd., က တာဝန်ယူတည်ဆောက်လျက်ရှိရာ ဇွန် ၆ ရက် ညနေ ၄ နာရီက ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တော၊ သတ္တုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစောပြည်သာ၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အဆိုပါတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ Asia Capital Alliance Co.,Ltd မှ တာဝန်ရှိသူများက တံတားတည်ဆောက်ရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီတည်ဆောက်ပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။



အဆိုပါ တံတားသည် အရှည် ပေ ၆၄၀၊ အကျယ် ခြောက်ပေရှိမည်ဖြစ်ပြီး သံကူကွန်ကရစ်အုတ်မြစ်၊ Steel Deck ကြမ်းခင်း၊ ရေလမ်းကင်းလွတ်အမြင့် ငါးပေဖြင့် တည်ဆောက်သွားမည်ဖြစ်ပြီး ယခင်က အရှည်ပေ ၃၅၀ ခန့်ရှိ သစ်ဝါးတို့ဖြင့် ယာယီတံတားတစ်စင်းကို ဒေသခံကျေးရွာသူ ကျေးရွာသားများက တည်ဆောက်ထားရှိရာ မိုးတွင်းကာလ ရေစီးသန်မှုကြောင့် သံလွင်မြစ်အတွင်း နှစ်စဉ်မျောပါခဲ့ရကြောင်း၊ ဖားနွဲ့ကျွန်းကျေးရွာ၏ အဓိကစိုက်ပျိုးရေးထွက်ကုန်များကို တင်ပို့ရောင်းချရာတွင်လည်းကောင်း၊ ကျေးရွာ၏ စီးပွားရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများတွင်လည်းကောင်း၊ ဖားနွဲ့ကျွန်းကျေးရွာမှ ကျောင်းသား ကျောင်းသူများသည် တစ်ဖက်ကမ်း မုက္ကဒိကျေးရွာအထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းတက်ရသည့်အတွက် မိုးရာသီတွင် ရေစီးသန်သည့် သံလွင်မြစ်ကို လှေ၊ ဖောင်တို့ဖြင့် ဖြတ်ကူးရသဖြင့် အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်းတို့ကြောင့်လည်းကောင်း မုက္ကဒိ-ဖားနွဲ့ကျွန်း လူကူးကြိုးတံတား (အိမ်မက်တံတား)ကို တည်ဆောက်ရခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# (၂၆)ကြိမ်မြောက် နိကာယ်စာမေးပွဲ စတင်ဖြေဆို

**ရန်ကုန် ဇွန် ၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန(စာမေးပွဲဌာနခွဲ)၏ တစ်နိုင်ငံလုံး တစ်ပြေးညီ (၂၆) ကြိမ်မြောက် နိကာယ်စာမေးပွဲဖြေဆိုရန် ညွှန်ကြားချက်အရ ဇွန် ၄ ရက်မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)ဝတ္တကမြေအတွင်းရှိ သီရိမင်္ဂလာ မဟာသာသနာ့ဗိမာန်တော်စာဖြေဌာန၌ နိကာယ်စာမေးပွဲ ကျင်းပခဲ့သည်။

အဆိုပါ (၂၆)ကြိမ်မြောက် နိကာယ်စာမေးပွဲကို ဇွန် ၄ ရက်မှ ၈ ရက်အထိ နေ့စဉ်မွန်းလွဲ ၁ နာရီမှညနေ ၅ နာရီအထိ ငါးရက်တိုင်တိုင် ပါဠိဘာသာရပ်များအလိုက် ကျင်းပသွားမည်ဖြစ်ပြီး ဇွန် ၄ ရက်တွင် ဝိနယ၊ မဟာဝဂ္ဂ၊ သုတ္တန္တဒီဃ၊ သုတ္တန္တမဇ္ဈိမ၊ သံယုတ်၊ အင်္ဂုတ္တရ၊ အဘိဓမ္မာဘာသာရပ်များကို စာဖြေသံဃာတော် ၁၂၄ ပါးနှင့် ဇွန် ၅ ရက်တွင်လည်း ဝိနယ(ပါစိတ်)ဘာသာရပ်ကို စာဖြေသံဃာတော် ၅၆ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူခဲ့ကြကြောင်း သိရသည်။

ထိုသို့ နိကာယ်စာမေးပွဲဖြေဆိုရာတွင် ရဟန်းသံဃာတော်များ ပါဠိဘာသာရပ်အလိုက် သတ်မှတ်ပေးထားသည့်ရက်များ၌ အေးချမ်းစွာဖြေဆိုနိုင်ရန် မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ နိကာယ်စာမေးပွဲကြီးကြပ်ဆရာတော်များနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ (၂၁)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်သာသနာရေးဦးစီးဌာန မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း**

# စစ်တောင်းမြစ်ဝ ရေကြီးမှုနှင့် ကမ်းပါးပြိုမှုများ ကာကွယ်နိုင်ရေး စည်းဝေး

**ပဲခူး ဇွန် ၇**

စစ်တောင်းမြစ်ဝဒေသ သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဇွန် ၇ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စစ်တောင်းမြစ်သည် မြန်မာနိုင်ငံ၏ အထင်ကရမြစ်များတွင် တစ်စင်းအပါအဝင်ဖြစ်ပြီး စုစုပေါင်း ၄၂၈ ကီလိုမီတာခန့်ရှည်လျားပြီး မြန်မာနိုင်ငံအလယ်ပိုင်းမှ မြစ်ဖျားခံကာ အရှေ့ဘက်မှ ပေါင်းလောင်းချောင်း၊ သောက်ရေခပ်ချောင်း၊ ကျောက်ကြီးချောင်းနှင့် ရွှေကျင်ချောင်း၊ အနောက်ဘက်တွင် ဆင်သေချောင်း၊ ရုံးပင်ချောင်း၊ ဆွာချောင်း၊ ခပေါင်းချောင်း၊ ဖြူးချောင်း၊ ကွင်းချောင်း၊ ရဲနွယ်ချောင်း၊ ဘိုင်းနား ချောင်းနှင့် ကောလိယချောင်းတို့ ပေါင်းဆုံပြီး မုတ္တမပင်လယ်ကွေ့အတွင်းသို့ စီးဝင်သွားကြောင်း၊ စစ်တောင်းမြစ်သည် မြစ်ခွဲများအဖြစ် ပြန်လည်ဖြာထွက် စီးဆင်းမှုမရှိခြင်း၊ မြစ်ဝ၌ ခေါင်းလောင်းပုံသဏ္ဌာန်ရှိခြင်း၊ ရေချိုစီးဆင်းမှု မြန်ဆန်ခြင်း၊ ဒီရေတက်သည့် ဒဏ်ကိုခံရခြင်းတို့ကြောင့် ကဝမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်တို့တွင် ကမ်းပါးပြိုမှုဒဏ်ကို ခံစားနေရ၍ အဆိုပါပြဿနာများကို ဖြေလျှော့ပေးနိုင်ရန်အတွက် အစည်းအဝေးကျင်းပရခြင်းဖြစ်ကြောင်း၊ ၎င်းဒေသများအား ပြည်ပခရီးသွားလုပ်ငန်းများနှင့် တွဲဖက်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစီမံချက်များ ဆောင်ရွက်နိုင်ရန် ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာစောညိုဝင်းက စစ်တောင်းမြစ်ဝသည် သက်နုမြေများဖြင့် ဖွဲ့စည်းထားခြင်း၊ ရေစီးကြောင်း မတည်ငြိမ်ခြင်းတို့ကြောင့် ဒီရေတောစိုက်ခင်းများ စိုက်ပျိုးရန်မဖြစ်နိုင်ကြောင်း၊ စစ်တောင်းမြစ်ဝအနီးရှိ မြေလွတ်မြေရိုင်းများ၊ တောရိုင်းမြေများအား ပြန်လည်ဖော်ထုတ်ပြီး သစ်တောစိုက်ခင်းထူထောင်ခြင်း၊ ရေချို၊ ရေငန် ငါးမွေးမြူရေးလုပ်ငန်းများ၊ ကဏန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းများအား စီမံချက်ရေးဆွဲဆောင်ရွက်စေလိုကြောင်းနှင့် ကမ်းပါးပြိုကျမှုနှင့်ပတ်သက်၍ UN Habitat အဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို တင်ပြဆွေးနွေးသည်။

ယင်းနောက် အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တက်ရောက်လာသည့် ကော်မတီဝင်များက ဌာနများအလိုက် စစ်တောင်းမြစ်ဝ ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့်ကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးကို စစ်တောင်းမြစ်ဝဒေသရှိ ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းရန်အတွက် လက်ရှိသဘာဝနယ်မြေသစ်များ ထပ်မံဖွဲ့စည်းထိန်းသိမ်းခြင်း၊ သဘာဝသယံဇာတ ဂေဟစနစ်များ ထိန်းသိမ်းကာကွယ်သွားရန်နှင့် စစ်တောင်းမြစ်ဝ ရေကြီးမှုနှင့် ကမ်းပါးပြိုမှုများ ကာကွယ်နိုင်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# မြောက်ဦးမြို့မီးသတ်စခန်း၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လက်တွေ့လေ့ကျင့်ဆောင်ရွက်

**မြောက်ဦး ဇွန် ၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြောက်ဦးမြို့နယ် မီးသတ်စခန်းတွင်ထားရှိသော ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ လျှန်မြန်စွာ အသုံးပြုနိုင်ရေး လက်တွေ့စမ်းသပ်လေ့ကျင့်ခြင်းများကို ဇွန် ၅ ရက် နံနက် ၈ နာရီက လက်တွေ့ပြုလုပ်ခဲ့ကြသည်။

ထို့နောက် မြောက်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစံထွန်းက ယခုလို သဘာဝဘေးအန္တရာယ်ကျရောက်လာပါ မိမိတို့မြို့နယ်အတွင်းရှိ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို လျင်မြန်စွာ အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရခြင်းမှာ မြောက်ဦးမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ ဒေသများတွင် အရေးပေါ် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အချိန်မီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် လက်တွေ့စမ်းသပ်လေ့ကျင့်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့လေ့ကျင့်ဆောင်ရွက်ခြင်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့အား လက်တွေ့လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရွှေသမင်များ ကောင်ရေလျော့နည်း

**ကန့်ဘလူ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်နှင့် ကသာခရိုင်အတွင်း ကန့်ဘလူမြို့နယ်တွင် ၁၉၄၁ခုနှစ်က စတင်တည်ထောင်ခဲ့သော ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ ရွှေသမင်များမှာ တစ်နှစ်ထက်တစ်နှစ် နည်းပါးလျော့နည်းလာသည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၁၉၄၁ ခုနှစ်က ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်တို့ရှိ မြေဧက ၆၄၂၄၆ ဒသမ ၄၂ ဧကကို တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် စတင်တည်ထောင်ခဲ့သည်။ ထိုတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှာ ရန်ကုန်-မန္တလေး-မြစ်ကြီးနား ရထားလမ်းဖောက်ရာတွင် မီးရထားများကို လောင်စာများထောက်ပံ့ပေးနိုင်ရန် ၁၉၁၉ ခုနှစ်တွင် ချပ်သင်းထင်းကြိုးဝိုင်းနှင့် ၁၉၂၈ ခုနှစ်တွင် ချပ်သင်း တိုးချဲ့ထင်းကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် အဆိုပါကြိုးဝိုင်းနှစ်ခုနှင့် ဆက်စပ်တည်ရှိသည့် ကြိုးပြင်တော၊ အပတောတို့ကိုစုစည်း၍ ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့သည်။ ချပ်သင်းတိရစ္ဆာန်ဘေးမဲ့တောမှာ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် တည်ရှိသည်။ ချပ်သင်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောမှာ ကောလင်းမြို့နယ်နှင့်လည်း ဆက်စပ်နေသည်။ ချပ်သင်းတိရစ္ဆာန်ဘေးမဲ့တောမှာ ရွှေသမင်များကို အဓိကမွေးမြူထားခြင်းဖြစ်သည်။

ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၂၀၀၉ ခုနှစ်တွင် ရွှေသမင် ၁၅၆၁ ကောင်၊ ၂၀၀၀ ပြည့်နှစ်တွင် ၉၉၁ ကောင်၊ ၂၀၁၁ ခုနှစ်တွင် ၁၁၁၃ ကောင်၊ ၂၀၁၂ ခုနှစ်တွင် ၈၇၂ ကောင်၊ ၂၀၁၃ ခုနှစ်တွင် ၅၇၉ ကောင်၊ ၂၀၁၄ ခုနှစ်တွင် ၃၇၈ ကောင်၊ ၂၀၁၅ ခုနှစ်တွင် ၄၁၆ ကောင်၊ ၂၀၁၆ ခုနှစ်တွင် အကောင် ၄၈၀၊ ၂၀၁၇ ခုနှစ်တွင် ၇၂၈ ကောင်သာရှိပြီး ယခု ၂၀၁၈ ခုနှစ်တွင် ၈၈၉ ကောင်သာ ရှိတော့သည်။ ရွှေသမင်များ တစ်နှစ်ထက်တစ်နှစ် အကောင်ရေနည်းပါးလာသည်။

ရွှေသမင်များ၏ သဘာဝမှာ ဖေဖော်ဝါရီလဆန်းမှ မေလဆန်းအထိ မိတ်လိုက်ကြသည်။ ဒီဇင်ဘာလအတွင်း သားပေါက်ကြပြီး တစ်ကြိမ်လျှင် တစ်ကောင်သာ ပေါက်ပွားကြသည်။ သမင်များသည် အင်တိုင်းတောများတွင် ကျက်စားပြီး ဆီးဖြူသီး၊ ဖန်ခါးသီး၊ ခပေါင်းသီးနှင့် မြက်များကို အဓိကစားသုံးသည်။ ချပ်သင်းတိရစ္ဆာန်ဘေးမဲ့တောနယ်မြေတွင် မြေပြန့်လွင်ပြင်များပြားပြီး အနောက်ဘက်ခြမ်းတောင်ကုန်းနှင့် လျှိုမြောင်များရှိသည်။ ထိုအထဲတွင် အင်တိုင်းတောနိမ့်၊ အင်တိုင်းတောမြင့်၊ ရေလွှမ်းအင်တိုင်းတော၊ မြက်ခင်းတော၊ ရွက်ပြတ်ရောနှောတောရှိ၍ သမင်များလွတ်လပ်စွာ ရှာဖွေစားသောက်နေကြသည်။



ရွှေသမင်များတစ်နှစ်ထက်တစ်နှစ် နည်းပါးလျော့နည်းလာခြင်းမှာ အဓိက သမင်မုဆိုးများ၏ ပစ်ခတ်သတ်ဖြတ်မှုခံရခြင်း၊ မီးခိုတောများပျက်စီး၍ အင်တိုင်းတောများနည်းပါးလာခြင်း၊ စားကျက်မြေ ရှားပါးလာခြင်း၊ စားကျက်ဧရိယာအတွင်း ထင်းခုတ်သုံးစွဲမှုရှိခြင်း၊ တောခွေး၊ အိမ်ခွေးများ ကိုက်သတ်မှုခံရခြင်း၊ အင်တိုင်းတော၏ဝန်းကျင်တွင် ကျေးရွာများ တည်ထောင်လာခြင်းများကြောင့် သမင်များ လျော့နည်းလာခြင်းဖြစ်သည်။

ထို့ကြောင့် ရွှေသမင်များမျိုးမသုဉ်းရန် အန္တရာယ်ကာကွယ်သည့် နည်းလမ်းအဖြစ် သမင်မုဆိုးများအန္တရာယ်မှ ကာကွယ်ရန် ဝန်ထမ်းများအား တောတွင်းစခန်းများချ၍ လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော တာဝန်ခံ ဦးမင်းဆွေက ရှင်းလင်းပြောပြသည်။

**တင်လှိုင်**

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းနှင့် ဥပဒေ



မောင်စာဂ

မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ ဖွဲ့စည်းပြီးနောက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပခဲ့ခြင်းနှင့် စပ်လျဉ်း၍ ဆန်းစစ်ရာတွင် ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအပြီး ပထမအကြိမ်လွှတ်တော်သက်တမ်းကာလအတွင်း ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့က ကြားဖြတ်ရွေးကောက်ပွဲကို တစ်ကြိမ်ကျင်းပခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာခဲ့သော်လည်း အကြောင်းကြောင်းများ တိုက်ဆိုင်လာသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီး ပြန်လည်ပယ်ဖျက်ခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအပြီး ဒုတိယအကြိမ်လွှတ်တော်သက်တမ်းကာလအတွင်း ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည်။

ဤတွင် ဘာကြောင့် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပနေရသနည်း၊ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရခြင်းကြောင့် မည်သို့အကျိုးရလဒ်များ ဖြစ်ပေါ်စေသနည်း။ စောကြောလေ့လာကြည့်မိသည်။ အနှစ်ချုပ်၍ မျှဝေပါရစေ။

## ဥပဒေပါပြဋ္ဌာန်းချက်များအဆင့်ဆင့်

ကြားဖြတ်ရွေးကောက်ပွဲဆိုသည့်စကားရပ်ကို ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂(ဇ) တွင် ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုထားသည်-

"ကြားဖြတ်ရွေးကောက်ပွဲဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ခုအတွင်း မဲဆန္ဒနယ်တစ်ခု၌ ရွေးကောက်ပွဲ ရွှေ့ဆိုင်းထားခြင်းကြောင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှရုပ်စဲခြင်း သို့မဟုတ် တာဝန်မှရုပ်သိမ်းခြင်းကြောင့်ဖြစ်စေ လစ်လပ်လျက်ရှိသောမဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကော်မရှင်က သတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကိုဆိုသည်။"

၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းသော လွှတ်တော်ရွေးကောက်ပွဲဥပဒေများ၏ ပုဒ်မ ၈၉ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည် -

"၈၉။ လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုး ရွေးကောက်တင်မြှောက်ရမည်။"

ဤမူလပြဋ္ဌာန်းချက်အရဆိုသော် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပရန် အချိန်ကာလသတ်မှတ်ထားခြင်းမရှိပါ။

## ပုဒ်မ ၈၉ ကို အစားထိုးခဲ့သည်

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို တတိယအကြိမ်ပြင်ဆင်ခဲ့ရာ ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၇၊ ၈၊ ၉ တို့ဖြင့် ပုဒ်မ ၈၉ ကို အောက်ပါအတိုင်းအစားထိုးခဲ့သည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ ခြောက်လအတွင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ခြင်းသည် လွှတ်တော်သက်တမ်းမကုန်ဆုံးမီ တစ်နှစ်အတွင်းဖြစ်ပါက အစားထိုးရွေးကောက်တင်မြှောက်ခြင်းမပြုရ။"

ဤပြဋ္ဌာန်းချက်အရဆိုသော် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကော်မရှင်သို့ အကြောင်းကြားသည့်နေမှစ၍ ခြောက်လအတွင်း ဥပဒေနှင့်အညီ အစားထိုးရွေးချယ်တင်မြှောက်ပြီး ဖြစ်ရပါမည်။

## ပုဒ်မ ၈၉ ပုဒ်မခွဲ (က) ကို ပြန်လည်အစားထိုးသည်

၂၀၁၆ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်ခဲ့ရာ ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၃၀၊ ၃၁၊ ၃၂ တို့ဖြင့် ပုဒ်မ ၈၉ (က) ကို အောက်ပါအတိုင်း အစားထိုးခဲ့သည်-

"၈၉။(က) လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော် ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် လည်းကောင်း၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် ခြောက်လအတွင်းတွင်လည်းကောင်း ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရမည်။"

ယခုနောက်ဆုံးပြင်ဆင်ချက်အရဆိုသော် ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး လစ်လပ်သည်ဟု အကြောင်းကြားလာသည့်အခါ အကြောင်းကြားလာသည့်နေ့မှစ၍ ခြောက်လအတွင်းတွင် အစားထိုးရွေးကောက်တင်မြှောက်ပြီး ဖြစ်ရပါမည်။

## ဦးမောင်မြင့်၏ကြယ်ပွင့်မပြမေးခွန်း

မင်းကင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်က ၂၃-၁၁-၂၀၁၇ ရက်စွဲဖြင့် ကြယ်ပွင့်မပြမေးခွန်းကို ပြည်သူ့လွှတ်တော်သို့ အောက်ပါအတိုင်း ရေးသားတင်ပြခဲ့သည်-

"၁။ ယခုအခါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် မဏ္ဍိုင်ကြီး (၃) ရပ်သည် အပြန်အလှန် ထိန်းကျောင်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နေချိန် ဖြစ်ပါသည်။

၂။ အထူးသဖြင့် ဥပဒေပြုရေးမဏ္ဍိုင်ကို အင်ပြည့်အားပြည့် လှုပ်ရှားနိုင်ရန်အတွက် ကိုယ်စားလှယ် အရေအတွက်ပြည့်မီရေးနှင့် အရည်အချင်းပြည့်ဝရေးတို့မှာ လွန်စွာအရေးကြီးနေပါသည်။

၃။ ယခုအခါ မဲဆန္ဒနယ်အချို့တွင် ကိုယ်စားလှယ် လစ်လပ်နေကြောင်း လေ့လာသိရှိရပါသည်။ သို့ပါ၍ အောက်ပါမေးခွန်း (၃) ခုကို မေးမြန်းတင်ပြအပ်ပါသည်-

(က) မည်သည့်မဲဆန္ဒနယ်များတွင် ကိုယ်စားလှယ် လစ်လပ်နေပါသနည်း၊

(ခ) နောက်ထပ်ကြားဖြတ်ရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးရန် အစီအစဉ် ရှိ၊ မရှိ၊

(ဂ) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ကျင်းပမည်၊ မရှိပါက မည်သည့်အတွက်ကြောင့် ကျင်းပနိုင်ခြင်းမရှိသည်" ဟူ၍ ဖြစ်ပါသည်။

## ဦးခင်မောင်လတ်၏ ကြယ်ပွင့်ပြ(☆) မေးခွန်း

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က ၈-၁၁-၂၀၁၇ ရက်စွဲဖြင့် ကြယ်ပွင့်ပြ (☆) မေးခွန်းကို အမျိုးသားလွှတ်တော်သို့ အောက်ပါအတိုင်း တင်သွင်းခဲ့သည် -

"၁။ ရခိုင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ရသေ့တောင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးဖိုးမင်း(ခ)ဦးဘိုးမင်းသည် ၂၀၁၇ ခုနှစ် ဇွန်လ (၁၇) ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ ၎င်းမဲဆန္ဒနယ်မြေမှ ပြည်သူများသည် ၎င်းတို့၏ အသံ၊ ဆန္ဒနှင့် မျှော်လင့်ချက်များကိုလွှတ်တော်၌ဖော်ထုတ်ရန် အခွင့်အရေးများ ဆုံးရှုံးနေရပါသည်။ ၎င်းတို့၏ ကျန်းမာရေး၊ ပညာရေးစသော လူမှုစီးပွားရေးဘဝတွင် နိစ္စဓူဝကြုံတွေ့နေရသော အခက်အခဲပေါင်းများစွာကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ဖြေရှင်းနေရလေ့ရှိပါသည်။ နေပြည်တော်၌ တစ်နှစ်လျှင် (၈) လ၊ (၉) လ လွှတ်တော်တက်နေရသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် နှိုင်းယှဉ်လျှင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် လူထုနှင့်အနီးကပ်နေထိုင်ရပြီး ရင်းနှီးမှုပိုရှိပါသည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေ၊ အမှတ် ၉၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် ပြဋ္ဌာန်းသည်) ပုဒ်မ ၈၉။ (က) အရ ဦးဖိုးမင်း (ခ) ဦးဘိုးမင်း ကွယ်လွန်သည်မှ ၆ လအတွင်း ၎င်း၏နေရာတွင် အစားထိုး ရွေးကောက်တင်မြှောက်ပြီးဖြစ်ရပါမည်။ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌမှလည်း ဦးဖိုးမင်း (ခ) ဦးဘိုးမင်းကွယ်လွန်သည့်နေ့မှစ၍ ရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားထားပြီးဖြစ်သည်ဟု သိရှိရပါသည်။ ယနေ့ဆိုလျှင် ၎င်းကွယ်လွန်ခဲ့သည်မှာ ၄ လ ကျော် ၅ လအတွင်း ရောက်ရှိကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ရသေ့တောင်မြို့နယ် အမှတ် (၂) မဲဆန္ဒနယ်မြေ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နေရာအတွက် ရွေးကောက်ပွဲပြုလုပ်ပေးပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။"ဟူ၍ ဖြစ်ပါသည်။

## ရှုထောင့်စုံမှလေ့လာသုံးသပ်ခဲ့သည်

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကာလသတ်မှတ်ချက်များကြောင့် အကျပ်အတည်း အခက်အခဲဖြစ်စေသည့် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ ပါ ပြင်ဆင်ပြဋ္ဌာန်းချက်ကိုလည်း သတိမူရသည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်ကိုလည်း အလေးထားရသည်။ ပြည်သူ့အသံသည် လွှတ်တော်အသံဖြစ်၍ ပြည်သူ့အသံကို နားထောင်ရသည်။ လေးစားရသည်။ နိုင်ငံတော်ဘဏ္ဍာငွေကိုလည်း ထည့်သွင်းစဉ်းစားရသည်။

ဤသို့ ဘက်စုံထောင့်စုံ၊ ရှုထောင့်စုံမှ လေ့လာသုံးသပ်ပြီး လွှတ်တော် ကိုယ်စားလှယ်ကြီးနှစ်ဦး၏ မေးမြန်းချက်အပေါ် "အဆိုပါ လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၈ ခုနှစ်အတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါကြောင်း" ဖြေကြားခဲ့သည်။ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်၏ မေးခွန်းကို ၁၄-၁၂-၂၀၁၇ ရက်နေ့တွင် ဖြေကြားခြင်းဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်၏မေးခွန်းကို ၁၅-၁-၂၀၁၈ ရက်နေ့တွင် ဖြေကြားခဲ့သည်။ယင်းသို့ ဖြေကြားသည့် အချိန်က လစ်လပ်မဲဆန္ဒနယ်များ ၇ နေရာသာရှိခဲ့သည်။

ထိုကဲ့သို့ ဖြေကြားပြီးနောက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့်ရက်ကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ရက်ကို ရွေးချယ်ခဲ့သည်။ ပထမအကြိမ်ကြားဖြတ်ရွေးကောက်ပွဲသည် ၁-၄-၂၀၁၈ ရက်နေ့ ဖြစ်သဖြင့် ၁ နှစ်နှင့် ၈ လကြာမှ ယခု ဒုတိယအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပခြင်းဖြစ်သည်။ လစ်လပ်နေရာထပ်တိုးလာသဖြင့် စုစုပေါင်း ၁၃ နေရာအတွက် ကျင်းပပေးရမည်။

ဤသို့ဆိုလျှင် ကြားဖြတ်ရွေးကောက်ပွဲ ဘာကြောင့် ကျင်းပရသလဲဆိုသည့် မေးခွန်းအပေါ် ထင်သာမြင်သာ ရှိလိမ့်မည်ဟု ယူဆပါသည်။

## အသိတစ်ခုမျှဝေပါရစေ

ရွေးကောက်ပွဲတစ်ခုကျင်းပလျှင် ငွေကြေးအမြောက်အမြား ကုန်ကျခံရသည်။ အချို့က ကုန်ကျသည့်ငွေကြေးကို ရွေးကောက်တင်မြှောက်ခံရသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက်နှင့် တွက်ချက်၍ သန်း ၁၀၀ တန်၊ သန်း ၂၀၀ တန် လွှတ်တော်ကိုယ်စားလှယ်ဟု ပြောတတ်ကြသည်။ ကင်ညာနိုင်ငံ ရွေးကောက်ပွဲတစ်ခုသို့ သွားရောက်လေ့လာစဉ်က ရွေးကောက်ပွဲအတွက် ကုန်ကျငွေကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီနှင့် တိုင်းတာခြင်းမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကို ငွေကြေးနှင့်တန်ဖိုးမဖြတ်ပါ။ မဲဆန္ဒရှင်များအပေါ်အခြေခံ၍တွက်ချက်သည်။ မဲဆန္ဒရှင်တစ်ဦးအတွက် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၂၇ ခန့် (မြန်မာကျပ်ငွေ ၃၆၅၈၅ ဖြင့်ညီမျှသည်) ကုန်ကျသုံးစွဲပြီး ဒီမိုကရေစီအလေ့အကျင့်များ ရှင်သန်စေရန်ပြုစုပျိုးထောင်ခြင်းဖြစ်သည်ဟုဆိုကာ ဂုဏ်ယူဝံ့ကြွားပြောကြားသည်ကို သိရှိခဲ့ရသည်။

ဤနည်းဖြင့် မိမိတို့မြန်မာနိုင်ငံတွင် လာမည့်ကြားဖြတ်ရွေးကောက်ပွဲ ကုန်ကျငွေကို လစ်လပ်သည့် မဲဆန္ဒနယ်မြေမှ မဲဆန္ဒရှင်အရေအတွက်အပေါ်အခြေခံ၍ တွက်မည်ဆိုပါက ပျမ်းမျှအားဖြင့် မဲဆန္ဒရှင် တစ်ဦးအတွက် ခန့်မှန်းငွေကျပ် ၁၅၀၀ ကုန်ကျခံသုံးစွဲသည်ကို တွေ့ရမည်ဖြစ်သည်။

အမှန်တော့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရွေးကောက်ပွဲတွင်ကုန်ကျသည့် ငွေကြေးဖြင့် တွက်ချက်၍ တန်ဖိုးဖြတ်ခြင်း မဖြစ်စကောင်းပါ။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တန်ဖိုးကို ရွေးကောက်ပွဲကုန်ကျစရိတ်ဖြင့် တန်ဖိုးဖြတ်ရာရောက်သည့်သဘော မဖြစ်သင့်ပါ။ တန်ဖိုးဖြတ်၍လည်း မရနိုင်ပါ။ မည်သည့်နိုင်ငံတွင်မှ ထိုသို့တွက်ချက်တန်ဖိုးဖြတ်လေ့မရှိပါ။

## ဒီမိုကရေစီကိုချစ်မြတ်နိုးသည်ဆိုလျှင်

ဒီမိုကရေစီသည် ရွေးကောက်ပွဲကိုအခြေခံသည်။ ဒီမိုကရေစီဆိုလျှင် နိုင်ငံရေးပါတီများရှိသည်။ ရွေးကောက်ပွဲရှိသည်။ ဒီမိုကရေစီကိုမြတ်နိုးလျှင် ရွေးကောက်ပွဲကိုတန်ဖိုးထားရမည်။ ဒီမိုကရေစီစနစ်ရှင်သန်တိုးတက်စေဖို့ ရွေးကောက်ပွဲများဖြင့် အားဖြည့်ပေးရမည်။ ရွေးကောက်ပွဲများခိုင်မာလျှင် ဒီမိုကရေစီအားကောင်းမည်။ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူလူထုအားလုံး စိတ်ဝင်တစား ပါဝင်မဲပေးနိုင်ရေး အားပေးကူညီကြရမည်။ အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်။ ရွေးကောက်ပွဲများ ခိုင်မာစေဖို့ ပြည်သူတွေကို အစဉ်သဖြင့် အသိပညာ၊ အလေ့အကျင့်များ မျှဝေပေးနေရမည်။ နိုင်ငံတော် အချုပ်အခြာအာဏာ ပြည်သူများထံမှာရှိနေသည်။ ပြည်သူများ၏ ဥပဒေနှင့်အညီ ရွေးကောက် တင်မြှောက်ပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အစဉ်သဖြင့် ရှင်သန်လန်းဆန်းနေရမည်။ ပြည်သူနှင့်ရွေးကောက်ပွဲ၊ ရွေးကောက်ပွဲနှင့်ပြည်သူ တစ်သားတည်း ရှိနေကြရမည်သာ။

**ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ပေါ်ထွန်းနိုင်ပါစေ၊**

**အများယုံကြည်လက်ခံနိုင်သော၊ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲများ ဖြစ်ကြပါစေ၊**

**ရွေးကောက်ပွဲများတွင် ပြည်သူတွေအားလုံး တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေ။**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစာတိုက်များတွင် လေယာဉ်လက်မှတ်များ ဝယ်ယူနိုင်

**ရန်ကုန် ဇွန် ၇**

မြန်မာ့စာတိုက်လုပ်ငန်းမှ စာပို့လုပ်ငန်းသာမက ဝန်ဆောင်မှုအသစ်ကို တိုးချဲ့ဝန်ဆောင်မှုပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာတိုက်များတွင် မြန်မာ့လကြောင်း ပြည်တွင်း၊ ပြည်ပ လေယာဉ်လက်မှတ်များအား ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့စာတိုက်လုပ်ငန်းမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာတိုက်များ၊ တစ်နိုင်ငံလုံးရှိ စာတိုက်များတွင် ပြည်တွင်းခရီးစဉ်များနှင့် ပြည်ပခရီးစဉ်များအတွက် စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ဗန်ကောက်စသည့် MNA လေကြောင်းလိုင်း လက်မှတ်များကို သုံးရက်ကြိုတင် ငွေပေးချေဝယ်ယူနိုင်ပြီး လေယာဉ်လက်မှတ်ကို ဝယ်ယူသူထံသို့ viber ဖြင့်ပေးပို့မည်ဖြစ်ကာ လေဆိပ်သို့ရောက်ရှိပါက e.ticket ဓာတ်ပုံကိုပြ၍ လေယာဉ်စီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်းဆိုင်ရာ (မွမ်းမံ) သင်တန်းဆင်းပွဲ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောပွဲများ မြို့နယ်အသီးသီးတွင် ကျင်းပ

**သန်လျင်**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အစီအစဉ်ဖြင့် တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးသင်တန်းခန်းမ၌ ဇွန် ၄ ရက်က ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်းဆိုင်ရာ (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၈) ကို ဖွင့်လှစ်ရာ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထွန်းဖေက သင်တန်းဖွင့်အမှာစကား ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**

**ပုဇွန်တောင်**

ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်နှင့် တာဝန်ရှိသူများ၊ ဒုမြို့နယ်ပညာရေးမှူး ဦးမျိုးသူရအောင်၊ အထက(၁) ကျောင်းအုပ် ဆရာမကြီး ဒေါ်သင်းသင်းနွယ်တို့ ပူးပေါင်း၍ ဇွန် ၅ ရက်က ပုဇွန်တောင်မြို့နယ် အထက (၁) ကျောင်းရှေ့၌ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**မင်္ဂလာတောင်ညွန့်**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းမှူး ဒုရဲမှူးဇော်ဝင်းနိုင်နှင့် အထက(၁) မင်္ဂလာတောင်ညွန့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဦးတို့ ပူးပေါင်း၍ ဇွန် ၆ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

**တောင်ဥက္ကလာပ**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေး ပညာပေးယာဉ်ဖြင့် ဇွန် ၄ ရက် နံနက် ၉ နာရီက တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သုမင်္ဂလာလမ်းမကြီး(နန္ဒဝန်ဈေး)ရှေ့၌ တောင်ဥက္ကလာပမြို့မရဲစခန်းမှူး ဒုရဲမှူး ရွှေငွေးက မှုခင်းကြိုတင်ကာကွယ်ရေး ဟောပြောမှုများ ပြုလုပ်ခဲ့ရာ ပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

**ခရမ်း**

ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး(ယာယီ) ရဲမှူးခင်ဇော်က ဇွန် ၆ ရက် ည ၈ နာရီက ခရမ်းမြို့ အမှတ်(၉)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေး ရပ်ကွက်နေပြည်သူများအား ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြဇေ**

**ရမည်းသင်း**

ရမည်းသင်းမြို့နယ် ကိုယ်ပိုင်အထက်တန်းကျောင်းများရှေ့၌ ဇွန် ၆ ရက်နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ရွှေက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်သိမ့်သိမ့်မျိုးက မူးယစ်ဟူသမျှ ဆန့်ကျင်ကြ၊ ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဦးမင်းဟိန်းခန့်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ဇော်ဝင်းအောင်**



## လူငယ်များအထူးကြိုက်နှစ်သက်နေသည့် Y 7 Pro အရောင်သစ် ပြည်တွင်းဈေးကွက်သို့ရောက်ရှိ

ဈေးနှုန်းအသင့်အတင့်ရှိပြီး ကောင်းမွန်သည့် လုပ်ဆောင်ချက်များပါဝင်မှုကြောင့် လူငယ်များကြားရေပန်းစားခဲ့သော Y7 Pro သည် ယခင်က အမည်းနှင့် အပြာရောင် နှစ်ရောင်သာရှိခဲ့သော်လည်း ယခုအခါတွင် ရွှေရောင် အရောင်သစ်ကိုလည်း ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး Y7 Pro 2018 တွင် ၅ ဒသမ ၅ လက်မရှိသည့် မျက်နှာပြင်နှင့် Full View Display ပါဝင်သောကြောင့် ကြည်လင်တောက်ပသည့် ပုံရိပ်များကို ကျယ်ကျယ်ဝန်းဝန်းကြည့်ရှုနိုင်မည်ဖြစ်သည်။ ၈၂ ဒသမ ၅ ရာခိုင်နှုန်းရှိသည့် Screen to Body Ratio ၁၈း၉ ရှိသော ဒီဇိုင်း၊ ၂ ဒသမ ၅၆ မီလီမီတာ သာရှိသော ဘေးပေါင်တို့ကြောင့် ပါးလွှာကျစ်လျစ်ပြီး သယ်ဆောင်ရလွယ်ကူသည့် ဖုန်းတစ်လုံးဖြစ်ကြောင်း သိရသည်။

Y7 Pro 2018 သည် အနောက်ဘက်တွင် 13 MP နှင့် 2 MP ကင်မရာနှစ်လုံးပါဝင်ပြီး Wide Aperture Mode ကြောင့် မိမိရိုက်ကူးချင်သည့် အရာဝတ္ထုကိုသာ ပိုမိုပြတ်သားကြည်လင်စေပြီး တခြားသောပတ်ဝန်းကျင်ရှိ အရာများအား ဝေဝါးစေနိုင်မည်ဖြစ်သည်။ အရှေ့ဘက်တွင် 8MP Selfie Camera ပါပြီး Smart Selfie Toning Flash ပါဝင်သောကြောင့် အလင်းရောင်ကို ချိန်ညှိပေးနိုင်ပြီး အလင်းရောင်အားနည်းနေသည့် အချိန်မှာပင် ကောင်းမွန်သည့် ဓာတ်ပုံများကို ရိုက်ကူးစေနိုင်မှာဖြစ်သည်။

Huawei Y7 Pro တွင် မိုဘိုင်းအင်တာနက်လုပ်ဆောင်ချက်များကို ပိုမိုမြန်ဆန်အောင် ထောက်ပံ့ပေးနိုင်မည့် MSM8937 Chipset ကို အသုံးပြုထားပြီး Android 8.0 + EMUI 8.0 ပါဝင်ကာ နောက်ဆုံး OS လုပ်ဆောင်ချက်များဖြစ်သည့် Pin APP Shortcuts, One Touch Access နှင့် Navigation Dock အစရှိသော လုပ်ဆောင်ချက်များပါဝင်မည်ဖြစ်သည်။

အဆင့်မြင့်ဖုန်းများတွင်သာ ပါဝင်လေ့ရှိသည့် Face Unlock စနစ်လည်း ပါဝင်သောကြောင့် လက်အသုံးပြုရန် မလွယ်ကူသည့် အခြေအနေမျိုးတွင် လွယ်ကူစွာ ဖုန်းဖွင့်နိုင်မည်ဖြစ်ကာ RAM 3GB ESifh ROM 32GB ပါဝင်ပြီး Micro SD 256GB အထိ ထပ်မံထည့်သွင်းနိုင်သောကြောင့် ဓာတ်ပုံနှင့် အခြားအချက်အလက်အများအပြားကို သိမ်းဆည်း နိုင်မည်ဖြစ်သည်။ Multitask Operation နည်းပညာကိုအသုံးပြုပေးထားသည့်အတွက် Game ဆော့ခြင်း နှင့် ဗီဒီယို၊ ဓာတ်ပုံများကြည့်ရှုရာ တွင် ပိုပြီး ချောမွေ့စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တစ်ပြိုင်နက်တည်းတွင် မတူညီသော Bluetooth Device နှစ်ခုအား ဖုန်းတစ်လုံးတည်းဖြင့် ချိတ်ဆက်အသုံးပြုနိုင်သည့် Dual Bluetooth Connectivity နှင့် ဂိမ်းကစားနေသည့်အချိန်တွင် Calls, Alarms and Low Battery Alerts မှလွဲ၍ မလိုအပ်သော သတိပေးချက်များမဝင်အောင်တားဆီးပေးနိုင်မည့် Game Suite, လက်သုံးချောင်းဖြင့် Screenshot ရိုက်ကူးနိုင်သည့် Three Finger Screenshot အစရှိသည့် သုံးစွဲသူများ လွယ်ကူစေမည့် လုပ်ဆောင်ချက်ကောင်းများပါဝင်မည်ဖြစ်သည့် Y7 Pro အား မြန်မာငွေကျပ် ၁၉၉၀၀၀ ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဓာတ်**



## ရုပ်သံဖန်တီးမှုရုပ်ရှင်မှာ ဂျက်စတင်ဘီဘာ ပါဝင်သရုပ်ဆောင်

ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာဟာ ရုပ်သံဖန်တီးမှု ရုပ်ရှင်တစ်ကားမှာ မြားနတ်မောင်တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာ ဖြစ်ပါတယ်။ ဒီအကြောင်းကိုတော့ သူ့ရဲ့ မန်နေဂျာဖြစ်သူ လုခ်ဘရိုင်ယန်က ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး မကြာသေးမီကလည်း ဂျက်စတင်ဘီဘာက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ မြားနတ်မောင်ပုံဆွဲထားတဲ့ ကာတွန်းဓာတ်ပုံတစ်ပုံကို ဖော်ပြခဲ့တာကိုလည်း တွေ့ရကြောင်း ယူအက်စ်ဝိခ်ကလီးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဂျက်စတင်ဘီဘာဟာ "Cupid"လို့ အမည်ရတဲ့ ယင်းရုပ်ရှင်မှာ အသံနဲ့ ပါဝင်သရုပ်ဆောင်ထားတာဖြစ်ပြီး ထုတ်လုပ်ရေးပိုင်းမှာလည်း ပူးပေါင်းပါဝင်ထားတာပါ။ ဒီရုပ်ရှင်ကိုတော့ မစ်သိုစတူဒီယိုနဲ့ ပူးပေါင်းထုတ်လုပ်တာ ဖြစ်ပါတယ်။ ယင်းစတူဒီယိုကို တည်ထောင်ခဲ့သူတွေထဲမှာ ဂျက်စတင်ဘီဘာရဲ့ မန်နေဂျာဖြစ်သူ လုခ်ဘရိုင်ယန်လည်း တစ်ဦးအပါအဝင်ဖြစ်ပါတယ်။

ဒီရုပ်ရှင်မှာ ဂျက်စတင်ဘီဘာ ပါဝင်ဖြစ်တာနဲ့ပတ်သက်ပြီး လုခ်ဘရိုင်ယန်က "ဒီပရောဂျက်ကို ဂျက်စတင်ဘီဘာဆီ စတင်ယူဆောင်လာတော့ ဒီဟာရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ရမှာကို သူ့အနေနဲ့ အတော်လေးစိတ်လှုပ်ရှားနေပါတယ်၊ ကံကောင်းတာကတော့ မြားနတ်မောင်လိုပဲ ဂျက်စတင်ဘီဘာဟာ အချစ်အကြောင်း အတော်လေးသိသူဖြစ်တယ်လေ"လို့ ပြောကြားခဲ့ပါတယ်။

## တေးအယ်လ်ဘမ်သစ်အတွက် BLACK PINK စမ်းသပ်ထုတ်လွှင့်



တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK" ဟာ လတ်တလောမှာတော့ တေးအယ်လ်ဘမ်သစ်အတွက် စမ်းသပ်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်တာအတွင်း ပထမဆုံးအကြိမ် ထုတ်လွှင့်ခြင်းဖြစ်တဲ့ ယင်းတေးအယ်လ်ဘမ်ကိုတော့ ပရိသတ်တွေက စောင့်မျှော်နေတာပါ။ ပြီးခဲ့တဲ့ ဇွန် ၁ ရက်မှာ ထုတ်လွှင့်ခဲ့တဲ့ အစမ်းတေးဗီဒီယိုမှာတော့ တေးအယ်လ်ဘမ်ရဲ့ အမည်ကိုပါ ထုတ်ဖော်ပြသခဲ့တာကို တွေ့ရကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးအယ်လ်ဘမ်ဟာ အဖွဲ့ရဲ့ပထမဆုံးသော မီနီတေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ အမည်ကိုတော့ "SQUARE UP" လို့ ပေးထားပြီး လာမယ့် ဇွန် ၁၅ ရက်မှာ တေးအယ်လ်ဘမ်တစ်ခုလုံး ထုတ်လွှင့်ပေးသွားမှာပါ။ ပြီးခဲ့တဲ့လအတွင်းကလည်း တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းအတွက် တေးဗီဒီယိုရိုက်ကူးနေပြီဖြစ်ကြောင်း ထုတ်ဖော်အသိပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မတိုင်မီ အဖွဲ့ရဲ့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ တေးသီချင်းကတော့ "As If It's Your Last" ဖြစ်ပြီး ယင်းတေးသီချင်းနဲ့ "BLACK PINK"ဟာ အောင်မြင်မှုတွေ ရခဲ့တာကိုလည်း တွေ့ရပါတယ်။

**အေးပြည့် ရေးသားသည်**

## ဆယ်လီနာဂိုမက်ဇ်ရဲ့ ရုပ်ရှင်သစ်အတွက် အဲရစ်နမ်ဇာတ်ဝင်တေး သီဆိုမည်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဆယ်လီနာဂိုမက်ဇ် ပါဝင်သရုပ်ဆောင်ထားတဲ့ *"Hotel Transylvania 3"* ရုပ်ရှင်အတွက် ဇာတ်ဝင်တေးကိုတော့ ကေပေါ့ပ်ကြယ်ပွင့် အဲရစ်နမ်က ပါဝင်သီဆိုပေးသွားမှာ ဖြစ်ပါတယ်။ တေးသီချင်းရဲ့ အမည်ကိုတော့ "Float"လို့ ပေးထားပြီး မကြာမီမှာ စတင်ထုတ်လွှင့်ပေးတော့မှာ ဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



မကြာသေးမီက ပြုလုပ်ခဲ့တဲ့ လော့စ်အိန်ဂျလိစ် ဖျော်ဖြေပွဲမှာ အဲရစ်နမ်က ယင်းတေးသီချင်းကို သူ့ရဲ့ ပရိသတ်တွေအတွက် အစမ်းထုတ်လွှင့်ပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

အမေရိကန်ရုပ်ရှင်တစ်ကားရဲ့ ဇာတ်ဝင် တေးအယ်လ်ဘမ်မှာ ပါဝင်မယ့် ယင်းတေးသီချင်းကိုတော့ မကြာမီမှာ အပြည့်အစုံထုတ်လွှင့်သွားမှာပါ။

ဆယ်လီနာဂိုမက်ဇ်အသံနဲ့ ပါဝင်သရုပ်ဆောင်ထားတဲ့ *"Hotel Transylvania 3"*ဟာ ထိတ်လန့်ဖွယ်ဇာတ်လမ်းတွဲအမျိုးအစားဖြစ်ပြီး 3D ကွန်ပျူတာနည်းပညာနဲ့ ဖန်တီးထားတဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင်တစ်ကားလည်း ဖြစ်ပါတယ်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၇ခုနှစ်(သို့မဟုတ်)၂၀၁၈ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆို အောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) **၂၀၁၈ခုနှစ်**တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၁၈ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၁၈ခုနှစ်၊ ဇွန်လ (၇)** ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၁၈ခုနှစ်၊ ဇူလိုင်လ (၂၆)ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်**နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

ကြော်ငြာ


ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
သား-ဆရာ ဒွေးသူရိန်ဝင်း
အင်္ဂလိပ်စာ သဒ္ဒါ၊ အရေး နှင့် 4 Skills
နှင့်လ(၄/၆/၅)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
4 Skills စိတ်တိုင်းကျစေမည့် သင်ကြားမှုများ
Ph: 01-375970, 0951 72096, 09254541441

Asia Dragon
ချောင်းသာ 12,000/- ငွေဆောင် 12,000/-
09 300 300 70, 09 300 300 90

ရွှေအိုးကြီး
မြဝတီ၊ မဲဆောက်၊ ဘားအံ
Hotel တည်း(Visa) စား/ငြိမ်း (75000)
Gust House (75000)
09421073634, 777636630

အားသစ် ဒုရဲအုပ် (ငြိမ်း) ဝင်ခွင့်ဖွင့်ပြီ
09 500 1599, 09 8632973, 09 450017415

ဦးဃျာဥ်မှူး ဗိုလ်လောင်းဝင်ခွင့်သင်တန်း
DSMA, DSTA, DSA
အင်္ဂလိပ်၊ သင်္ချာ၊ ဇီဝ နှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ
တာမွေ၊ ရွှေပဟိုဆေးရုံရှေ့။ 09-5114804, 09-420042800

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

ကိုမျိုးမင်း
LCD,PLASMA, LED အထူးပြုပြင်ရေး
LCD,PANELS များ ရေမျက်နှာတွန့်ကွာသွားခြင်း
LCD, LED, PANLELS မှန် 32" များ
လဲလှယ်ပေးခြင်းတို့ကို အထူးပြုပြင်ပေးပါသည်။


## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
## ရုံးသုံးပရိဘောဂ ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဗဟိုမြေစာရင်း ဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးပရိဘောဂပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့် ပစ္စည်းနေရာအရောက်ပို့စနစ်ဖြင့် ဝယ်ယူလိုပါသည်။

| ရုံးသုံးပရိဘောဂ | (၆)မျိုး |
|---|---|
| စားပွဲရိုးရိုး(ကျွန်း) (၄'×၂'. ၆"×၂'. ၆") | -(၃)လုံး |
| စားပွဲရိုးရိုး(ကျွန်း) (၂'. ၆"×၂'. ၆") | -(၄၅)လုံး |
| ထိုင်ခုံရိုးရိုး (ကုလားထိုင်) (ကျွန်း)(၁'. ၅"×၁'. ၆"×၁'. ၆") | -(၃)လုံး |
| လက်တင်ပါထိုင်ခုံ (ကုလားထိုင်) (ကျွန်း)(၁'. ၅"×၁'. ၆"×၁'. ၆") | -(၁၅)လုံး |
| ဗီရို (ကျွန်း) (၃'×၁'×၄') | -(၃၀)လုံး |
| ခုတင် (သစ်သား) (၁ယောက်အိပ်) | -(၅၄)လုံး |

၂။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်တွင် တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပြီး ၂၉-၆-၂၀၁၈ရက် ညနေ ၁၆း၃၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။

၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်း မရှိသောတင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့် ပစ္စည်းတစ်ခုချင်း၏အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ရုံးအမှတ်(၁၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၀၁၄**





ပညာရှာ PNY EC
စနစ်သစ်မှာမေးခွန်းပုံစံသစ်နှင့်အတူ
ထူးချွန်စွာအောင်မြင်လိုသော
Repeater များ
အမြန်ဆက်သွယ်ပါ။
09-965055412,09-505 5412,09-764351400



# ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၁၈ -တက္ကသိုလ်ဝင်စာမေးပွဲတွင် အထက (၂)စမ်းချောင်းမှ (ဆစခ-၂၀၆)ဖြင့် ဝင်ရောက်ဖြေဆိုခဲ့သော **မကြည်ဖြူစင်ဝင်း** သည် အမှတ်ပေါင်း (၅၃၆)၊ ဘာသာစုံဂုဏ်ထူး (A11-D)ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဘွားချစ်-ဒေါ်စွဲ့လန်းဆိုင် (ပူတာအိုမြို့)
ချစ်မေမေ-ဒေါ်စွဲ့ခမ်းနွယ်
ဦးကြီး ဦးစောနွဲ့အောင်မျိုးဦး-မေကြီး ဒေါ်စိမ်းဝါ
ဖေကြီး ဦးမြင့်ဆန်း-မေကြီး ဒေါ်စွဲ့ခမ်းမိုးအောင်
ဖေထွေး ဦးဖြိုးဝေကျော်-မေထွေး ဒေါ်စွဲ့အေးနွယ်အောင်
ညီမလေးများ -မစွဲ့သဥ္ဇာဆန်းနှင့် မစွဲ့ရွှန်းလဲ့ဧကရီဖြိုး
" မနောဧကရီ " ကချင်ရိုးရာချည်ထည်ပိုးထည်(မိသားစု)
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

Since 1992 မြင့်မြတ် မျက်မှန်
တန်ဘိုးနည်း- ပစ္စည်းကောင်း Price
• PORSCHE DESIGN
• Steel & Acetate Frame
• Light weigh design
မြင့်မြတ် မှ
ပစ္စည်းမှန် - ဈေးမှန် - နည်းပညာအမှန်ဖြင့်-
Adjustable temples
• Size 54 17 55-17
• Colour Grey Steel
နေ့ချင်းပြီး Urgent ဝယ်ယူနိုင်ပါပြီ ...
CR 39 Organic Lens ဖြင့် ကိုင်းမှန်ပြီးစီး
Distance အဝေးကြည့် - 25000/-
Bi focal အနီး/အဝေးကြည့် - 28000/-
Multi focal အနီး/အဝေး/ ကြားအကွာအဝေးကြည့် Ready - 35000/- Semi - 65000/-
မြင့်မြတ်
မျက်မှန်ဆိုင် ၃၆၂၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၃၇၃၅၀၇၊ ၀၉ ၄၃၂၀၅၅၃၃

THE MOST COMFORTABLE SPRING MATTRESS
GOLDEN EDEN®
SLEEP SOLUTIONS
အိပ်ယာခင်း ၊ စောင် ၊ ခေါင်းအုံး၊ ဖက်လုံး ၊ မွေ့ယာ
Authorized Sole Distributor in Myanmar
Kaday Myaing Co., Ltd
Bldg 31, Rm.no 5, Sabai St,
Near Yuzana Plaza.
Ph: 01 203671, 205756
Imported from Singapore
www.goldenedensleepsolutions.sg

SPECIAL PROMOTION
ပါကေးအခင်းထိုး ကြမ်းခင်း
Since 1996
Home
think of House.. think of Home
လက်ဆောင် ၃ မျိုး
60x60cm
* Grade A,B,C only *
ကြမ်းခင်း ၃ ကျင်း ဝယ်
အလှဆင်မှန် MIRROR (* Stock Limit)
အနားကွပ် အပြီးအစီး T&G SKIRTING
အနားသတ် ဆက်စပ် LATEST ACCESSORIES
မြန်မာတစ်နိုင်ငံလုံး Home ဆိုင်ခွဲပေါင်း (၁၉)ခုတွင် ဝယ်ယူနိုင်ပါသည်
☎ 09-950 950 950
☎ 09-79 700 70 70

မင်္ဂလာပါ
အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ရောဝတီ ညည့်ရိပ်မွန်
အနောက်ပိုင်းဆေးရုံ၊ အရှေ့တော်ဝင်ဆေးရုံ၊ အကယ်ဒမီဆေးရုံ၊ အမျိုးသမီး ဆေးရုံများအနီး ဝန်ဆောင်မှုနှင့် သန့်ရှင်းမှုကောင်း၊ လုံခြုံစိတ်ချရသော Car Parking ရှိဆက်သွယ်သွားလာရေး လွယ်ကူကောင်းမွန်သည်။ SB- 9/10 အလုံလမ်းနှင့် သိပ္ပံလမ်းထောင့် ဆင်မင်းဈေးအနီး၊ အလုံ
Ph 01 2301090 သက်သာသောဈေးနှုန်း
09 73193030 10000/12000
09 93212233 20000/22000 (နံနက်စာပါ)
Wifi Free 25000/27000 (နံနက်စာပါ)
Facebook(ရောဝတီညည့်ရိပ်မွန်)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တော တောင် ပျက် ပြုန်း မြေ ဆီ သည်း ၏



NELC (Nelson English Language Centre) မှ ဦးစီးတည်ထောင်သည်။

ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်အမှတ်- ကကစ ၁၃/၁၂/၀၁၅

# DPS

DPS ကိုယ်ပိုင်မူလတန်းကျောင်း

## KG to Grade-5

အစိုးရသင်ရိုးညွှန်းတမ်းဘာသာရပ်များအပြင်
Cambridge English, Cambridge Science, Art & Craft ,
Computer နှင့် အခြားသောဖွံ့ဖြိုးတိုးတက်ရေးဘာသာရပ်များကို
ထပ်မံပေါင်းထဲ့သင်ကြားပေးနေပြီး အခြေခံကောင်း၍ ဘက်စုံထူးချွန်သော
ကျောင်းသား/သူများအားမွေးထုတ်ပေးနေသည့် DPS-Private School



**DPS Private School** > အမှတ်-၁၁၅၁၊ သီတာလမ်း၊ ၂-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၉၆၀၆၀၄၇၀၀ / ၀၁ ၆၅၀ ၇၆၆ ။

**NPS Private School** > အမှတ်-၉ ၊ ကွက်ပြင် (၃) ၊ ရပ်ကွက်ကြီး(၁) ၊ မြို့ပတ်လမ်း ၊
စက်မှုလက်မှုကျောင်းရှေ့၊ ပြင်ဦးလွင်မြို့။ ဖုန်း - ၀၉ ၇၇၇၆၆၂၉၄၇

**မန္တလာ NPS Private School** > ယ ၁/၂၆၊ လမ်းသွယ်-၂ ၊ မြဝတီမင်းကြီးလမ်း နှင့် ဆင်ဖြူရှင်လမ်းကြား၊
အရှေ့ကျွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၃၄၀၀၀၇၇၇၁ ။

## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်
## အတွက်ကျောင်းအပ်စတင်လက်ခံနေပါပြီ။

www.facebook.com/dpsprivateschoolyangon
www.facebook.com/npsprivateschoolpyinoolwin
www.facebook.com/npsprivateschoolmandalay



Green River COLLEGE



SSG
**Golden Silver Star Co., Ltd.**
NEW OFFICE LOCATION:
19 A SEIN LAE MAY AVENUE STREET
Room (201), GREEN INYA CONDO, just beside
Mercure HOTEL, Kabar Aye Pagoda Road.
PHONE : 95-9-443060024, 95-9-254064376
EMAIL : Att: PETER WAI (peterwai219@gmail.com)

Meet the DIRECTOR Mr. Alvin Tan
of international outreach,
Of GREEN RIVER COLLEGE, Washington State,
at Our new office on June 10th from
13:00 hrs to 15:00hrs

Scholarships are available!!

* Grade10 pass from any international schools
* Matriculation pass ( government)
* IGCSE pass
Are eligible to apply



SUMMER SALE DISCOUNT

ချင်း
မီးသတ်ဆေးဗူး

2018 ခုနှစ်
မေလ 18 ရက်မှ
ဇွန်လ 30 ရက် အထိ
15 % off

Kyaik Waing (Showroom)
01 - 522 830
01 - 522 831
09 - 457 465 272
Aung San Stadium (Showroom)
01 - 39 30 61
01 - 374 373
09 - 457 465 274
Mandalay (Showroom)
02- 40 33 414
02- 40 33 513
09- 457 465 289



1 kg မှ 8 kg ထိ
ပရိုမိုးရှင်းကာလတွင်
ဈေးနှုန်းသက်သာစွာ
မှာယူထားလိုက်ပါ


အောက်ဖော်ပြပါ ပုဂ္ဂိုလ်များမှ ဥပ္ပါဒ်သို့ ဆောက်လုပ်ခွင့်လျှောက်ထားလာသည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများနှင့်တကွ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း ဥပ္ပါဒ်သို့လျှောက်ထားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အမည် | မှတ်ပုံတင် | လိပ်စာ | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် |
|---|---|---|---|---|---|---|
| ၁ | ဦးဝေလင်းနိုင် | ၁၂/ဒဂတ(နိုင်)၀၄၄၄၅၄ | ၉၉၇/ခ၊ သရဖီ(၂)လမ်း၊ ၁၉-ရပ်ကွက်၊ ရွှေပြည်သာ | ၄၇ | ၉၉၇/ခ | ဒေါ်ဝ |
| ၂ | ဦးနေဝင်း | ၁၂/လမန(နိုင်)၁၃၀၂၃၀ | ၂၈ ရှမ်းစု(၂)လမ်း၊ ၁၀-ရပ်ကွက်၊ လှိုင် | ၃၀ | ၄၈ | ဦးဘိုးကွန်း၊ မချစ်မေ |
| ၃ | ဦးချမ်းမြေ့အောင် | ၁၂/လမန(နိုင်)၁၄၇၈၃၂ | ၄၂၂/စီ၊ ဓမ္မာရုံ(၁)လမ်း၊ ၁၁-ရပ်ကွက်၊ လှိုင် | ၃၂ | ၁/ဗ-၃ | ဒေါ်သီတာလှ |
| ၄ | ဦးဟိန်းကိုကို | ၁၂/သဃက(နိုင်)၁၄၂၉၆၄ | ၁၁၉၇/က၊ အတွင်းရွှေခင်းသာလမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတ | ၆/အရှေ့ | ၁၁၉၇ | ဦးမိုးဟိန်း |
| ၅ | ဦးမောင်ဇော် | ၈/မမန(နိုင်)၂၂၂၆၁၇ | ၉၅၇/ခ၊ ဝေဇယန္တာ(၁၃)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတ | ၆/အရှေ့ | ၉၅၇/ခ | ဦးငြိမ်းမောင် |
| ၆ | ဦးချစ်ဆွေ | ၁၄/ကလန(နိုင်)၀၆၄၂၇၅ | ၂၃၄/ခ၊ အောင်စေတနာလမ်း၊ ၁၄-ရပ်ကွက်၊ ရွှေပြည်သာ | ၄၀ | ၂၃၄/ခ | ဒေါ်မြမြဝင်း |
| ၇ | ဦးမိုးဆွေအောင် | ၁၂/မရက(နိုင်)၀၀၀၆၄၈ | ၂၈ သစင်မြိုင်လမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံ | ၄၁၃ | ၃/ဆ | ဦးစမ်းမောင် |
| ၈ | ဒေါ်နိုင်နိုင်ဆက် | ၁၂/ရကန(နိုင်)၀၂၉၁၃၇ | ၅၅၄၊ ပုလဲလမ်း၊ ၃၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၃၆ | ၅၅၄ | ဦးမိုးချစ် |
| ၉ | ဒေါ်ကြည်ကြည်ဦး | ၁/မညန(နိုင်)၀၈၃၁၇၇ | ၂/ခ၊ ဦးအောင်ဇေယျလမ်း၊ ၈-ရပ်ကွက်၊ ရွှေပြည်သာ | ၆ | ၂/ခ | ဒေါ်မာမာခင် |
| ၁၀ | ဒေါ်ဥမ္မာနွယ် | ၁၂/ရပသ(နိုင်)၀၇၄၅၂၆ | ၁၀၄၈/က၊ စကြာ(၁)လမ်း၊ ၁၀-ရပ်ကွက်၊ ရွှေပြည်သာ | ၄၄ | ၁၀၄၈/က | ဒေါ်စန်းကြည် |
| ၁၁ | ဦးဝင်းမောင် | ၁၂/လမန(နိုင်)၀၇၂၈၆၆ | ၃၀/ခ၊ ငုဝါလမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာ | ၂၉ | ၃၀/ခ | ဦးညိမ်းမြင့် |
| ၁၂ | ဒေါ်နန်းထွေးခမ်း | ၁၃/သပန(နိုင်)၀၀၅၇၉၉ | ၂၃၅/က+ခ၊ ဆင်ဖြူမနိုးဖြိုလမ်း၊ ၉-ရပ်ကွက်၊ ရွှေပြည်သာ | ၃ | ၂၃၅/က၊ ၂၃၅/ခ | ဦးသန်း၊ ဒေါ်သိန်းကြည် |
| ၁၃ | ဦးစိုးမြတ်အောင် | ၁၂/ဗဟန(နိုင်)၀၀၅၆၀၈ | ၇၆၃/ခ၊ ရွှေနှင်းဆီ(၅)လမ်း၊ ၄၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၄၉ | ၇၆၃ | ဦးကျော်စိန် |
| ၁၄ | ဒေါ်တင်နု | ၁၂/လမန(နိုင်)၀၃၅၂၄၄ | ၁၀၊ မဟာဆွေ(၂)လမ်း၊ ၁၃-ရပ်ကွက်၊ လှိုင် | ၁၉ | ၄/၁၁-၅၂(က-၁တေ) | ဒေါ်မြနှစ် |
| ၁၅ | ဒေါ်ညိုညိုအေး | ၁၂/မရက(နိုင်)၀၄၂၈၅၄ | ၂၄၊ ဦးအဖိုး(တွင်းပိုင်)လမ်း၊ ၂-ရပ်ကွက်၊ မရမ်းကုန်း | ၁၂/သမိုင်း | ၂ | ညိုမောင်ဘုရားသားကုမ္ပဏီ |
| ၁၆ | ဒေါ်လှလှဝင်း | ၁၃/သပန(နိုင်)၀၀၇၅၆၉ | က/၂၆၊ သီရိမင်္ဂလာလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန် | ၃၉၉-က(ဘော့ကန်) | ၃၂-A | EL ဘက်ကီးယား+၁ |
| ၁၇ | ဒေါ်သန်းသန်းအေး | ၁၂/ရကန(နိုင်)၀၄၁၆၅၇ | ၂၂၂ သစ္စာရိပ်သာလမ်း၊ ၁၂-ရပ်ကွက်၊ ရန်ကင်း | ၃၆/ကံဘဲ့ | ၃၄/ယ | ဒေါ်ခင်ခင်လေး |
| ၁၈ | ဦးတင်ထွဋ်+၁ | ၁၂/မဂတ(နိုင်)၀၂၂၀၃၉ | ၈၂ ဓမ္မာရုံလမ်း၊ ၁၅-ရပ်ကွက်၊ ရန်ကင်း | ၃၇/ကံဘဲ့ | ၈၂ | ကိုဘိုးသန် |
| ၁၉ | ဦးကြည်စိုး | ၁၀/မလမ(နိုင်)၀၂၀၄၁၀ | ၁၄၀၅၊ ရဲဘော်(၁)လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန် | ၃၉၉/က ဘော့ကန် | ၅၅ | E.E မာဝရက် |
| ၂၀ | ဒေါ်ခင်ဝင်း | ၁၂/ဒပန(နိုင်)၀၂၂၅၉၉ | ၃၂ မဟာဗောဓိလမ်းနှင့်မင်းရဲကျော်စွာ(၁၀)လမ်းထောင့်၊ ၃-ရပ်ကွက်၊ လှိုင်သာယာ | ၃ | ၃၂ | ဦးလှစိုး |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


**မြေကွက်များ ဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ ဒဂုံအရှေ့ မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။
ပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
ဖုန်း - ၀၉-၅၀၀၉၄၀၀၅၁
၀၉-၅၀၀၉၄၀၀၅၂



**ရွှေမဟာ**
ဒဂုံမြို့သစ်အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
09 -5106146
09 -775106146

THE CENTRAL

WHERE THE FINEST MEETS

By the INYA LAKE




DEVELOPED BY

MARGA LANDMARK

SCAN TO EXPLORE MORE
ABOUT OUR PROJECT

HOTLINE
+959 777 773 770
/THECENTRALYANGON

PROJECT LOCATION
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

GALLERY SHOWROOM
No. 7-8, Kabar Aye Pagoda Road, Yankin Township, Yangon, Myanmar.
www.thecentral.com.mm

All information contained herein, including but not limited to statements, drawings, designs, illustrations, photographs, visual representations, models, renderings, areas, specifications, dimensions, plans, graphic materials, features and amenities, depictions of the fittings, finishes, features and other displays in the project, buildings or units (the "Materials") are conceptual and are for reference only to portray artistic impression of the lifestyle that our project aims to create and achieve. All areas and dimensions are approximate measurements subject to final survey, construction variances, and approval by the relevant authorities. Any part or all of the Materials are subject to modification, revision, change or withdrawal at the sole discretion of Marga Landmark Development Co., Ltd. ("Marga Landmark") without any prior notice to any person, and should not be relied upon as representations or warranties, whether express or implied, as to the final details of the project, buildings or units, and consequently cannot and should not form part of a binding offer or contract in respect of the project, buildings or units. Only Myanmar citizens or persons having the investor status in Myanmar may invest in this project. Marga Landmark recommends that interested or relevant persons should seek professional advice. Marga Landmark proposes that interested persons should perform on-site due diligence to gain a better understanding of the development site, its surroundings and nearby public facilities. All intellectual property rights relating to the Materials are owned by, and shall remain the exclusive property of Marga Landmark. Any unauthorized dissemination, reproduction, display or usage of any part of the Materials shall be deemed to constitute an infringement of Marga Landmark's rights, and is strictly prohibited.








# နိုင်ငံတကာပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲ

| | | |
|---|---|---|
| Mandalay: 9 June 2018 (Saturday) | 10:00 AM to 1:00 PM | Hilton Mandalay |
| Yangon: 10 June 2018 (Sunday) | 10:00 AM to 4:00 PM | Myanmar Plaza |

- စင်ကာပူကျောင်းလျှောက်သူများအတွက် လေယာဉ်လက်မှတ် အခမဲ့ ချီးမြှင့်ပေးခြင်း၊
- ဝင်ခွင့်စာမေးပွဲကြေး ၅၀% ကင်းလွတ်ခွင့်၊
- RVi Institute မှ ပေးအပ်မည့် ပညာသင်ဆုများ၊
- RVi Institute / RVi Group facebook တွင် စာရင်းပေးသွင်းခြင်းဖြင့် စင်ကာပူ/ ဘန်ကောက်အသွားအပြန် လေယာဉ်လက်မှတ်များ နှင့် Discount ကူပွန်များ ကံစမ်းခွင့်၊
- RVi Institute မှ ပေးအပ်မည့်လက်ဆောင်များ၊
- အလုပ်အကိုင်အခွင့်အလမ်းများ၊

RVi Group RVi INSTITUTE

Organised by: RVi INSTITUTE Developing Management & Education Excellence

စုံစမ်းမေးမြန်းလိုပါက ဖုန်း - 01-536 260, 09-250 006 421, 09-428 657 314, 09-254 711 898


ရတနာသစ်တော ပြည့်သွေး ကြော သစ်တော ရတနာ ထိန်းသိမ်းပါ

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးအောင်သိမ်း(စစ်ကွင်း)

### အသက်(၉၁)နှစ်

**ဦးစီးအရာရှိ(ငြိမ်း)အကောက်ခွန်ဦးစီးဌာန**

ရန်ကုန်တက္ကသိုလ်မြန်မာစာကျောင်းသားဟောင်း ဦးဇော်ဝင်းအောင်(ဒု-အကခမှူး၊ ငြိမ်း)၏ ဖခင် ဦးအောင်သိမ်း(စစ်ကွင်း) အသက်(၉၁)နှစ် သည် ၅-၆-၂၀၁၈ (အင်္ဂါနေ့) ညနေ ၆း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၂-၁၉၈၆၊ မြန်မာစာ**
**ကျောင်းသား၊ ကျောင်းသူဟောင်းများ**
**ရန်ကုန်တက္ကသိုလ်-တောင်ငူဆောင်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါ်အောင်မြင့်ကြည်

### အသက်(၈၈)နှစ်

**(မော်လိုက်မြို့)**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှ တွဲဖက်ပါမောက္ခ-ဌာနမှူး ဒေါက်တာကျော်မိုးမင်း(ကွန်ပျူတာသိပ္ပံပညာဌာန)-ဒေါ်မွန်မွန်စန်း တို့၏ မိခင်၊ ဦးဘပို ၏ ဇနီး သည် ၇-၆-၂၀၁၈ ရက်နေ့ နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာတင်လှိုင် (အုတ်ဖို)

### အသက်(၈၇)နှစ်

**နာယကကြီး-အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)**

နာယကကြီး ဒေါက်တာတင်လှိုင်သည် ၃-၆-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)**

## ဝမ်းနည်းကြေကွဲခြင်း

### ရဲမှူးသန်းဝင်း (ငြိမ်း) အသက် (၇၁) နှစ်

**ဖောင်ကြီး သူရ (၅)**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ မြို့မ (၄) ရပ်ကွက်နေ ဒေါ်ဆင့်ဆင့်၏ခင်ပွန်း ရဲမှူးသန်းဝင်း (ငြိမ်း)သည် ၅-၆-၂၀၁၈ ရက်နေ့ တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဖောင်ကြီး သူရ (၅) ဆင်း သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

### ဦးသန်းနိုင် (၅၈)နှစ်

**(Top ထီရောင်းဝယ်ရေး)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေ(၁)လမ်း၊ အမှတ်(၅၀/က)နေ ဒေါ်ဝါဝါရွှေ ၏ ခင်ပွန်း၊ မောင်ပြည့်ဖြိုးကိုကို ၏ ဖခင် သည် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကြီးမြင့် (ဆည်မြောင်းဦးစီးမှူး)-**
**ဒေါ်အိအိအောင်(ခ)ဒေါ်ခင်အေးဆင့်**

## ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းထွေး အသက် (၅၇) နှစ် (နည်းပြ-မြို့ပြ၊ သံတွဲ၊ တောင်ငူ၊ နတ်မောက်၊ သန်လျင်၊ A.G.T.I -အင်းစိန်၊ B.Sc Phy -Q , Director-Royal Pole Star Ltd , Director-OCE LTD)သည် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Toungoo GTI မှတပည့်များ**
**Ex Students Toungoo GTI**

**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

### ဦးထွန်းကြည် (ခ) ဦးကျော်ထင်

### အသက် (၈၇) နှစ်

**စစ်မှုထမ်းဟောင်း(ငြိမ်း)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ငြိမ်း)**

တောင်ငူမြို့နေ (ဦးပန်းတင်-ဒေါ်ကြွယ်)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၁)လမ်း၊ (၁၄/၁)ရပ်ကွက်၊ အမှတ်(၁/၂)နေ ဒေါ်သိန်းကြည်၏ခင်ပွန်း၊ (ဦးခင်-ဒေါ်ပု)၊ (ဦးကြည်အောင်-ဒေါ်ကျင်မြိုင်)၊ (ဦးလှထွန်း)-ဒေါ်ကျင်အေးတို့၏အစ်ကိုကြီး၊ ဦးစိုးဝင်း-ဒေါ်မြင့်မြင့်ဌေး၊ ဦးစိုးလင်း-ဒေါ်နီနီခိုင်၊ ဦးစိုးမင်း(တိုးတိုးရတနာရွှေဆိုင်)-ဒေါ်ဖြူဖြူအေး၊ (ဦးသိန်းဌေး)-ဒေါ်ကြည်ကြည်သန်းတို့၏ဖခင်၊ မြေး၁၁ယောက်၊ မြစ်၁၈ယောက်တို့၏ဘိုးဘိုးကြီးသည် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၁-၆-၂၀၁၈(တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဗိုလ်ကြီးခင်မောင်ရင် (လေ-၂၀၃၃)

**လ. ပ. ထ -ငြိမ်း၊ အင်ဂျင်နီယာမှူး(ငြိမ်း)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

### အသက် (၇၉) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊ အမှတ်(၂၇၆)နေ ဦးထွန်းရင်-ဒေါ်စိန်ပုတို့၏သား၊ ဦးလူရှင်-ဒေါ်သစ်တို့၏ သားသမက်၊ (ဒေါ်လှဝိုင်း)၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်လင်းအောင်(ခေတ္တ-စင်ကာပူ)-မမိုးမိုးသွင်၊ ကိုကျော်မိုးအောင်၊ မခင်သန္တာမိုးတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မဆောင်းသဇင်သင်း၏ချစ်လှစွာသောအဘိုးသည် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၈ (အင်္ဂါနေ့)နံနက်တွင် ရွှေပေါက်ကံမြို့သစ်၊(၁၇)ရပ်ကွက်၊ အမှတ်(၂၇၆)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဗိုလ်ကြီးနေလင်းထွန်း(ငြိမ်း)

### အသက်(၄၀)

**ဒုတိယညွှန်ကြားရေးမှူး၊ လင်းခေးခရိုင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊နယ်စပ်ရေးရာဝန်ကြီးဌာန**

သူငယ်ချင်း ဗိုလ်ကြီး နေလင်းထွန်း(ငြိမ်း)သည် ၆-၆-၂၀၁၈ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၂)မှ သူငယ်ချင်းများ**

### ဒေါ်သန်းသန်းဝင်း

**J.A.T-ငြိမ်း၊ မိုးကောင်းမြို့၊ ကချင်ပြည်နယ်**

### အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ သယ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၉)လမ်း၊ အပိုင်း(၂)၊ အမှတ်(၁၁၂/ခ)နေ (ဦးတင်မောင်ဝင်း-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ (ဦးသိန်းမောင်-ဒေါ်သန်းခင်)တို့၏ သမီးချွေးမ၊ (ဦးဝင်းအောင်)-ဒေါ်ခင်ခင်ရွှေ၊ ဒေါ်သန်းသန်းညိုတို့၏ညီမ၊ ဦးကျင်မောင်-ဒေါ်မွှေးရီတို့၏အစ်မ၊ ဦးမောင်မောင်သန်း၏ဇနီး၊ မောင်မိုးသက်ကိုကို၊ မဆုအိန္ဒြေလှိုင်တို့၏မွေးသမိခင်ကျေးဇူးရှင်သည် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ (သောကြာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါ နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်မြမြခိုင် (၄၈)နှစ်

**(B.A History , Hons;)**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ရွာ အလယ်ပိုင်းနေ (ဦးမှိန်)-ဒေါ်မြသွင်တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၁၃၀)၊အခန်း(၅/ခ)နှင့် ဗဟန်းမြို့နယ်၊အရှေ့ရွှေဂုံတိုင်လမ်းမ၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်(၃)၊ အခန်း(၁၀၅)၊ ပထမထပ်နေ ဒေါ်ကြူကြူခိုင် (W.H.O)၏ ချစ်လှစွာသော ညီမ၊ မဖြူလေး၊ မောင်မင်းဇော်၊ မောင်အောင်မင်းထက်-မပြည့်မွန်သွင်တို့၏ ချစ်လှစွာသော အစ်မကြီး၊ မမေပွင့်ဖြူ (KBZ Bank)၊ Dr.ကောင်းထက်စိုး၊ မောင်ကောင်းဆက်စိုး တို့၏ ချစ်လှစွာသောအဒေါ်သည်၇-၆-၂၀၁၈(ကြာသပတေးနေ့) နံနက်တွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၈ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (အောင်ချမ်းသာ နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉ နာရီတွင် အောင်ချမ်းသာအိမ်ရာနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဦးသန်းနိုင် (၅၈)နှစ်

**(Top ထီရောင်းဝယ်ရေး)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေ(၁)လမ်း၊ အမှတ်(၅၀/က)နေ ဦးဟန်တိန်-ဒေါ်ခွေးမတို့၏ သား၊ ဦးရဲစိုး-ဒေါ်တင်တင်နွယ်၊ (ဦးမြင့်ဆွေ)-ဒေါ်နန်းလုံး၊ ဒေါ်နွဲ့နွဲ့၊ (ဦးကြီးမြင့်)-ဒေါ်အိအိအောင်၊ (ဦးမင်းအောင်-ဒေါ်သန်းသန်းဌေး)တို့၏ညီ၊ ဒေါ်ဝါဝါရွှေ၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးကိုကို ၏ ဖခင်သည် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ည ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းထွေး

### အသက် (၅၇) နှစ်

**(နည်းပြ-မြို့ပြ၊ သံတွဲ၊ တောင်ငူ၊ နတ်မောက်၊ သန်လျင်)**

**A.G.T.I (အင်းစိန်) B.Sc Phy (Q)**
**(Director-Royal Pole Star Ltd)**
**(Director-OCE LTD)**

ရန်ကုန်မြို့၊ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အမှတ်(၂၃၂)၊ စက်ရုံလမ်းနေ ဦးအောင်သိန်း-ဒေါ်သန်းရွှေတို့၏သမီးကြီး၊ ဦးနေဝင်း၊ဒေါ်ခင်ညွန့်၊ ဦးနေထွန်း(M.E.P.E-ငြိမ်း)-ဒေါ်ခင်မာတိုးတို့၏ညီမ၊ ဒေါက်တာသီတာမိုး (အထူးကုဆရာဝန်ကြီး-ခါတ်မှန်၊ မအူပင်ဆေးရုံကြီး)၊ ဦးဇော်မိုးအောင် (Director Royal Pole Star Ltd)၊ ဦးညီညီထွန်း (Max Energy ,OHS Manager)တို့၏ အစ်မ၊ မောင်ဇော်လင်းထွန်း၊ မသရဖီနေခင်တို့၏ချစ်လှစွာသောအန်တီကြီးသည် ၇-၆-၂၀၁၈ ရက် နံနက် ၁၀း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကု ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးထွန်းထွန်းနိုင် (၅၅)နှစ်

**အထက(၃)တာမွေ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ [ဂျော်ကီ ဦးဘိုးသာ-ဒေါ်လှတင့် (အထက်တန်းသူနာပြု-ငြိမ်း၊ ကျော်ကျော်ပုံနှိပ်တိုက်)]တို့၏ သား၊ (ဦးမုန်း-ဒေါ်လှဆင့်)၊ ဦးစံလှတို့၏တူ၊ (ဦးဝင်းနိုင်)-ဒေါ်နုနုဝင်း (ကမ္ဘာကျော် စောင်လုပ်ငန်း၊ မြစ်ခြေ)တို့၏ ညီ၊ (ဦးအောင်နိုင်)၏ အစ်ကို၊ ဒေါ်မြင့်မြင့်အောင်၊ ဦးခင်တိုး-(ဒေါ်မြင့်မြင့်ခိုင်)၊ ဦးကိုကိုနိုင်-ဒေါ်ဥမ္မာ၊ ဦးဆန်းဝင်းထွန်း-ဒေါ်မေသက်နွယ်၊ ဦးတင်ကျော်ဝင်း-ဒေါ်ပြုံးပြုံးဆင့်၊ မောင်သိန်းနိုင်-မချောကလျာ၊ မလှမိုးခိုင် တို့၏ အစ်ကို၊ ဒေါ်စောစန္ဒာကျော်[တာမွေမြို့နယ်သ/မအသင်း]၏ ခင်ပွန်း၊ မောင်အောင်သီဟ၊ မောင်ဝေယံထွန်း[အထက-၁၊ လသာ]တို့၏ ဖခင်သည် ၆-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၀း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ (သောကြာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (တာမွေ ရာပြည့်ဈေးရှေ့မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### ဦးသန်းထိုက် (၄၈)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၂၄)နေ (ဦးဆန်းထွန်း)-ဒေါ်ခင်စီ (နယူးပုံနှိပ်တိုက်)တို့၏ တူ၊ သားမက်၊ (ဦးဖေရင်)-ဒေါ်ပုစီ တို့၏ သား၊ (ဦးပျော့-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ မောင်မြတ်နိုးကျော်-မမြစိန်စီ၊ မောင်ကောင်းပြည့်စုံတို့၏ ဖခင်၊ (ဒေါ်ခင်ခင်အုန်း)၏ ခင်ပွန်းသည် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍၁၃-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်၇နာရီမှ၁၀နာရီထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်လှလှ (၈၉)နှစ်

**သထုံမြို့**

မော်လမြိုင်မြို့နေ (ဦးဆင်-ဒေါ်စောရင်)တို့၏ သမီး၊ (ဦးစံ-ဒေါ်ကြည်မြိုင်)တို့၏ သမီးချွေးမ၊ သထုံမြို့ဆေးရုံလမ်း၊ အမှတ်(၁၀၇)နေ (ဦးစံကြည်)၏ ချစ်လှစွာသောဇနီး၊ ကရင်ပြည်နယ်၊ ကမမောင်း ကိုးနဝင်းအောင်သိဒ္ဓိကုန်း ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုသလ၏ ရဟန်းမယ်တော်၊ ဦးကြည်လှ(ခ)ဦးဂွန်-ဒေါ်မြင့်မြင့်လှိုင်၊ ဦးသိန်းဝင်း-ဒေါ်ခင်ဥမ္မာရီ၊ ဦးလှရီ-ဒေါ်သန္တာကြည်၊ ဦးစိုးမိုးအောင်-ဒေါ်သဥ္စာကြည်တို့၏ မွေးသမိခင်၊ မြေး ၁၃ ယောက်၊ မြစ်ကိုးယောက် တို့၏အဘွား ဒေါ်လှလှသည် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၈ (တနင်္လာနေ့) ညနေ ၃ နာရီတွင် သထုံမြို့ ကျောက်တန်းသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက်တွင် သံဃာတော်များအား အာရုံဆွမ်းကပ်လှူပြီး ရေစက်ချ တရားတော်နာကြားမည်ဖြစ်ပါသဖြင့် သထုံမြို့ ဆေးရုံလမ်း၊အမှတ်(၁၀၇)နေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

### ဦးထွန်းလှိုင် (ဖားအောက်)

### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅) ရပ်ကွက်၊ လမ်း (၅၀)၊ တိုက် (ဘီ)၊ အခန်း (၄၀၃)၊ လေးလွှာ၊ လမ်း (၅၀) ကွန်ဒိုနေ (ဒေါ်သန်းစိန်) ၏ ခင်ပွန်း၊ ဦးသာအောင်-ဒေါ်မြင့်မြင့်ချိုတို့၏ဖခင်၊ ဦးသန်းထိုက်အောင်-ဒေါ်ငုဝါအောင်၊ ဦးအောင်ကိုကို-ဒေါ်သန္တာဖြူတို့၏အဘိုး၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးသည် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီတွင် အထက်ပါနေ အိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဦးရဲထွဋ် (ကျောက်ပန်းတောင်း)

### အသက် (၆၅) နှစ်

**2nd Engineer**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စုပေါင်း (၂၃)ရပ်ကွက်၊ သစ်ရာပင်လမ်းသွယ်(၃)၊ အမှတ်(၁၂၀)နေ(ဦးတင်ဂျမ်း-ဒေါ်ခင်အိအိ)တို့၏သား၊ (ဦးအေးမောင်ကြည်-ဒေါ်ခင်စိန်)တို့၏သားသမက်၊ ဒေါ်ဆွေဆွေ (ခ) ဒေါ်မာမာ (တရားလွှတ်တော်ရှေ့နေ၊ မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း CEC၊ ဥပဒေအကြံပေး)၏ချစ်လှစွာသောခင်ပွန်း၊ ကိုဟိန်းဇော်ထွဋ်(Oiler Multi-gate Co.,Ltd)၊ မချိုသဇင်ရဲထွဋ်(Recr uitment Coordinator)တို့၏ဖခင်သည် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၇-၆-၂၀၁၈ ရက် နံနက် ၉ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၆-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ဒေါ်ခင်ဟန် (၆၄)နှစ်

**စစ်ဆေးရေးမှူး (ငြိမ်း)၊ သတ္တုတွင်းဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန**

ရန်ကုန်မြို့နေ (ဦးစိန်-ဒေါ်ခင်မေ)တို့၏သမီး၊ မအူပင်မြို့နေ (ဦးချော-ဒေါ်ရီ)တို့၏သမီးချွေးမ၊ မန္တလေးမြို့နေ ဦးကျော်ဌေး-ဒေါ်ရင်ရင်မေတို့၏ အစ်မ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်(၇) လမ်း၊ အမှတ်(၅၂၄)နေ ဦးစောခိုင်(ကုန်းလမ်းပို့ဆောင်ရေး/ မြန်မာ့မီးရထား)၏ဇနီး၊ ကိုနိုင်လင်းဦး(GSP Co.,Ltd)-မကေသီဦး(9 Lights Gems & Jewelry)၊ မနှင်းအိလှိုင်(VJM Co.,Ltd)၊ မောင်စိုးမိုးမင်း(ထပရ-၅၂၅၊ မော်လမြိုင်)-မယုယလင်းသန်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၆-၆-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲတွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ (သောကြာနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၆-၂၀၁၈(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းထွေး (၅၇)နှစ်

**A.G.T.I Civil-1982 (Insein)**
**B.Sc (Physic)**
**မန်နေဂျင်းဒါရိုက်တာ - O.C.E Construction Co.,Ltd.**
**ဒါရိုက်တာ-Royal Pole Star Services Co.,Ltd.**
**နည်းပြ (ETEC/GTI/GTU)(နတ်မောက်/တောင်ငူ/သန်လျင်)**

အမှတ်(၂၃၂)၊ စက်ရုံလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဦးအောင်သိန်း-ဒေါ်သန်းရွှေ တို့၏ သမီး၊ ဦးနေဝင်း-ဒေါ်ခင်ညွန့် တို့၏ ညီမ၊ ဦးနေထွန်း-ဒေါ်ခင်တိုးမာ၊ ဒေါက်တာသီတာမိုး (အထူးကုဆရာဝန်၊ မအူပင်ဆေးရုံကြီး)၊ ဦးဇော်မိုးအောင် (ဒါရိုက်တာ၊ Royal Pole Star Services Co.,Ltd.)တို့၏ အစ်မ၊ မသရဖီနေခင် ၏အဒေါ်သည် ၇-၆-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀း၁၀ နာရီတွင် ရန်ကုန်မြို့၊ SSC အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၆-၂၀၁၈ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

### ကိုမျိုးဆန်း(ခ)မိုဟာမက်အလီ

**B.A (Psychology)**

### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာလမ်းနေ (ဦးထွန်းကြည်)-ဒေါ်ခင်သန်းတို့၏သား၊ ဦးဝင်းဖေဇော် (2nd mate FG, Uniteam Marine)-ဒေါ်ဥမ္မာလွင်၊ Capt:မျိုးထွန်းဇော်(Uniteam marine)၊ ဦးမင်းထိုက် - ဒေါ်အေးအေးခိုင်၊ (ဦးထွန်းထွန်း)-ဒေါ်တင်တင်မြ တို့၏ ညီ/မောင်၊ Dr.စိုးစံ-Dr. ဆွေဇင်အေး၊ မောင်ဥက္ကာမင်းတို့၏အစ်ကို၊ တူ/တူမ ခုနစ်ယောက် တို့၏ ဦးလေး ကိုမျိုးဆန်း(ခ)မိုဟာမက်အလီသည် ၇-၆-၂၀၁၈ ရက် နံနက်၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးစန္ဒီမွတ်စလင်(မ်)ကဗရ်စတာန်၌ ဒါဖနာပြီးစီးပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ကိုရဲနီထွန်း (ဘိုကလေး)

### အသက် (၃၃)နှစ်

**မကွေးဆေးတက္ကသိုလ်**
**ကျောင်းသားဟောင်း**

ဘိုကလေးမြို့နေ (ဦးမောင်ခွင်း-ဒေါ်အေး)၊ (ဦးတိတ်ခင်)-ဒေါ်အုန်းမေတို့၏မြေး၊ရန်ကုန်မြို့၊ အမှတ်(၁၈/၂၂)၊ စီ-၆၊ (၂၃)လမ်း၊ လသာမြို့နယ်နေ ဦးဖုန်းလင်း-ဒေါ်ခင်သန်းဦးတို့၏သား၊ လှိုင်မြို့နယ်နေ ကိုမင်းသူရိန်-မဖြိုးပပတို့၏ညီ၊ကိုကျော်သီဟ(US Embassy)၏အစ်ကို၊ မအိမ့်မျက်ခြယ်ဟန်(KG-အထက-၂၊ စမ်းချောင်း)၏ဦးလေးသည် ၆-၆-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၆-၂၀၁၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတုပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခြင်း

**ပိုးသတ်ဆေးဖြန်းသည့်အခါ -**

- အဝတ်အစားကိုလုံ-ခြုံစွာဝတ်ဆင်ပါ။
- ဦးထုပ်၊ လက်အိတ်၊ နှာခေါင်းစည်း၊ လည်ရှည်ဖိနပ်၊ တစ်ကိုယ် ရေသုံး ကာကွယ်ရေးဝတ်စုံများကို ဝတ်ဆင်ပြီးမှ ဆေးဖြန်းပါ။
- လေတင်အရပ်မှနေ၍ ဆေးမဖျန်းရ။
- ဆေးဖျန်းစဉ် အစားအသောက်မစားရ၊ ကွမ်းမစားရ၊ ဆေးလိပ်မသောက်ရ။
- ဆေးဖျန်းခေါင်းပိတ်နေပါက ပါးစပ်ဖြင့်မမှုတ်ရ။

**ပိုးသတ်ဆေးဖျန်းပြီးလျှင် -**

- မျက်နှာနှင့်လက်များကို ဆပ်ပြာနှင့်စင်ကြယ်စွာ ဆေးကြောပါ။ ရေချိုးပါ။
- တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများကို လျှော်ဖွပ်ပါ။
- ပိုးသတ်ဆေးများကို ကလေးများလက်လှမ်းမမီသောနေရာတွင် သော့ခတ်သိမ်းထားပါ။
- ပိုးသတ်ဆေးဘူးခွံဟောင်းများကို အစားအသောက် မထည့်ရ။ ဆီပုံး၊ ဆန်ပုံးအဖြစ် မသုံးရ။
- အစားအစာများနှင့် ပိုးသတ်ဆေးကို အတူရောနှောမထားရ။

ပိုးသတ်ဆေး အဆိပ်သင့်လျှင် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားပါ။ ပိုးသတ်ဆေးဘူးကိုပါ ဆေးရုံသို့ ယူဆောင်သွားပါ။ ရုတ်တရက် ပိုးသတ်ဆေးအဆိပ်သင့်လျှင် ချက်ချင်းအသက် သေဆုံးနိုင်ပါသည်။ ခန္ဓာကိုယ်ထဲသို့ နည်းနည်းချင်းနှင့် နှစ်ရှည်လများဝင်ပါက သားလျှောခြင်း၊ မျိုးဆက်ပွားကျန်းမာရေး ထိခိုက်ခြင်း၊ ကင်ဆာရောဂါ ဖြစ်ပွားခြင်းအထိ ဖြစ်နိုင်သည်။

သို့ဖြစ်ပါ၍ ပိုးသတ်ဆေးများကို ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျအသုံးပြုကြပါရန်နှင့် ပိုးသတ်ဆေးအဆိပ်သင့်ပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းသွားရောက်၍ ကုသမှုခံယူ ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၇**

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၇ ခုနှစ် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးမူဝါဒ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာနယ်ဇင်းရှင်းလင်းပွဲတွင် သဘာပတိ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာကျော်ဝင်း၊ ကော်မတီအတွင်းရေးမှူး ဦးသန်းအုန်း(မောင်ဇေယျာ)၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဌေးဝင်း (မောင်လင်းရိပ်)၊ ဦးကျော်နိုင် (ထက်မြက်)နှင့် ဦးခင်မောင်စိုး (မောင်သာမည) တို့က ဦးဆောင်ရှင်းလင်းပြောကြားပြီး စာပေပညာရှင်များ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အဖွဲ့လိုက်ရွေးချယ်**

ရှေးဦးစွာ စာနယ်ဇင်းရှင်းလင်းပွဲတွင် သဘာပတိအမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာကျော်ဝင်းက အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီကို ဖွဲ့စည်းခဲ့သည်မှာ အတော်ကြာပြီဖြစ်ပါကြောင်း၊ အမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့၏တာဝန်မှာ စာကောင်းပေမွန်များ၊ အဆင့်မီရေးသားသောစာပေများကို ရွေးချယ်ခြင်းဖြစ်ပါကြောင်း၊ ယခုလို ရွေးချယ်သည့်အခါ အဖွဲ့လိုက်ရွေးချယ်ရခြင်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဤအဖွဲ့၏တာဝန်မှာ အင်မတန်ကြီးပါကြောင်း၊ ဤအဖွဲ့ထဲတွင် ပါဝင်သည့် ပုဂ္ဂိုလ်များသည် တကယ့်စာပေလောကမှ ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ ယခင်က အစိုးရဝန်ထမ်းများ အဖွဲ့ထဲတွင် ပါဝင်ခဲ့သော်လည်း ယခုအမျိုးသားစာပေဆု ရွေးချယ်ရေးအဖွဲ့တွင် တကယ့်ပညာရှင် စာရေးဆရာများ များစွာပါဝင်ပါကြောင်း၊ ထို့ကြောင့် ရွေးချယ်ရေးအဖွဲ့အနေဖြင့်လည်း မူဝါဒများချမှတ်ပြီး ဆုရွေးချယ်သည့်အခါ အများ၏ဆန္ဒသဘောထားအတိုင်းပင် ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် ဆုပေးထိုက်သည်ဟု မိမိတို့ ယုံကြည်သည့် စာပေဆုကို အစည်းအဝေး အကြိမ်ကြိမ်ကျင်းပပြီး ထုတ်ပြန်ကြေညာခဲ့ပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းအုန်း(မောင်ဇေယျာ)က ရှင်းလင်းပြောကြားရာတွင် အမျိုးသားစာပေဆုသည် စာပေပြိုင်ပွဲမဟုတ်ပါကြောင်း၊ တစ်နှစ်တာအတွင်း ထွက်ရှိသည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

## မြောက်ဦးမြို့ ရှစ်သောင်းဘုရားရှိ အာနန္ဒစန္ဒြကျောက်စာအား အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရ



**နေပြည်တော် ဇွန် ၇**

အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ် ကော်မတီ (MOWCAP)၏ အဌမအကြိမ်မြောက် အထွေထွေအစည်းအဝေးကို မေ ၂၉ ရက်မှ ဇွန် ၁ ရက် အထိ ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ တင်သွင်းသော အာနန္ဒစန္ဒြကျောက်စာနှင့် ၁၉၃၄ ခုနှစ်တွင် ရိုက်ကူးခဲ့သော မြဂနိုင်ရုပ်ရှင်တို့အား အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ် စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံရကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ တင်သွင်းသော မှတ်တမ်းအမွေအနှစ်များအနက်မှ နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ မှတ်တမ်းအမွေအနှစ် ၁၀ ခုကို အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ရာ မြန်မာနိုင်ငံမှ နှစ်ခု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နှစ်ခု၊ ကိုရီးယားနိုင်ငံမှ နှစ်ခုနှင့် တူဗလူ၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ဆော်လမွန်ကျွန်းတို့မှ တစ်ခုစီတို့ ရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်အထိ အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်း အမွေအနှစ်ကော်မတီမှ စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့သော မှတ်တမ်းအမွေအနှစ်ပေါင်း ၅၇ ခု ရှိပြီဖြစ်သည်။

စာရင်းတင်သွင်းရာတွင် အသိအမှတ်ပြုသော အရာများမှာ

**စာမျက်နှာ ၇ ကော်လံ ၁ သို့**



မြန်မာ ယူ-၁၉ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။

## မြန်မာ ယူ-၁၉ အသင်း ပြိုင်ပွဲအကြိုခြေစမ်းပွဲများ ထပ်မံကစားမည်

**ရန်ကုန် ဇွန် ၇**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၉ အသင်းသည် ပြိုင်ပွဲမတိုင်မီ ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်ပြီး ယခုလအတွင်း ပြည်ပခြေစမ်းပွဲနှစ်ပွဲ၊ ပြည်တွင်းခြေစမ်းပွဲတစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် တတိယမြောက် ပြည်တွင်းခြေစမ်းပွဲအဖြစ် ဇွန် ၉ ရက်တွင် ပထမတန်းကလပ် မောရဝတီအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြည်တွင်းခြေစမ်းပွဲများအဖြစ် မြန်မာနေရှင်နယ်လိဂ်ကလပ် ရတနာပုံ၊ ဇွဲကပင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားထားရာ နှစ်ပွဲစလုံး ရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၁၆ ရက်တွင် စင်ကာပူနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုရက်ပိုင်းအတွင်း ကစားသမားသစ်အားဖြည့်ခြင်း၊ ကစားသမားအပြောင်းအလဲပြုလုပ်ခြင်းတို့ ပြုလုပ်ခဲ့ပြီး လက်ရှိတွင် ပဏာမကစားသမား ၂၉ ဦးဖြင့် ဖွဲ့စည်းထားကာ MNL ကလပ်အသင်းများမှ ရွေးချယ်ထားသည့် ကစားသမားများမှာ ဇွန် ၁၁ ရက်မှ လာရောက်ပူးပေါင်းမည်ဖြစ်သောကြောင့် ယင်းနောက်ပိုင်းမှ လူစုံလေ့ကျင့်နိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ပြီးခဲ့သည့်နှစ်က ယူ-၁၈ အသင်းတွင် ပါဝင်ခဲ့သည့် တိုက်စစ်မှူး ဝင်းနိုင်ထွန်းနှင့် ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်ကို အားဖြည့်ရွေးချယ်ထားပြီး စင်ကာပူခရီးစဉ်ကို ကစားသမား ၂၅ ဦးဖြင့် သွားရောက်မည်ဖြစ်သည်။

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ)တွင် မလေးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ ဘရူနိုင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုအနေအထားအရ ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းနေပြီး အုပ်စုပထမနေရာအတွက် မလေးရှားအသင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**




# ဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆန်းဝင်း

## နိုင်ငံကျော် ရွှေထက်

စိန်ရွှေရတနာဆိုင်

ဆိုင်အမှတ် (၇) အား

လမ်းမတော်မြို့နယ် ၊မဟာဗန္ဓုလလမ်းနှင့် ၁၄ လမ်းထောင့်၊ ရန်ကုန်မြို့တွင်

အောင်မြင်စွာဖွင့်လှစ်နိုင်သောကြောင့် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း

ဥက္ကဋ္ဌနှင့်မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း

အလုပ်အမှုဆောင်အဖွဲ့

---

သင် ! အိမ်ခြံမြေ ရောင်း/ဝယ်/ငှား နှင့် ပတ်သက်နေလျှင် ဝင်ရောက်ကြည့်ရှုလိုက်ပါ။

11 သိန်းတန် iphone7+ ကံစမ်းမဲရှိတယ်နော်

**homemyan.com**

အိမ်/ခြံ/မြေ/တိုက်ခန်း/အဆောက်/ဂိုဒေါင် ရောင်း/ဝယ်/ငှား`` FREE ကြော်ငြာ´´ WEBSITE

Operated by SHOWA

---

**WISE College** abe Accredited Centre

စစ်မှန်သောပညာရေးကို မြတ်နိုးတန်ဖိုးထားတတ်သောကျောင်းသားကျောင်းသူများ၊ လုပ်ငန်းရှင်များစီမံအုပ်ချုပ်သူများ တက်ရောက်ရန်ရည်ရွယ်၍ ဘာသာအမခံချက်လည်းအပြည့်အဝရှိပြီး နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသော အင်္ဂလန်အစိုးရအသိအမှတ်ပြု abe(UK) Level - 5 & Level - 6 Diploma in Business Management သင်တန်းများကို သင်တန်းကြေးသက်သာစွာတက်ရောက်နိုင်ရန်စီစဉ်ထားပါသည်။

Room(1009A/B), 10th Floor, Yuzana Tower, Shwe Gone Dine, Bahan Tsp. Tel : 09 25572 3388, 09 4211 54862.

Enroll Now! up to 75% Off JUN 2018

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

တွန်းဇံမြို့နေ ဦးကျင့်ဇမန်၏သမီးဖြစ်သူ ဒေါ်ကျိန်လမ့်ညောင် [၄/တဇန(နိုင်)၀၀၂၃၈၉] နှင့် လျာကျိန်လမ့်ညောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ကျိန်လမ့်ညောင်(ခ)လျာကျိန်လမ့်ညောင်**

---

### အမည်ပြောင်း

မရမ်းကုန်းမြို့နယ်၊ အမက (၁၃) ဒုတိယတန်းမှ ဦးအေးမင်းအောင် [၁၂/မရက(နိုင်)၁၅၀၆၉၀]၏ သား မောင်ဟိန်းထက်အောင်အား မောင်ဟိန်းမင်းမြတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းမင်းမြတ်**

---

**ဓော်ဘွားလေးမိုလ်မိုလ်မောင်ကုမ္ပဏီလီမိတက်မှ**

အဆင့်မြင့် ဓာတ်ဘလိတ်စားသွားဆွဲကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊

(နင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။

Ph: 01-545531, 09-73058161, 09-795008161

HOTLINE : 09-5008161

---

**ထိပ်တန်း**

အိမ်ပြောင်း / အိမ်ရှာလုပ်ငန်း

မြို့တွင်း / နယ်ဝေး

09-254256969

09-971322259

---

**နေလိမ်း** အာဆီကျစိုက်ချပ်လိုသူများ

**မိုက်** ချပ်လိမ်းဆေး၊

အာဆီကျသောက်ဆေး

ရန်ကုန်တိုင်းရင်းဆေးအရောင်းဆိုင်များ၀၁ ၂၀၀၄၉၁၊ ၀၉ ၅၀၄၁ ၂၃၈။

မန္တလေး၊ အောင်သုခ၊ သဇင်ရုံ (မြေညီ)၀၉ ၈၇၅၅၅၇၇၅၅၅။

---

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ် (၃၁)၊ (၁) ခန်းတွဲ (၆) ထပ်အဆောက်အအုံ၏ ဆဋ္ဌမထပ်၊ (၆) လွှာ အခန်း ဧရိယာ ပေ (၃၃×၅၀)ရှိ တိုက်ခန်းနှင့် ၎င်း ၆-လွှာတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဦးဝင်းဖေ [၁၂/လမတ(နိုင်)၀၃၃၂၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဲနုဝင်း [၁၂/ဥကမ(ပြု)၀၀၀၀၈၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးသူရဝင်း B.A, B.Sc (Hons), PGDL, DBL (Credit), WIPO (Swit)**

**အထက်တန်းရှေ့နေ (စဉ်-၄၉၄၂၅)**

**အမှတ် ၂၇၊ အောင်သပြေအရှေ့ (၁) လမ်း၊ (၇) အရှေ့ရပ်ကွက်၊**

**သာကေတမြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

---

**BOSS အဆင့်မြင့် ပါကေးအရောင်းခန်းမ**

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ ဗွီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁-)အမှတ်(၂၈၁)၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေး၊ ဗဟန်းမြို့နယ်။

Ph: 01-8603151, 01-8603389, 09-8626261, 09-5426261, 09-73152381

အရောင်းခန်းမ(၂) - တိုက်(အေ-၂)၊ အခန်း(၀၀၄)၊ ယုဇနပလာဇာဘေး၊ အောင်မင်္ဂလာမှတ်တိုင်အနီး၊ ဗညားဒလလမ်း။

Ph: 09-5425251, 09-73225484

အရောင်းခန်းမ(၃) - အမှတ်(၂၄၈)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရေနံဆောင်ဘဏ်ဘေး၊ တာမွေမြို့နယ်။

Ph: 09-5076661, 09-5076662, 09-5076663

---

**★STAR★**

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

Ph:09-43088052

09-260660405

09-421067330

